MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၃၊ အမှတ်(၄)၊ ၂၀၁၆ ခုနှစ် (အောက်တိုဘာ-နိုဝင်ဘာ-ဒီဇင်ဘာ)




MYANMAR CSO
CENTRAL STATISTICAL ORGANIZATION


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၃၊ အမှတ်(၄)၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ- နိုဝင်ဘာ - ဒီဇင်ဘာ

## rmwdum


| | | |
|---|---|---|
| **uAsmu@** | | |
| EShkwfcGef;qufpum; | *sLeD;m | 1 |
| **aqmif;yg;u@** | | |
| pm&if;t if;t csuft vuf&mS;ykHk&nft ao;jrif;ynfrS;efrmbvrl b0y&kdvS | a'gufwm0g0armif | 2 |
| jrefrmEkdif;kdukDbk&mu@ twufxaGk&muf;pmjyjyif;ajymif;fvay;rnfh 0ya'opf | armif#Dm | 6 |
| t ajccHp&if;rSef;ue&;0&kf0ef;fud;yrf;ay; | xif;t mif;Zmf | 9 |
| ueH;awmfvHk;aSmhkf;cuf&m; | nDD | 11 |
| pD;m;a&;jyjyif;ajymif;fvrES;fu;d&v'ft eD;a0; | apmEkdf (t okdabm*aA') | 13 |
| uk0b , fjrS;fwif;a&;twuft a&;yaomaxmufyHhkqif;l | oefjrif;0 | 16 |
| t rm;ykHkukDD;m;ESifrefmjynf | armif#Dm | 20 |
| a&&Sf0tqufjywfzHkwfwufltwuf2030 vkjefpf0ESfcifta&; | a'gufwmcDkdif; | 24 |

| | | |
|---|---|---|
| r [mracjia'owifpDm;a&;v ijrefpmzdkYrlt wuft xlpDm;a&;Zkdrsm; | a'gufwmyifvkH t ; | 26 |
| b0taxax (3) | ausmfef (ñefum;a&;rS Sid) | 30 |
| jrefmaexkdrlpfwrf(MLCS)ESifhlxlj cm;cm;ajymif;vrlrsm; | 0if0if0g | 35 |
| uav;rsm; tem*wf zkd;zkd;0efun ID m;xkwfpk | r , kpuf) | 39 |
| c;quf jywfvuf qifurf ynfolYwuf ar(m&nfes..... EkdifNHexfrf | a'gufwmOrf@vif | 42 |
| roepf rf olrsm;\ vrl b0zkdwfwkdvuf &eftwuf Disabilities Statistics | apm , kif | 45 |
| Xmewifr Sfwrf cefrS nf armf uefwkdf qDkY | pefoDm(armf uefwkdf) | 49 |
| armf uefwkdf[ bnfrS | jzLjym0if(armf uefwkdf) | 52 |
| armf uefwkdwifrSfwrf^armf uefrsm;ukd brkdf &wemrsm; tjzpf xefforf xm;&jSif | an mif uefukdt mif | 55 |
| rlumraDyufm;vmrnfjrefrmEkdifH0ya'a&;&m owif t cuft vuf 0eftqmifrlpepf | oifwefom;wpf0D | 59 |
| w½kfjynfolYrwEkdifHzkdwfwkdvuf t wk,p&m tawYukH m; | an mif wkdf | 62 |

# ykHESdyfrSwfwrf;

| | | |
|---|---|---|
| rsufESmzHk;yHkESdyf | - | pDpOfol |
| twGif;yHkESdyf | - | [efrif;ESdyf |
| pmrlcGifhjyKcsuftrSwf | - | 5300070114 |
| xkwfa0ol | - | OD;Dif |
| | | ñefrm;a&;rSL;(okwoEÅmESifh pDrHa&;Xme) |
| | | A[kodkm&ifwdkif;tif;zU |
| | | pDrHudef;ESifh@ma&;0efwD;Xme/ |
| yHkESdyfol | - | OD;Dwf ef;aumif |
| | | aumrwpfpf*me , ykHESdyfwdkuf(r-09744) |
| | | r*vmawmifñefYrdkU, ygs&efukef;rdkU |
| taD& | - | 500 |
| wefzdk; | - | |

# နှလုံးသားနှင့်ရင်း၍



နေပူမရှောင် မိုးမှောင်လည်းမမှု
ငွေနှင်းမှုန်အံ့တုပါလို့
ဟိုတစ်စုသည်တစ်ခုနဲ့
တို့တွေစာရင်းပြုစုနေကြတယ်-----------

ရွှံ့ဗွက်ကိုလည်း နင်းရဲ့
မြက်ရိုင်းတောကိုလည်း ဖြတ်ခဲ့
ချောင်းကိုလည်း ကျော်
မြစ်ကိုလည်း ဖြတ်လို့
ချွေးစက်များနဲ့ တို့ မျက်နှာ
အပြုံးတွေတော့ ဝေဖြာနေတယ် -----------

တစ်အိမ်တက်ဆင်း မေးရင်းနဲ့
စာရင်းပြုလူမှုစီးပွားအခြေအနေ
အမှန်တွေရဖို့တို့ကြိုးစားတာ
မြန်မာနေထိုင်မှုအခြေအနေ
စစ်တမ်းအတွက်ပါ----------
အချက်အလက်မှန်ဖို့က အဓိက
တို့တွေပင်ပန်းတာ ပဓာနမဟုတ်
ရွာကအခြေအနေမြို့နေ လူထုလည်းပါ
စာရင်းသာအမှန်ရရင်ဖြင့်
တို့ပင်ပန်းတာ တကယ်ပျောက်တာပေ့ါ------

ကိုယ်ကျိုးမဖက်အမြတ်လည်းမရှာ
တိုင်းပြည်မှာလိုနေတဲ့စာရင်း
တို့ချွေးစက်တွေနဲ့အသက်သွင်းလို့
နှလုံးသားနဲ့ ရင်းကြပါသည်
လူမှုဘဝတွေလှစေဖို့-----------

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း အား သွန်ခွန်စိုက်ကြိုးစားနေကြသော ဗဟိုစာရင်းအင်းအဖွဲ့ မိသားစုဝင်များအား ဤကဗျာဖြင့် ဂုဏ်ပြုအပ်ပါသည်။

ဂျူနီယာ




# တရင်းအင်းအချက်အလက်များ

## ပိုမိုအရည်အသွေးမြင့်ပါမှ

## မြန်မာ့လူမှုဘဝပိုချောလှ

**Better Data, Better Statistics can lead to Better Lives of Myanmar People**

| ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ) |

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ အခြေအနေအလိုက် မိမိနိုင်ငံနှင့် လိုက်လျော ညီထွေရှိသည့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ချမှတ်ကျင့်သုံး ဆောင်ရွက် လျက်ရှိကြသော်လည်း တစ်ခုတည်းသော တူညီသည့် ရည်မှန်းချက်မှာ မိမိနိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ပင်ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ရာမှာသော် လည်းကောင်း၊ လက်တွေ့ကျသည့် စီမံကိန်းများရေးဆွဲရာမှာသော်လည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်း ခိုင်မာသည့် အခြေခံစာရင်းအင်း အချက်အလက်များသည် အလွန်အရေးကြီးကြောင်း ကိုလည်း နိုင်ငံအားလုံးမှ ယုံကြည်လက်ခံထားပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတိုင်းလိုလို က စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင် ရွက်လျက်ရှိပါသည်။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်းသည်ရှားပါးသော သယံဇာတ ခွဲဝေမှုများအား မှားယွင်းစေနိုင်ခြင်း၊ မူဝါဒ ဆုံးဖြတ်ချက်များအား မှားယွင်းစေနိုင်သည့်အတွက်ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍စာရင်းအင်း မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှု မရှိပါက ထို့ထက် ပိုမိုကုန်ကျစရိတ်ကြီးမားသည့် မှားယွင်းသည့် မူဝါဒများနှင့် အကောင်အထည်ဖော်မှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ပညာရှင်များက ဆိုကြသည်။

အလားတူပင် မြန်မာနိုင်ငံတွင် စာရင်းအင်း အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချိန်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအနေနှင့် စာရင်းအင်း အရည်အသွေး ပြည့်ဝမှု မြှင့်တင်နိုင်ရေးကို ပိုမိုအားကောင်းလာစေမည့်စာရင်းအင်းဥပဒေအသစ်(မူကြမ်း)ကိုလည်းပြင်ဆင်ရေးဆွဲခဲ့ပြီး လွှတ်တော်သို့တင်ပြထားပြီး ဖြစ်ပါသည်။ ထို့အပြင် စာရင်းအင်းမူဝါဒ အနှစ်ချုပ် (Statistical Policy Brief) နှင့်စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NSDS)ကိုလည်း ရေးဆွဲကာ စတင် အကောင်အထည်ဖော်ဆောင်နေပြီ ဖြစ်သည့်အတွက် တရားဝင်စာရင်းအင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည် ဖြစ်ပါသည်။

အမျိုးသားအဆင့်တွင် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ နာယကအဖြစ် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်သည့်စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး ကော်မတီအား ၂၀၁၆ ခုနှစ် ဧပြီလတွင်ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကော်မတီအောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ စီးပွားရေး ဝန်ကြီးများအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်များတွင်လည်း ကော်မတီများ ဖွဲ့စည်းပြီး ဗဟို နှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက်ပူးပေါင်းမှု (Vertical Cooperation) အား ဆောင်ရွက်ရန်ဖြစ်ပါသည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) အကောင်အထည်ဖော်ရေးအတွက် စာရင်းအင်း နယ်ပယ်အလိုက် NSDS လုပ်ငန်းအဖွဲ့ (၈) ဖွဲ့ပါဝင်ပြီး စာရင်းအင်း အချက်အလက်များ အရည်အသွေး ပြည့်ဝစေရေးအတွက် အလျားလိုက်ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်း ယန္တယား (Horizontal Cooperation) အား ထူထောင်ဆောင်ရွက်ကာ ဗဟိုစာရင်းအဖွဲ့မှ အတွင်းရေးမှူးရုံးအဖြစ်ဆောင်ရွက်လျှက်ရှိသည်။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် "စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်ရေးနှင့်အရည်အသွေး ပြည့်ဝရေး"မှာအလွန်အရေးပါပါသည်။ သို့ဖြစ်ပါ၍စာရင်းအင်း အရည်အသွေးပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ်ပြည့်စုံတိကျမှန်ကန်စေရေးအတွက်လူမှု-စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်မည့်အရည်အသွေးရှိသည့်မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ်ပေါ် ပေါက်လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားစာရင်းအင်းဆိုင်ရာ မူဝါဒတစ်ရပ်လည်း ဖြစ်ပါသည်။ အမျိုးသား စာရင်းအင်းစနစ်ဆိုသည်မှာ တရားဝင် စာရင်းအင်းများ (Official Statistics) ကိုပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြသောစနစ်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သည့် စာရင်းအင်း အချုပ်ပင်ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့်စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါသည်။

နိုင်ငံဖွံ့ဖြိုးစေဖို့ အခြေခံဖြစ်သည့် စာရင်းအင်း

များ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော ခိုင်မာသော စာရင်းအင်းများ ဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏ လက်ရှိ ဖြစ်ပေါ်နေသော စီးပွားရေး လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်းအချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းရန်လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင်ဆောင်ရွက်သည့်နေရာတွင်လည်း အရည်အသွေးရှိသော စာရင်းအင်းများသည် မရှိမဖြစ် အရေးပါသကဲ့သို့ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ကဏ္ဍများ၊ နေရာဒေသများ၊ ဦးစားပေးအဖြစ် ရှာဖွေဖော်ထုတ်ရန်လည်း အလွန်အရေးပါ ပါ သည်။

သို့ဖြစ်ပါ၍ "စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး"အတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည် ဖြစ်ပြီး ထိုသို့ ပြည့်စုံစေရန်အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်းစသည့်လုပ်ငန်းစဉ်များအား ထိရောက်၍ စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်ရန်လိုအပ်ပါသည်။ စာရင်းအင်း အခြေခံသဘောတရားနှင့် နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူပုံနှင့် တိကျမှန်ကန် မှုမှာ အရည်အသွေးရှိသော ကိန်းဂဏန်းများ ရရှိစေရေး အတွက် အဓိကကျပေသည်။

မိမိတို့ နိုင်ငံအနေနှင့် အခြားနိုင်ငံများ နည်းတူ စာရင်းအင်းနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချက်အလက်များ ရရှိစေရန်စစ်တမ်း (Survey)များ ကောက်ခံဖို့လိုအပ်သလို ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှု မှတ်တမ်းများပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ် အချက်အလက်များပါ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးပါပါသည်။ အများအားဖြင့် စာရင်း အင်းများ စနစ်တကျစုစည်းရေးသွင်းမှတ်သားခြင်း ကိစ္စရပ်အား အပိုအလုပ်သဖွယ်ထင်မြင်နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များအား ပယ်ဖျောက်ပြီး မိမိ တို့ လူ့အဖွဲ့အစည်းအနေဖြင့်ဆန်းစစ်မှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာအသိပညာ (Statistical Literacy) ကိုဌာနဆိုင်ရာများမှာ သာမက အများပြည်သူနှင့်ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများအကြားမှာပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်းကြောင့် စာရင်းအင်းဆိုင်ရာရင်းနှီးမြှုပ်နှံမှုကိုအချိန်၊ ငွေကြေး နှင့် လူ အင်အားစသည့် အကန့်အသတ်နှင့် တည်ရှိသည့် ရင်းမြစ်များအကြား တတ်နိုင်သမျှရင်းနှီးမြှုပ်နှံကာအထိရောက်ဆုံး အသုံးချနိုင်ရေးမှာ အရေးကြီးပါသည်။ သို့မဟုတ်ပါက လက်တွေ့ကျသည့် မူဝါဒနှင့် စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်အတွက် ပိုမိုတိကျ မှန်ကန်သည့်စာရင်းအင်းများ ရရှိနိုင်ရေးအပေါ် သက်ရောက်မှုရှိနိုင်ပြီး ပို၍ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စာရင်းအင်းဆိုင်ရာရင်းနှီးမြှုပ်နှံမှု၏ ရလဒ်ပြန်ရချက်မှာလည်း ကြီးမားပါသည်။

မြန်မာပြည်သူတို့၏ လူနေမှုဘဝကိုမြှင့်တင်ပေးနိုင်မည့် ပိုမို ကောင်းမွန်သော စာရင်းအင်းများ ထုတ်ပြန်ခြင်းနှင့် အသုံးပြုခြင်းအတွက် အစိုးရဌာနအသီးသီး အနေဖြင့်မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာဖို့တွန်းအားပေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေ သနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှု အဖွဲ့အစည်း နှင့် သတင်းမီဒီယာများ အားလုံး Stakeholder အဖြစ် ပူးပေါင်း ပါဝင်ရန်လိုအပ်ပါသည်။ စာရင်းအင်းကဏ္ဍတိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်တွင်မြန်မာနိုင်ငံ၌ လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်း ကောက်ခံခဲ့သလို လုပ်သားအင်အားစု စစ်တမ်းလည်း ကောက်ခံခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ခဲ့သည့် မြန်မာစီးပွားရေးလုပ်ငန်းများ စစ်တမ်း (Myanmar Business Survey-2015) အစီရင်ခံစာလည်း ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် မကြာမီတွင် ထုတ်ပြန်တော့မည် ဖြစ်သကဲ့သို့ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း ( Myanmar Living Condition Survey) ကိုလည်း ယခုလကုန်တွင်စတင်ကောက်ယူတော့မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေး ပြည့်ဝသော




စာရင်းအင်းများ ဖွံ့ဖြိုးရေးအတွက်မြန်မာနိုင်ငံအတွက် စိတ်လှုပ်ရှားဖွယ် အချိန်တစ်ခုဖြစ်နေပါသည်။

မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာရင်းအင်း အချက်အလက်များအား အင်တာနက်ရရှိနိုင်သည့် မည်သည့်နေရာမှမဆို သိရှိနိုင်ရန်အတွက် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)အကူအညီနှင့် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် (Myanmar Statistical Inform ation Service - MMSIS ) (www.mmsis.gov.mm) website အသစ်ကိုလည်း ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်ဖြင့် ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၂၀ ရက်နေ့တွင် လွှင့်တင်နိုင်ခဲ့ပါသည်။ အဆိုပါ website ကို သုတေသနပြုသူများနှင့် အခြားသော လိုအပ်သူများ အနေဖြင့် အသုံးချနိုင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍတွင်အောင်မြင်မှုများ ဖြစ်ပေါ်လာရန်အတွက် စီမံချက်များအား အကောင်အထည်ဖော်နိုင်ရန် UNICEF,UNDP,ILO,EU,IMF နှင့် UNFPA စသည့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ အကူအညီထောက်ပံ့မှုများကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ "စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ မြန်မာ့လူမှုဘဝ ပို၍လှ"ဟူသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်း စနစ်အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ လူမှု စီးပွားသုတေသန ဆောင်ရွက်သူများ စသည်ဖြင့် အားလုံး အတွက်ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒ ထည့်သွင်းစဉ်းစားရန်အချက်များအား ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ကောင်းမွန်သည့်အကျိုးဆက်များ ရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် အချက်ပြမည့်စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာ ကိုယ်စားလှယ်များနှင့်အတူ ဗဟိုစာရင်းအင်းအဖွဲ့ အနေဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားပြီး တိုးတက်မှုများ ဆက်လက်တည်တံ့စေရန် အရှိန်အဟုန်မြှင့်ပြီး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




# မြန်မာ့ကုမ္ပဏီဆိုင်ရာကဏ္ဍအတွက် ထိရောက်စွာ ပြုပြင်ပြောင်းလဲပေးမည့် ဥပဒေသစ်

| မောင်ငိုကာ |

မြန်မာနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာစေရန် သိသာထင်ရှားသည့် စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် ပြုပြင်ပြောင်းလဲမှုများအား တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ရာမှာ အထောက်အကူပြုစေမည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရန်လည်း အချိန် သင့်ပြီ ဖြစ်ပါသည်။ ဒေသတွင်းမှာရှိသော ပတ်ဝန်းကျင် နိုင်ငံများတွင် ကုမ္ပဏီဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ပြီးသည့်နောက် သိသာထင်ရှားသော စီးပွားရေး တိုးတက်လာမှုများ ပေါ်ထွက်လာခဲ့သည်ကိုလည်း တွေ့ခဲ့ရပြီးဖြစ်ပါသည်။ အဲဒီလို ကုမ္ပဏီဥပဒေကို ပြုပြင် ပြောင်းလဲသည့်အခါ ကုမ္ပဏီ

လွယ်လွယ်ကူကူ ထူထောင်နိုင်ရန်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အပေါ် သက်ရောက် နေသော ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျှော့ချပေးရန်၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုအား ကောင်းလာစေရန်နှင့် ကုမ္ပဏီ၏ ရှယ်ယာများကိုစီမံခန့်ခွဲ သည့်အခါပြောင်းလွယ်ပြင်လွယ်ရှိစေရန် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဤဆောင်ရွက်ချက်များ တွင် စီးပွားရေးလုပ်ငန်းတစ်ခုလွယ်လွယ်ကူကူစတင် ထူထောင်လုပ်ကိုင်နိုင်ရန်၊ စွန့်စားတီထွင်လုပ်ကိုင်မှုများ ကိုထောက်ကူပေးရန်နှင့် ပုဂ္ဂလိကကဏ္ဍကို အားကောင်း မောင်းသန် ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ဆောင်ရွက်ခဲ့ သည်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးဆဲဖြစ်သည့် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေသည် သက်တမ်းရာကျော်ခဲ့ပြီဖြစ်ပါသည်။ ဤဥပဒေသည် ဒေသတွင်းမှာရှိသော စင်္ကာပူ၊ မလေးရှား၊ ဟောင်ကောင်စသည့်နိုင်ငံများတွင် ကျင့်သုံးနေသည့်ကုမ္ပဏီ ဥပဒေများနှင့် အခြေခံဝိသေသခြင်း တူညီမှုများစွာရှိကြောင်း တွေ့ရပါသည်။ သို့ပါသော်လည်း မြန်မာနိုင်ငံ၏ ဥပဒေတွင်ပါရှိသော ပြဋ္ဌာန်းချက်အချို့သည် ၁၉ ရာစုအချိန်က စီးပွားရေးဝန်းကျင်အတွက် ရေးဆွဲခဲ့ခြင်းဖြစ်သောကြောင့် များစွာခေတ်နောက်ကျနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ဥပဒေလိုလားချက်များ ပါရှိနေသည်ကိုတွေ့ရပါသည်။ ဤကဲ့သို့ လိုလားချက်များ တွင်ကုမ္ပဏီ၏ နာမည် ပြောင်းလိုလျှင် သမ္မတထံမှ အတည်ပြုချက်ရယူရခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက် ပြောင်းလိုလျှင် တရားရုံး၏ အတည်ပြုချက်ရယူရခြင်းစသည်တို့ ပါဝင်နေပြန်ပါသည်။

မြန်မာနိုင်ငံ၏ ကုမ္ပဏီအက်ဥပဒေနှင့် ဆင်တူသော အခြားနိုင်ငံများသည်၎င်းတို့၏ ကုမ္ပဏီဥပဒေများကို ခေတ်မီစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေနှင့် ကိုက်ညီစေရန်နိုးနိုးကြားကြား ပြုပြင်ပြောင်းလဲထားခဲ့ကြပြီး ဖြစ်ပါသည်။ ကုမ္ပဏီဥပဒေများအား ထဲထဲဝင်ဝင် ပြုပြင်ပြောင်းလဲမှုများသည် ပြီးခဲ့သည့် နှစ်အနည်းငယ်ကတည်းက အရှိန်ရထားပြီး ဖြစ်ပါသည်။ စင်္ကာပူ နိုင်ငံ၏ကုမ္ပဏီအက်ဥပဒေအသစ်ကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ဟောင်ကောင်ကလည်း ကုမ္ပဏီဆိုင်ရာဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်အပြင် မလေးရှားနိုင်ငံကလည်း လွန်ခဲ့သော လအနည်းငယ်အတွင်းက ကုမ္ပဏီအက်ဥပဒေသစ်ကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပါသည်။ ဤ ဥပဒေသစ်များ၏ အဓိက ပြောင်းလဲချက်များသည် ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံ အစရှိသည့် ဥပဒေကျောရိုး တူညီသောနိုင်ငံများတွင် ကျင့်သုံးခဲ့သည့် စမ်းသပ်ကျင့်သုံးဆောင်ရွက်မှု အယူအဆအရ ဖြစ်ပေါ်လာခဲ့သော အတွေ့အကြုံနှင့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များကို အခြေခံဆောင်ရွက်ထားကြကြောင်းလည်း တွေ့ရပါသည်။

ထိုနည်းတူမြန်မာနိုင်ငံအနေနှင့်လည်း ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံစီးပွားရေး ကဏ္ဍစုံတွင် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် အတွက် အလားတူ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုကို စတင်တော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(မူကြမ်း)ကို နိုင်ငံတကာ အတွေ့အကြုံများအပြင် စင်္ကာပူ၊ မလေးရှား၊ ဟောင်ကောင်စသည့်နိုင်ငံများတွင် ဆောင်ရွက်ခဲ့သော ကုမ္ပဏီဥပဒေ ပြုပြင်ပြောင်းလဲမှု ရလဒ်များကို သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (မူကြမ်း)တွင် အောက်ပါ အဓိကပြောင်းလဲမှု ပါဝင်လာမည် ဖြစ်ပါသည် -

(၁) ပုဂ္ဂလိက ကုမ္ပဏီများကို ဒါရိုက်တာတစ်ဦး၊ ရှယ်ယာပိုင်ရှင်တစ်ဦးနှင့် ဖွဲ့စည်းတည်ထောင်ခွင့် ပြုမည်ဖြစ်သောကြောင့် များစွာလွယ်ကူ ရှင်းလင်းသွားမည် ဖြစ်ပါသည်။

(၂) ကုမ္ပဏီ အငယ်စားများအပေါ် နှစ်စဉ်နှစ်ပတ်လည် အစည်းအဝေး ကျင်းပရခြင်း၊ နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ ပေးပို့ရခြင်းစသည့် လိုအပ်ချက်များအား ဖယ်ရှားပေးသွားမည် ဖြစ်ပါသည်။

(၃) အစည်းအဝေးကျင်းပခြင်းအစား ရှယ်ယာပိုင်ရှင်များနှင့် ဒါရိုက်တာများ သဘောတူ လက်မှတ်ရေး

ထိုးထားသော စာဖြင့် ရေးသားထားသည့် ဆုံးဖြတ်ချက်ကိုလည်း လက်ခံ ပေးသွားမည် ဖြစ်ပါသည်။

(၄) သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း တင်ပြရခြင်း လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးပြီး ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကိုသာ တင်ပြရန် လိုအပ်တော့မည် ဖြစ်ပါသည်။

(၅) ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ရှယ်ယာတိုးခြင်း၊ လျှော့ခြင်းဆိုင်ရာကိစ္စရပ်များအား လွယ်ကူလွတ်လပ်စွာ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

(၆) ကုမ္ပဏီများ၏ စီမံခန့်ခွဲမှုသည်နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စံနှုန်းများနှင့် ကိုက်ညီသွားအောင် ကုမ္ပဏီဒါရိုက်တာများ၏ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ထည့်သွင်း ပြဋ္ဌာန်းသွားမည် ဖြစ်ပါသည်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် ကုမ္ပဏီများ၏ စီမံဆောင်ရွက်မှုနှင့် ကော်ပိုရိတ်ဆိုင်ရာ ကိစ္စရပ်များအား ခေတ်နှင့်အညီဖြစ်ပေါ်ပြောင်းလဲစေမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းစွာ သိမြင်စေမှာဖြစ်ပြီး မိမိ၏ အခြေအနေအပေါ် မူတည်ကာ ကုမ္ပဏီအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခွင့်များ ရရှိသွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာရှိမှု၊ ဒါရိုက်တာများ၏ တာဝန်ခံမှုနှင့်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်မှု တို့ကိုလည်း တိုးတက် ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရှိသော ကုမ္ပဏီများသည်ရှင်းလင်း ပြတ်သားမှုမရှိဘဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေခဲ့သော စည်းမျဉ်းစည်းကမ်းတွေကြောင့် ဥပဒေလိုက်နာကျင့်သုံးမှု အားနည်းခဲ့ရသည့် အဖြစ်နှင့် နှစ်ပေါင်းများစွာ ကြုံတွေ့နေရသောကြောင့် ဤကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများသည် လိုအပ်နေသည်မှာကြာခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ခေတ်နှင့်အမီ လိုက်နိုင်ရန်များစွာ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ပတ်သက်ပြီး စီစစ်ချက်များဖြစ်သည့် မည်သို့လွယ်လွယ်ကူကူ ကုမ္ပဏီထောင်နိုင်သည်၊ အငယ်စားရှယ်ယာဝင်များကို မည်သို့ အကာအကွယ်ပေးနိုင်သည်၊ ပဋိညာဉ်စာချုပ်များအား မည်သို့ အသက်ဝင်အောင် လုပ်နိုင်သည် စသော အဆင့်တိုင်းတာချက်မှာ အဆင့် ၁၆၇ တွင် ရှိနေပါသည်။ ကုမ္ပဏီဥပဒေအခြေခံချင်း တူညီကြသော ဒေသတွင်း နိုင်ငံများကို ပြန်ကြည့်လိုက်လျှင် မလေးရှား အဆင့် ၁၆၊ ဟောင်ကောင်အဆင့် ၅၊ စင်္ကာပူအဆင့် ၁ စသည်ဖြင့် မိမိတို့ထက် အဆင့်မြင့်မားစွာ ရှိနေတာကိုလည်း တွေ့ရပြန်ပါသည်။ ဤရလဒ်များသည်မြန်မာနိုင်ငံ အတွက် အရေးကြီးသည့် သင်ခန်းစာများ ဖြစ်ပါသည်။ သုတေသနပြုလေ့လာချက်များအရ စီးပွားရေး လုပ်ဆောင်မှု အဆင့်သတ်မှတ်ချက်ကောင်းကောင်း ရရှိမှုသည် ကုမ္ပဏီထူထောင်မှုတိုးတက်များပြားလာခြင်းနှင့် စီးပွားရေး တိုးတက်မှု အင်အားကောင်းမွန်လာခြင်း အပေါ်မှာ မူတည်သည်ကိုလည်း တွေ့ရှိရပါသည်။

ယခု ရေးဆွဲထားပြီးဖြစ်သည့် ကုမ္ပဏီဥပဒေသစ်သည် အဆိုပါ အခြေအနေများကို ဖန်တီးနိုင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအငယ်စားများအတွက် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခြင်း၊ ကုမ္ပဏီရေးရာကိစ္စများတွင် လုပ်သာကိုင်သာရှိမှု ပိုကောင်းအောင် ဆောင်ရွက်ပေးထားခြင်းနှင့် စည်းမျဉ်းစည်းကမ်း လိုက်နာမှုတိုးတက်စေခြင်းတို့ဖြင့် အထောက်အကူပြုထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်သည်မြန်မာနိုင်ငံကို ကုမ္ပဏီများ စီမံခန့်ခွဲမှုနှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ ကဏ္ဍသစ်နှင့်အတူ ၂၁ ရာစု၏ ခေတ်မီ စီးပွားရေးဝန်းကျင်တစ်ရပ်ဆီသို့ မကြာမီ စတင်ခေါ်ဆောင်သွားတော့မည် ဖြစ်ပါသည်။

# အခြေခံစာရင်းမှန်ကန်ရေး

# ဝိုင်းဝန်းကြိုးပမ်းပေး

| ထင်အောင်ဇော် |



နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း ကိန်းဂဏန်းများကို အခြေခံ၍ကြည့်ရှုသုံးသပ်ဆောင်ရွက်ကြရသည်။ ထိုသို့အခြေခံစဉ်းစားရမည့် စာရင်းအင်းများ မှန်ကန်မှုရှိမှသာ မှန်ကန်သောမူဝါဒ၊ မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး မှန်ကန်သော စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့်စာရင်းအင်း အချက်အလက်များ မှန်ကန်ရန် အလွန်အရေးကြီးလှသည်။

ခေတ်အဆက်ဆက် အခြေအနေမှန်နှင့် ဝေးကွာနေသော စာရင်းအင်းများ၊ ခန့်မှန်းစာရင်းအင်းများ၊ စိတ်ကူးစာရင်းအင်းများနှင့် ပေါ့ပေါ့တန်တန်တွေး၍ ပေါ့ပေါ့တန်တန် ဖြည့်သွင်းခဲ့သော စာရင်းအင်းများကြောင့် လွဲမှားသောမူဝါဒနှင့် လွဲမှားသော ဆုံးဖြတ်ချက်များ သည် နိုင်ငံကို တိုးတက်သင့်သလောက် မတိုးတက်နိုင်အောင် ဟန့်တားထားခဲ့သည်။ ဥပမာအနေဖြင့် ၂၀၁၄ သန်းခေါင်စာရင်းအရ၅၁သန်းကျော်သာရှိသော နိုင်ငံ၏လူဦးရေ ကို သန်း ၆၀ ကျော်ဟု ခန့်မှန်းသုံးစွဲခဲ့ခြင်းကြောင့် လူဦးရေကို အခြေခံရသည့် စာရင်းများအားလုံး အခြေအနေမှန်နှင့် ဝေးကွာခဲ့ရသဖြင့် ဆုံးဖြတ်ချက်များ၊ စီမံကိန်းများလည်း အခြေအနေမှန်နှင့် ဝေးကွာနေ မည်ဖြစ်ပါသည်။ လက်တွေ့အခြေအနေနှင့် ကင်းကွာနေသည့် စာရင်းအင်းအချက်အလက်များသည် မူဝါဒချမှတ်ရန်ကြီးမားသော အဟန့်အတားဖြစ်သောကြောင့် အခြေအနေမှန်များကိုအခြေပြုသည့်ကိန်းဂဏန်းများ ရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့်စီးပွားရေး၊ လူမှုရေးအခြေအနေတို့သည် လက်တွေ့အခြေအနေမှန်ကို ထင်ဟပ်နိုင်ပြီး အများယုံကြည်နိုင်ရန်အတွက် ခိုင်မာသည့် စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာစေရန်ပြည့်စုံသော စာရင်းအင်းဖြစ်ရန် လိုအပ်သကဲ့သို့စာရင်းအင်းများ အရည်အသွေးကိုမြှင့်တင်ရန်လည်း လိုအပ်သည်။ ပြည့်စုံသောစာရင်းအင်းဖြစ်စေရေးအတွက် စာရင်းအင်းပေးအပ် ရန်တာဝန်ရှိသော ပုဂ္ဂိုလ်တစ်ဦးချင်းကလည်းကောင်း၊ လုပ်ငန်း၊ အဖွဲ့အစည်းများကလည်းကောင်း၊ အစိုးရဌာနများကလည်းကောင်း နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ကိုအရင်းခံ၍ တာဝန်သိသိဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။စာရင်းအင်းမှာပြည့်စုံရုံဖြင့် လုံလောက်မှုမရှိဘဲ အရည်အသွေးပြည့်ဝမှသာ ယုံကြည်နိုင်သောစာရင်းအင်းအချက်အလက်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စာရင်းအင်းများကို တာဝန်ခံထုတ်ပေးနေသည့် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် အရည်အသွေးရှိသောမြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် (National Statistical System) ဖော်ဆောင်နိုင်ရန်အတွက်ခေတ်စနစ်နှင့် ကိုက်ညီသော မြန်မာနိုင်ငံ စာရင်းအင်းဥပဒေသစ်ကို ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်တိုင်းဒေသကြီး/ပြည်နယ်တို့မှ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင် ရေး အတွက် စာရင်းအင်း မူဝါဒအကျဉ်းချုပ်ကို ထုတ်ပြန်ခြင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for the Development of Statistics -NSDS)၏ အဓိကမဟာဗျူဟာများကို အတည်ပြု ချက်ရယူခြင်း ဆောင်ရွက်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရန် နှစ်ရှည်စီမံကိန်းကို ရေးဆွဲရန်စီစဉ် လျက်ရှိပါသည်။

တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ရရှိနိုင်ရန်အတွက်စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ သည့်နည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့် စာရင်းအင်းများ၊ အရည်အသွေး ပြည့်ဝသောစာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီကောက်ယူရရှိရန်တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝစေရေး အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

သို့သော် စာရင်းအင်းနှင့် ဆက်နွယ်သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သည့် ပုဂ္ဂလိက စာရင်းအင်းများကို ရရှိရန် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်း ဒေသကြီး/ပြည်နယ်အစိုးရများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြမှသာမြန်မာနိုင်ငံ၏အမျိုးသား စာရင်းစနစ်သည် မူဝါဒချမှတ်သူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲသူများ၊ပုဂ္ဂလိကကဏ္ဍနှင့် အခြားစာရင်းအင်းသုံးစွဲသူများအတွက် ထိရောက်ပြီး အရည်အသွေးပြည့်ဝသော စာရင်းအင်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်မူဝါဒများကို မှန်ကန်စွာချမှတ်နိုင်ရန် အတွက်လိုအပ်နေသည့် စာရင်းအင်းအချက်အလက်များ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်နှင့် တစ်ပြေးညီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့်စာရင်းအင်းများဖြစ်ရန်နှင့် အရည်အသွေးပြည့်ဝရန်၊ နိုင်ငံတကာအဆင့်စံနှုန်းနှင့် ကိုက်ညီရန်အတွက် ပြည်သူများ၊ လုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ အားလုံး ပူးပေါင်းပြီး ဆောင်ရွက်ကြမှသာ ပန်းတိုင်သို့ အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



# ကျွန်တော်တို့နှင့် ဒိုင်ခွက်များ

| ညီညီ |

ကျွန်တော်တို့အားလုံး မော်တော်ကားကို ကိုယ်တိုင်မောင်းဖူးသူများ ဒါမှမဟုတ် မော်တော်ကား ယာဉ်မောင်းခန်းထဲမှာ ထိုင်ပြီး လိုက်ဖူးသူများ ဖြစ်ကြပါ တယ်။ တစ်နည်းအားဖြင့်မော်တော်ကား၏ ယာဉ်မောင်း နေရာကဒိုင်ခွက်တွေနဲ့ အကျွမ်းဝင်သူများချည်းဖြစ်ကြပါ တယ်။ ဒီဒိုင်ခွက်တွေကသူ့နေရာနှင့်သူ့အဓိပ္ပာယ်အသီး သီးရှိကြပါတယ်။

မော်တော်ကား တစ်စီး စက်မနှိုးခင်မှာ သော့ကို ပထမ တစ်ထစ်လှည့်လိုက်ရင် ဒိုင်ခွက်မှာရှိတဲ့ အချက်ပြ မီးတွေ အားလုံးလင်းလာကြပါတယ်။ အဓိပ္ပာယ်က ကားစက်မနိုးခင်တပ်ထားတဲ့ အချက်ပြမီးတွေ အလုပ် လုပ်လား၊ မလုပ်လားကို ယာဉ်မောင်းသူက သိနိုင်အောင် စစ်နိုင်အောင်ပါ။ ကားမောင်းနေပြီဆိုရင်တော့ သက်ဆိုင် ရာအချက်ပြ မီးကပဲအလုပ်လုပ်တော့မှာပါ။ ဒီ နေရာ မှာလည်း အချက်ပြမီးတွေက သူ့အရေးပါမှုနဲ့သူ အစိမ်း၊ အဝါ၊ အနီစသဖြင့် အရောင်ခွဲခြားထားပါသေးတယ်။ အစိမ်းဆိုရင်အန္တရာယ်မရှိဘူး၊ အဝါဆိုရင် နည်းနည်း သတိထားရမယ်၊ အနီဆိုရင်တော့ အန္တရာယ်ဖြစ်နိုင်တယ်၊ စသဖြင့်ပေါ့လေ။

ဒီတော့ ကိုယ်ကကားတစ်စီးနဲ့ ခရီးတစ်ခုသွား နေပြီဆိုရင် လမ်းမှာ အင်ဂျင်အပူချိန်အရမ်း တက်လာ မယ်၊ အင်ဂျင်ဝိုင် အချက်ပြမီးလည်း လင်းလာမယ် ဆိုရင် ကားမောင်းတဲ့ လူအနေနဲ့အနီးဆုံး ဝပ်ရှော့ နေရာရောက် အောင်မောင်းမလား၊ ရောက်တဲ့နေရာခဏရပ်ပြီး ကား အခြေအနေစစ်မလားဆိုတာ ဆုံးဖြတ်ရပါတော့မယ်။ အချက်ပြမီးတွေက သတိပေးနေလျက်သားနဲ့ သတိမထား မိပဲ ဆက်မောင်းနေရင် လမ်းမှာကိုယ်ပဲ ဒုက္ခရောက် ရမှာပါ။

ဒီလိုပါပဲ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကိုမောင်းနှင ်ကြရာမှာလည်း ကိုယ်မောင်းနှင်နေတဲ့ စီးပွားရေးရဲ့ အခြေ အနေကိုသိနိုင်ဖို့ အချက်ပြမီး ၊ အချက်ပြဒိုင်ခွက်တွေ ရှိပါတယ်။ GDP, CPI (တစ်နည်းအားဖြင့် ငွေကြေး ဖောင်းပွမှု inflation) ၊အလုပ်လက်မဲ့နှုန်း (unemployment rate), money supply, interest rate, Ginico efficient, Wage and salary disbursements, trade balance, purchasing power parity, commodity prices စတဲ့ indicatorတွေဟာ နိုင်ငံရဲ့ စီးပွားရေး အခြေ အနေကိုပြသနေတဲ့ ဒိုင်ခွက်တွေအချက်ပြမီးတွေပဲဖြစ် ပါတယ်။

နိုင်ငံတစ်ခုရဲ့ စီးပွားရေး အခြေအနေကို ပြော မယ်ဆိုရင် GDP က မပါမဖြစ်တဲ့ကိန်းဂဏန်း တစ်ခုပါ။ အကြမ်းဖျင်း ပြောရရင်တော့စုစုပေါင်း ပြည်တွင်းထုတ် ကုန်ပေါ့ဗျာ။ တစ်နိုင်ငံလုံးမှာရှိတဲ့ ထုတ်လုပ်မှုကရတဲ့ တန်ဖိုးတွေကို စုပေါင်း တွက်ချက်ထားတာပါ။ ဒီတော့ အကြမ်းအားဖြင့် GDPများရင် နိုင်ငံရဲ့ စီးပွားရေးကောင်း တယ်လို့ပြောကြပါတယ်။ ဒီနေရာမှာ ပြောစရာတွေ ကျန် လာပါတယ်။ နိုင်ငံနှစ်ခုရှိတယ်ဆိုပါစို့။ နိုင်ငံ A ရဲ့ GDP က ဒေါ်လာတစ်သိန်းရှိပြီး နိုင်ငံB ရဲ့ GDP က ဒေါ်လာ တစ်သန်း(ဆယ်သိန်း) ရှိတယ်ဆိုရင်အပေါ်ယံကြည့်ရင် နိုင်ငံ B က ပိုချမ်းသာတယ်ပြောနိုင်ပါတယ်။ သို့သော်

လည်း နိုင်ငံAရဲ့ လူဦးရေကတစ်သောင်းပဲရှိပြီး နိုင်ငံ B မှာတော့ လူဦးရေငါးသိန်းရှိတယ်ဆိုပါစို့။ လူတစ်ဦး ကျဝင်ငွေနဲ့ ပြန်ကြည့်ရင်နိုင်ငံ A က နိုင်ငံသား တစ်ဦးစီဟာ (ပျမ်းမျှ အားဖြင့်) ဝင်ငွေ တစ်ဆယ်ရပြီး နိုင်ငံ B က တော့ နှစ်ဒေါ်လာပဲရပါတယ်။ ဒီဟာ ဘာကို ပြသလဲဆိုတော့ နိုင်ငံ တစ်နိုင်ငံရဲ့ စီးပွားရေးကို GDPတစ်ခုတည်းနဲ့ ကြည့်လို့ မရနိုင်တော့ဘူးဆိုတာကို ပြပါတယ်။ ဒီတော့ တစ်ဦးကျဝင်ငွေဖြစ်တဲ့ per capita income ကို ကြည့်ကြပြန်ပါတယ်။

စောစောက တင်ပြခဲ့တဲ့ ဥပမာနဲ့ပဲ ပြန်စဉ်းစားကြရအောင်။ တစ်ဦးကျဝင်ငွေနဲ့ စဉ်းစားရင် နိုင်ငံA က ချမ်းသာတာ ရှင်းပြခဲ့ပြီးပါပြီ။ ဒါပေမယ့် နိုင်ငံAရဲ့ ဝင်ငွေဖြစ်တဲ့ ဒေါ်လာတစ်သိန်းမှာ ရှစ်သောင်းက လူဆယ်ယောက်ရဲ့ ဝင်ငွေဖြစ်ပြီး ကျန်တဲ့ နှစ်သောင်းကတော့ နိုင်ငံ Aမှာ ရှိတဲ့ ကျန်တဲ့ ပြည်သူ ကိုးထောင့်ကိုးရာ့ ကိုးဆယ်ရတဲ့ ငွေဖြစ်နေမယ် ဆိုပါစို့။ ဒါဆိုရင်နိုင်ငံA က ပြည်သူ ကိုးဆယ်ရာခိုင်နှုန်းကျော်ရဲ့ တစ်ဦးကျဝင်ငွေက နိုင်ငံ B နဲ့ တူတူပဲနှစ်ဒေါ်လာပဲရတာကို တွေ့ရမှာပါ။

နောက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပြောမယ်ဆိုရင် မပါမဖြစ်ပါရမှာ က GDPတိုးတက်မှုနှုန်း ဖြစ်ပါတယ်။ဥပမာလူတစ်ယောက်က ဒီနှစ်မှာ ဒေါ်လာ တစ်သောင်း ဝင်ငွေရှိပြီးတော့ သူ့ဝင်ငွေက ၁၀ % နှစ်စဉ် တိုးတယ်ဆိုပါစို့၊ နောက်နှစ်မှာသူက ဒေါ်လာတစ်သောင်း တစ်ထောင်ရမှာပါ။ ဒီတော့နောက်နှစ်မှာသူကပိုချမ်းသာလာမှာပေါ့။ ဒီနေရာမှာထည့်ပြီး စဉ်းစားရမှာ တစ်ခု ရှိလာပြန်ပါတယ်။ အဲ့ဒါကတော့ ငွေကြေးဖောင်းပွမှု (inflation) ဖြစ်ပါတယ်။ တကယ်လို့သာသူ့နိုင်ငံရဲ့ နှစ်စဉ် inflation ဟာ တစ်ဆယ်ထက်ကျော်နေမယ်ဆိုရင်သူဟာ နောက်နှစ်မှာ ဝင်ငွေ တိုးလာမှာမှန်ပေမယ့်ပိုပြီး သုံးစွဲနိုင်မှာ မဟုတ်တော့ပါဘူး။

အခုပြောခဲ့တာတွေက ဘာကိုပြသလဲဆိုရင် နိုင်ငံ တစ်နိုင်ငံရဲ့ စီးပွားရေးကို တွက်ချက်တဲ့အခါမှာ အချက်အလက်ပြည့်စုံဖို့ လိုအပ်ပါတယ်။ GDP တစ်ခုတည်း တိုးတက်တာကိုကြည့်ပြီး နိုင်ငံတိုးတက်တယ် ပြောလို့မရသလို ဝင်ငွေတိုးတက်လာတိုင်းလည်း ချမ်းသာလာတာ မဟုတ်ပါဘူး။ စီးပွားရေးဆိုင်ရာ အချက်အလက်တွေ ပြည့်ပြည့်စုံစုံထည့်သွင်း စဉ်းစားရမှာဖြစ်ပါတယ်။

ကားတစ်စီးကို မောင်းနှင်နေတဲ့ အချိန်မှာ အချက်ပြ ဒိုင်ခွက်က မှားယွင်းပြသတာမျိုးလည်း ရှိမှာပါ။ Handbrake မီးကလင်းနေပေမယ့် တကယ်တမ်း handbrake က ဆွဲမထားပဲ မှုလနေရာမှာရှိနေတာ၊ ကားက နဂိုအတိုင်း အဆွဲအရုန်း ကောင်းနေတာမျိုးလည်း ရှိမှာပါ။ ဒီလိုပါပဲ နိုင်ငံရဲ့ inflation တအား တက်နေတယ် ဆိုပေမယ့် အလုပ်လက်မဲ့နှုန်းတွေကျနေတာ၊ ငွေစီးဆင်းမှုပုံမှန်ဖြစ်နေတာ၊ အတိုးနှုန်းတွေပုံမှန်ဖြစ်နေတာမျိုးလည်း ရှိမှာပါ။

ဒါပေမယ့် ကားကို Highway မောင်းနေတုန်း အင်ဂျင် အပူချိန်တအားတက်လာမယ်၊ အင်ဂျင်ဝိုင် အချက်ပြ မီးလင်းနေမယ်၊ အဆွဲအရုန်းလည်း ကျသွားမယ်ဆိုတဲ့ အခြေအနေမျိုးမှာ ဂရုမထားပဲ မြန်မြန်ခရီးပေါက်ဖို့လိုတယ်ဆိုပြီး လီဗာပဲစွတ်နင်းနေပြန်ရင်တော့ ခဏနေရင် အင်ဂျင်ကျွဲပြီး ခရီးမပေါက်တဲ့အပြင် ပိုဆိုးတဲ့အခြေအနေ ရောက်သွားမှာပါ။

မော်တော်ကား မောင်းတာနဲ့ နိုင်ငံရဲ့ စီးပွားရေးကို မောင်းနှင်တာမှာ မတူညီတာကတော့ ကားကို မမောင်းခင် (စက်မနှိုးခင်) ဒိုင်ခွက်တွေ ကောင်းမကောင်း စစ်နိုင်ပေမယ့် နိုင်ငံ့စီးပွားရေးကို မောင်းနှင်ရင်တော့ ရပ်လို့မရတဲ့အ ခြေအနေဖြစ်တော့ ဒိုင်ခွက်တွေကောင်း မကောင်း မမောင်းခင်ကတည်းက စစ်ဖို့ရာအခွင့်အရေး မရနိုင်ပါ။ ရပ်ပြီးတော့စစ်ဖို့လည်း မဖြစ်နိုင်ပါ။ မောင်းနေရင်းနဲ့သာ ဒီဒိုင်ခွက်တွေက ပြနေတာတွေကို မှန်မမှန် ချင့်ချိန်ရတာမျိုးပါ။

မော်တော်ကားရဲ့ ဒိုင်ခွက်တွေ၊အချက်ပြမီးတွေက ကားရဲ့အခြေအနေကို ပြောပြနေသလိုစီးပွားရေး indicatorတွေက နိုင်ငံရဲ့စီးပွားရေး အခြေအနေတွေကို ပြောပြနေတာကြောင့် ဆိုင်ရာဆိုင်ရာ indicatorအလိုက် သတိထားစရာတွေ သတိထားပြီး နိုင်ငံရဲ့ စီးပွားရေးကို ထိန်းညှိမောင်းနှင်သွားရင်း ကိုယ်သွားချင်တဲ့ ပန်းတိုင်ကို လွယ်လွယ်ကူကူချောချော မောမောရောက်နိုင်ပါစေလို့။




# စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အကျိုးရလဒ် အနီးအဝေး

| စောနိုင်(အသုံးချဘောဂဗေဒ) |

### ရိုးစင်းသောအိုင်ဒီယာနှင့် မေးခွန်းများ

အကြောင်းကြောင့် အကျိုးဖြစ်လာရမည်မှာ ဓမ္မတာသာဖြစ်၍ သေချာသောဖြစ်စဉ်တစ်ခု ဖြစ်သည်။ သို့သော် အကြောင်းဖြစ်သည့် အားထုတ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ အကျိုးဖြစ်သည့် ရလဒ်ရရှိမှုနှင့်လည်းကောင်း စဉ်းစားစရာများစွာရှိသည်။ သက်တမ်းကို အချိန်ကာလဖြင့် သတ်မှတ်တိုင်းတာ၍ ဘဝဖြစ်တည်မှုကို ဖြတ်သန်းနေရသော လူသားများအဖို့ အသက်ရှင်နေစဉ်ကာလအတွင်းမှာပင် ၎င်းတို့အားထုတ်မှုအတွက် အကျိုးရလဒ်ကို ရယူခံစားချင်ကြလိမ့်မည်။

ထို့ကြောင့် အချိန်နှင့် ပတ်သက်၍ စဉ်းစားစရာများရှိလာခြင်းဖြစ်သည်။ အားထုတ်မှုကို အချိန်မည်မျှယူရမည်နည်း၊ အကျိုးသက်ရောက်မှုသည် မည်သည့်အချိန်လောက်တွင် ဖြစ်ထွန်းလာနိုင်သနည်း၊ အချိန်မည်မျှကြာကြာ ခံစားရနိုင်မည်နည်း၊ အားထုတ်မှုနှင့် အကျိုးသက်ရောက်မှု ဖြစ်ရပ်နှစ်ခုကြား ကာလအချိန်မည်မျှကွာနိုင်သနည်း စသဖြင့် အကြောင်းဆိုသည့် အားထုတ်မှုနှင့် အကျိုးဆိုသည့် ဖြစ်ထွန်းမှုရလဒ်တို့ ရိုးစင်းသော အိုင်ဒီယာတစ်ခုအပေါ်တွင် မေးခွန်းများစွာ ရှိလာနေသည်။

## အချိန်နောက်ကျန်မှု

ယခုအချိန်တွင် မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ ထိုပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်များနှင့်ပတ်သက်၍ စဉ်းစားတွေးတောစရာများ ရှိလာသည်။ ဒီမိုကရေစီတိုင်းပြည်များတွင် အရေးကိစ္စတစ်ရပ် အကောင်အထည်ဖော်လုပ်ဆောင်ရန်ရှိလာသောအခါ အများဆန္ဒ ရယူရသည့်သဘာဝရှိသဖြင့် အချိန်ယူ၍ အဆင့်ပေါင်းများစွာ ဖြတ်ကျော်ရန်လိုသည်။ ထို့ကြောင့် အစီအစဉ်တစ်ခုကိုလေ့လာရာတွင် တွေးခေါ်ဖြစ်ပေါ်လာမှု နိဒါန်းမှစ၍ နောက်ဆုံးရလဒ် ဖြစ်ထွန်းခံစားမှုအထိ ဖြစ်စဉ်တွင် အချိန်ကာလကွာဟမှု၊ နောက်ကျန်မှု (Time Lag)များ ရှိလာသည်။ စတင်စဉ်းစားတင်ပြ၍ ဆွေးနွေးကာ သဘောတူညီမှုယူ၊ ထိုနောက်မှ အကောင်အထည်ဖော်၊ပြီးမှ ရလဒ်ရရှိစသဖြင့် အဆင့်များစွာဖြတ်ကျော်ရမည်သာဖြစ်သည်။ ထို့ကြောင့် အသေးအမွှားအရေးကိစ္စပင် ဖြစ်လင့်ကစား အမှန်တကယ် အကောင်အထည်ဖော်ပြီးနောက် ရရှိလာသည့် ရလဒ်ဖြစ်ထွန်းမှုတို့ကို သက်ဆိုင်သူတို့မှာ အချိန်နောက်ကျမှ ရရှိခံစားရတတ်သည်များလည်း ရှိသည်။ ဤသို့ စဉ်းစားမိသောအခါ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အသီးအပွင့်များ အထူးသဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု ရလဒ်များကို အသက်အပိုင်းအခြားအလိုက် မည်သူတို့ ခံစားရနိုင်မည်နည်းဟု မေးခွန်းက ခေါင်းထဲရောက်ရှိလာသည်။ ယခုအချိန်တွင် အသက် ၅၀ ကျော် ၆၀ တန်းရှိနေပြီဖြစ်သော လူကြီးများ၊ ၃၀ ကျော်၊ ၄၀ တန်း လူလတ်ပိုင်းများ၊ အသက် ၂၀ ဝန်းကျင် ဆယ်ကျော်သက် ရွယ်များ လူငယ်များနှင့် ကလေးသူငယ်များ စသဖြင့် အသက်အပိုင်းခြားအလိုက် ပြုပြင်ပြောင်းလဲမှု အသီးအပွင့်များ ခံစားရနိုင်မှုမှာ စဉ်းစားစရာ ဖြစ်လာသည်။

## လုပ်သားအင်အား

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (အိုအီးစီဒီ)၏ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ အလုပ်လုပ်ကိုင်သည့် လူဦးရေအချိုးမှာ မကြာမီကာလအတွင်း ကျဆင်းလာနိုင်ဖွယ်ရှိနေသည်ဟု ဆိုထားသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ စတင်ပြီးနောက်ပိုင်းကာလများတွင် ယခင်ကာလများထက် နိုင်ငံတကာမှ အာရုံစိုက်မှုများ ပိုမိုရရှိနေသော မြန်မာနိုင်ငံတွင် လက်ရှိစာရင်းအရ လူဦးရေသန်း ၅၀ ဝန်းကျင်ရှိနေပြီး အသက်အရွယ်အလိုက် ပါဝင်ဖွဲ့စည်းမှုမှာ ၂၀၀၀ ခုနှစ်များက တရုတ်နိုင်ငံ၏အခြေအနေမျိုးနှင့် တူညီသည်ဟု ကောက်ချက်ချကြရသည်။ အငြိမ်းစား သက်ကြီးများအား ပံ့ပိုးထောက်ကူစောင့်ရှောက်ပေးရမည့် ဝန်ထုပ်ကြီးမားလာနိုင်ပြီး၊ နိုင်ငံစီးပွားရေးအတွက် အရေးကြီးသော လူစွမ်းအားအရင်းအမြစ် လူငယ်လုပ်သားဦးရေ ကျဆင်းလာနေခြင်းဖြစ်သည်။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရေးအတွက် ပေါ်လစီများချမှတ်၍ အကောင်အထည်ဖော်ရေး အားထုတ်နေကြသော နိုင်ငံ့ခေါင်းဆောင်များအတွက်လည်း ခေါင်းခဲစရာ ဖြစ်လာနိုင်သည်။ လူစွမ်းအား အရင်းအမြစ်သည် ကုန်ထုတ်စွမ်းအားစုတွင် အဓိကကျသော စွမ်းအားစုဟု ပိုမိုယူဆလာသော ခေတ်သစ်ကမ္ဘာတွင် တွေးပူတတ်သူများအတွက် အနာဂတ်အတွက် စိုးရိမ်စရာဖြစ်သည်ဟု မြင်ကြလိမ့်မည်။

## မျှော်တလင့်လင့်

အစိုးရသစ်သည် ပြုပြင်ပြောင်းလဲမှုများကို တစ်စိုက်မတ်မတ် အားထုတ်ရင်း ယခင်ကာလများက



ထက် ပိုမိုလွတ်လပ်သော၊ ပွင့်လင်းသောအခြေအနေများ ဖန်တီးပေးလျက်ရှိသည်။ စီးပွားရေး အားထုတ်မှုများတွင် အလုပ်အကိုင်သစ်များ ပိုမိုဖန်တီးနိုင်ရေးကိုလည်း အထူးအလေးပေး အားထုတ်ရန်လိုသည်။ အနောက်ကမ္ဘာမှ နိုင်ငံတကာပတ် ခြေဆန့်၍ စီးပွားရေးလုပ်နေကြသော မာတီနေရှင်နယ် ကုမ္ပဏီကြီးများ၊ ရင်းနှီးမြှုပ်နှံသူများ လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး မက်လုံးများပေး ဆွဲဆောင်မှုများလည်း ဖန်တီးလျက်ရှိသည်။ ရလဒ်များကိုမူ မျှော်လင့်စောင့်စားနေရသည့် အဆင့်သာရှိနေသေးသည်။ ယခုအချိန်တွင် လုပ်နိုင်ကိုင်နိုင်ရှိနေသော လူငယ်လူရွယ်များသည် နောက်ဆယ်စုနှစ်များအကြာတွင် အရွယ်များ ရင့်ရော်ကာ လူကြီးအရွယ်ပိုင်းများကို စတင်ဝင်ရောက်ကြလိမ့်မည်။ သို့အတွက်ကြောင့် ပြုပြင်ပြောင်းလဲမှု ခရီးစဉ်ကို အရှိန်မြှင့်ရန်လိုလာသည်။ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်မရသေးခင်၊ အားထုတ်နေသော ပြည်တွင်းငြိမ်းချမ်းရေးပန်းတိုင်ကို မိမိရရ မဆုပ်ကိုင်မိသေးခင်မှာပင် ထိုလူငယ်များမှာ အသက်အရွယ်ကြီးလာကာ လူငယ်ဘဝ လွန်မြောက်သွားကြလိမ့်မည်။

## စက်မှုလက်မှုနှင့် ဝန်ဆောင်မှု

မြန်မာစီးပွားရေး အဆောက်အအုံသည် ဖွဲ့စည်းမှုပုံသဏ္ဌာန် အပြောင်းအလဲမရှိပါက လာမည့် အနာဂတ်ကာလများအတွင်း ကုန်ထုတ်လုပ်မှု၊ ပို့ကုန်တင်ပို့နိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့မှာ အစိုးရမျှော်မှန်းထားသလောက် ရရှိနိုင်မည်မဟုတ်ပေ၊ မျှော်မှန်းထားသော အခြေအနေ ရှိရန်မှာ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ပြီး၊ ဝင်ငွေအဆင့် မြင့်မားစေနိုင်သည့် (အခြားသော ကဏ္ဍများထက်) စက်မှုလက်မှုကဏ္ဍနှင့် ဝန်ဆောင်ကဏ္ဍရှိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မဖြစ်မနေ ပိုမိုပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေး၊ နိုင်ငံကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများ၏ စွမ်းဆောင်ရည်များ ပါဝင်လာနိုင်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး ပိုမိုထွန်းကာလာရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးတို့ကို အားအင်အကုန်ထည့် ဆောင်ရွက်နေရမည်ဖြစ်သည်။

## နေမည်ချင် ဖြစ်စေချင်

မြန်မာစီးပွားရေး အဆောက်အအုံပြုပြင်ပြောင်းလဲမှုကာလ ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ကြိမ်မြောက်ပင်ရောက်ရှိနေပြီဖြစ်သည်။ အာဆီယံဖိုးဟုခေါ်နေသော စီအယ်(လ)အမ်ဗွီနိုင်ငံများထဲမှာပင် နောက်ကျလျက်ရှိနေခဲ့ပြီ။ ယခုအချိန်တွင် အီးယူနှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီး လူထုခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အားထုတ်မှုများကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုမှာ မြင့်မားလျက် ရှိနေပြီဖြစ်သည်။ ထိုအခြေအနေကို ကောင်းစွာအသုံးချနိုင်စွမ်းရှိရန်လိုသည်။ ယခုကဲ့သို့ အချိန်မျိုးတွင်မှ ဖွံ့ဖြိုးမှုအရှိန်ကို ဖမ်းဆုပ်နိုင်စွမ်း မရှိခဲ့ပါက ရွှေရောင်အနာဂတ်ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ချက်များ အိပ်မက်သာသာ ဖြစ်သွားပေလိမ့်မည်။ အနာဂတ်မျှော်လင့်ချက်များဖြင့် ရှင်သန်လှုပ်ရှားလျက်ရှိသော မြန်မာလူအဖွဲ့အစည်းထဲမှ လူငယ်လူရွယ်လေးများမှာလည်း ဖြစ်ထွန်းမှုကို မခံစားရနိုင်ဘဲ မျှော်လင့် ရင်း ကြိုးစားပြင်ဆင် ရင်းနှင့်ပင် တက်ကြွဖျတ်လတ်သောအချိန်ကာလများကို နိုင်ငံအတွက် အသုံးမချနိုင်ဘဲ ကုန်ဆုံးသွားရပေလိမ့်မည်။

# ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အရေးပါသော ထောက်ပံ့ပို့ဆောင်မှု

## (Logistics for Trade Promotion)

| သိန်းမြင့်ဝေ |

### ကုန်သွယ်မှုအဟန့်အတားများ လျော့ကျလာပုံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO) သည် ကုန်သွယ်မှုအတားအဆီး များဖြစ်သည့် အကောက်ခွန် (Tariffs)၊ ထောက်ပံ့ကြေး (Subsidies)၊ ခွဲတမ်းသတ်မှတ်ချက် (သို့မဟုတ်) ကိုတာ (Quotas)နှင့် လုပ်ထုံးလုပ်နည်းများ (Regulations) ဖယ်ရှားရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့်ပြီးခဲ့သည့် ဆယ်စုနှစ် ငါးခုတာကာလအတွင်း အဆိုပါကုန်သွယ်မှု အဟန့်အတားများ (Trade barriers) သိသိသာသာ လျော့နည်းခဲ့သည်။လက်ရှိကာလတွင် ထောက်ပံ့ ပို့ဆောင်မှုစနစ် (Logistics system)၏ အားနည်းချက်များကြောင့် နိုင်ငံများ၏ ကုန်သွယ်ရေး ယှဉ်ပြိုင်နိုင်စွမ်း (Trade Competitiveness) ကျဆင်းလျက်ရှိသည်။



၂၀ ရာစု နောက်ပိုင်းကာလများတွင် ကုန်သွယ်မှု အဟန့်အတားများ သိသာစွာ လျော့ကျခဲ့ သည်။ ထိုကဲ့သို့ လျော့ကျခဲ့ရသည့် အကြောင်းရင်းသုံးမျိုးတွေ့ရှိရသည်။ ပထမအချက်မှာ WTO က ဦးဆောင်ကျင်းပခဲ့သော ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှု ဆွေးနွေးပွဲများကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအစီအစဉ်များ (Regional economic arrangements) ကြောင့် ဖြစ်ပါသည်။ အဆိုပါပေါင်းစည်းမှု အစီအစဉ်များအဖြစ်ဥရောပသမဂ္ဂ သို့မဟုတ်ဥရောပ ဘုံဈေးကွက်(EU)၊ မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (NAFTA)နှင့်အာဆီယံ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (ASEAN Free Trade Agreement)တို့ကိုတွေ့မြင်နိုင်သည်။ တတိယအချက်မှာ နိုင်ငံများက စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းစဉ်များကို ပိုမိုဖြေလျှော့လာခြင်း ဖြစ်ပါသည်။ လွတ်လပ်သော ကုန်သွယ်ရေးက တိုင်းပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းကျိုးများ ဖြစ်ထွန်းစေကြောင်း လက်ခံလာကြသောကြောင့် ထိုကဲ့သို့ ပိုမိုဖြေ လျှော့လာကြခြင်းဖြစ်ပါသည်။ ကုန်သွယ်ရေး ဖြေလျှော့မှု (Trade liberalization)ကြောင့် စီးပွားရေး တိုးတက်လာသောနိုင်ငံအဖြစ် တရုတ်နိုင်ငံကို တွေ့မြင်နိုင်ပါသည်။

## သော့ချက်ကျသောလုပ်ဆောင်ချက်လေးရပ်

ကမ္ဘာ့ဘဏ် (World Bank) ၏ တွက်ချက်မှုများအရ နိုင်ငံ၏ ကုန်သွယ်ရေးစွမ်းဆောင်ရည် (Trade performance)ကိုမြှင့်တင်ရာတွင် Trade liberalization ကို ဆက်လက်ဖြေလျှော့ခြင်းထက် ထောက်ပံ့ ပို့ဆောင်ရေးကို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းက ပိုမိုအကျိုးများကြောင်း သိရှိရပါသည်။ ကုန်သွယ်မှုကို ဆက်လက် ဖြေလျှော့လျက်ထောက်ပံ့ပို့ဆောင်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ထောက်ပံ့ပို့ဆောင်မှုတွင် ကုန်စည်များ ဖြတ်သန်း စီးဆင်းရန်အတွက် အရေးကြီးသော လုပ်ဆောင်ချက် များ အကျုံးဝင်သည်။ အဆိုပါလုပ်ဆောင်ချက်များမှာ ပို့ဆောင်ခြင်း (Transport)၊ သိုလှောင်ခြင်း (Warehousing)၊ ကုန်ပစ္စည်းပေါင်းစည်းခြင်း (Cargo consolidation)၊ နယ်စပ်နှင့် အကောက်ခွန်ရှင်းလင်း ခြင်း (Border and customs clearance)၊ ကုန်ပစ္စည်း ဖြန့်ဖြူးခြင်း(Distribution)နှင့် ငွေကြေးပေးချေမှုစနစ်များ (Payment systems)ဖြစ်ပါသည်။ ကောင်းမွန်သော ထောက်ပံ့ ပို့ဆောင်မှုကွန်ရက်(Competitive network of logistics)သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ ကျောရိုးဖြစ်သည်။

Logistics ကောင်းမွန်သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဂျာမနီ၊ စင်္ကာပူ၊ ဆွီဒင်၊နယ်သာလန်၊ လူဇင်ဘတ်၊ ဆွစ်ဇာလန်၊ ဂျပန်၊ ယူနိုက်တက်ကင်းဒမ်း(ယူကေ)၊ ဘယ်လ်ဂျီယံနှင့် နော်ဝေနိုင်ငံတို့ ဖြစ်သည်။ အဆိုပါ ထိပ်တန်းနိုင်ငံများ၏ သော့ချက်ကျသောလုပ်ဆောင်ချက် လေးရပ်ရှိသည်။ ပထမအချက်မှာ Public-Private Partnership and Dialogue ကို ကာလရှည်ကြာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပေါ်လစီချမှတ်သူများ၊ လက်တွေ့ စီးပွားရေးလုပ်ငန်းရှင်များ၊ အုပ်ချုပ်သူများနှင့် ပညာရှင်များကြား ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု ထားရှိခြင်းဖြစ်သည်။ တတိယ သော့ချက်ကျသောအချက်မှာ ဝန်ဆောင်မှု၊ အခြေခံ အဆောက်အအုံနှင့် ထိရောက်သော Logistics ဖွံ့ဖြိုးတိုး တက်ရေး အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ချဉ်းကပ်နည်းလမ်းကို ကျင့်သုံးခြင်းဖြစ်သည်။ စတုတ္ထနှင့် နောက်ဆုံးအချက်မှာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပေါ်လစီများ စနစ်တကျ ရေးဆွဲထားရှိခြင်းဖြစ်ပါ သည်။ Logistics အဆိုးဆုံးနိုင်ငံများမှာဆိုမာလီ၊ နမီးဘီးယား၊ ရဝမ်ဒါ၊ ကျူးဘား၊ အီရတ်၊ နီပေါ၊ ဆူဒန်စသည့် နိုင်ငံများ ဖြစ်သည်။

## အာရှ-ပစိဖိတ်နှင့် မြန်မာ

အာရှပစိဖိတ်ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး(Global Trade)တွင် အားအကောင်းဆုံး

ဒေသတစ်ခုဖြစ်နေပါသည်။ ထို့ပြင် အာရှပစိဖိတ် ဒေသသည်ကမ္ဘာလုံး ဆိုင်ရာ ထုတ်လုပ်မှုလမ်းကြောင်း (Trade-production chains) ၏ အဓိကကျသော နေရာတွင် ရပ်တည်လျက်ရှိပါသည်။ ထို့ကြောင့်အာရှ-ပစိဖိတ် ဒေသ၏ စီးပွားရေး တိုးတက်မှုသည် အားကောင်းသော ထောက်ပံ့ပို့ဆောင်မှုကဏ္ဍ (Robust logistics sector) အပေါ်တွင်များစွာမူတည်နေပါသည်။ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်၊ ကုန်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ခြင်း၊ နောက်ဆုံးအဆင့် တပ်ဆင်ခြင်း (Final assembly) စသည်တို့အတွက် ကုန်စည်များ မြန်ဆန်စွာစီးဆင်းဖြတ်သန်းမှု၊ ယုံကြည်စိတ်ချစွာနှင့် စရိတ်သက်သာစွာ ထောက်ပံ့ပို့ဆောင်နိုင်မှုတို့လိုအပ်ပါသည်။

အာရှ-ပစိဖိတ်ဒေသရှိ Logistics အကောင်းဆုံးနှင့် အဆိုးဆုံးနိုင်ငံများ စာရင်းကို အစဉ်လိုက်ဖော်ပြရပါလျှင် စင်ကာပူ၊ ဂျပန်၊ဟောင်ကောင်၊ ကနေဒါ၊ အမေရိကန်၊ သြစတြေးလျ၊ တရုတ် (တိုင်ပေ)၊နယူးဇီလန်၊ တောင်ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ချီလီ၊ မက္ကဆီကို၊ ဗီယက်နမ်၊ ပီရူး၊အင်ဒိုနီးရှား၊ ရုရှား၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ ဖြစ်ကြပါသည်။

## Logistics ကောင်းမွန်ရေးအတွက် တာဝန်ရှိသူများ

ယေဘုယျအားဖြင့် ဆင်းရဲသော နိုင်ငံများတွင် ထောက်ပံ့ပို့ဆောင်မှု စနစ်အားနည်းကြောင်း တွေ့မြင်နိုင်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်ကချမ်းသာ သည့် စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများက ဆင်းရဲသော နိုင်ငံများ၏ Logistics ခေတ်မီတိုးတက်ရေးအတွက် စီမံကိန်းကြီးများ ချမှတ် အကောင်အထည်ဖော်ခဲ့သည်။ သို့သော်လည်း အဆိုပါနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုစွမ်းအား (Productivity)သိသိသာသာ မတိုးတက်ခဲ့ပေ။ ထို့ကြောင့် ထိရောက်သော Logistics စနစ်ဖြစ်ပေါ်လာရေးအတွက် မည်သူ့တွင် တာဝန်ရှိပါသနည်းဟူသော မေးခွန်းထွက်ပေါ်လာသည်။

ထောက်ပံ့ပို့ဆောင်မှုစနစ်၏ အရေးကြီးသော လုပ်ငန်းအတော်များများသည် ပုဂ္ဂလိကကဏ္ဍ၏ လက်ထဲ




တွင် ရှိကြောင်းတွေ့ရသည်။ Important parts of logistics system are in the hands of private sector ဟူ၍ သုံးသပ်ထားသည်။ သို့သော်လည်း မူဝါဒပိုင်းဆိုင်ရာ ထိန်းကျောင်းမှုများအတွက် အစိုးရတွင် တာဝန်ရှိပါသည်။ ထောက်ပံ့ပို့ဆောင်မှုစွမ်းရည်နိမ့်ကျသော နိုင်ငံများတွင် တွေ့ရလေ့ရှိသော အကြီးမားဆုံးငြင်းခုံပွဲ (အဆင်မပြေမှု) မှာ ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ ထုတ်ယူသည့်ကိစ္စဖြစ်သည်။

## ဖြေရှင်းရန်နည်းလမ်းများ

ထောက်ပံ့ပို့ဆောင်မှုကောင်းမွန်ရေးအတွက် အဓိကကျသော နည်းလမ်းနှစ်သွယ်ကိုတွေ့ရသည်။ ပထမနည်းလမ်းမှာ ထောက်ပံ့ပို့ဆောင် မှုလုပ်ငန်းဈေးကွက်ကို လွတ်လပ်ခွင့်ပြုခြင်း (Liberalizing logistics services market) ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ထောက်ပံ့ ပို့ဆောင်မှု အခြေခံအဆောက်အအုံတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံခြင်း (Investment in logistics infrastructure) ဖြစ်ပါသည်။ ထောက်ပံ့ပို့ဆောင်မှု အခြေခံအဆောက်

အအုံတွင် အစိုးရ၏ ထိထိရောက်ရောက်ရင်းနှီးမြှုပ်နှံခြင်းနှင့် အစိုးရ-ပုဂ္ဂလိက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းက နိုင်ငံ၏ကုန်သွယ်မှုနှင့် စီးပွားရေး စွမ်းဆောင် ရည်ကို တိုးတက်စေသည့် သာဓကများလည်း ရှိပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ထောက်ပံ့ပို့ဆောင်မှုကောင်းမွန်ရေးဦးစားပေးနယ်ပယ်များ (Priority areas)သတ်မှတ်ဆောင်ရွက်သင့်ပါသည်။ စီးပွားရေးဖွံ့ဖြိုးဆဲ နိုင်ငံများ သို့မဟုတ် ဆင်းရဲသော နိုင်ငံများ၏ စီးပွားရေး စွမ်းဆောင်ရည် (Economic performance) ကို အဓိက အဟန့်အတားပြုလျက်ရှိသော အချက်မှာ ကုန်သွယ်မှုနှင့် ဆက်စပ်နေသောအခြေခံအဆောက်အအုံများ နည်းပါးခြင်းနှင့် ယင်းတို့၏ အရည်အသွေး နိမ့်ကျခြင်း(Availability and quality of the trade related infrastructure)ဖြစ်သည်။ အထူးသဖြင့် ဆိပ်ကမ်း(Port)၊ လမ်း(Road)နှင့် မီးရထားဝန်ဆောင်မှုလုပ်ငန်းများ(Rail services)လုံလောက်မှုမရှိခြင်းနှင့် အရည်အသွေးမပြည့်ဝခြင်း တို့ကို တွေ့ရှိရပါသည်။ စွမ်းဆောင်ရည်ပြည့်ဝသော နယ်စပ် စီမံခန့်ခွဲမှု(Efficient border management) နှင့် နယ်စပ်ကုန်ပစ္စည်းစစ်ဆေးရေး(Border clearance) တွင် ပါဝင်ဆောင်ရွက်ကြသော ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းမှုသည်လည်း အရေးကြီးသော အချက်ဖြစ်ပါသည်။

စီးပွားရေး စွမ်းဆောင်ရည်အနိမ့်ကျဆုံး နိုင်ငံများသည် ထောက်ပံ့ပို့ဆောင်မှု သိသိသာသာတိုးတက်စေရန် ဆောင်ရွက်ပြီး အလွန်ပွင့်လင်းလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုစနစ်၏ အသီးအပွင့်များကိုရယူခံစားရန်လိုအပ်ပါသည်။ ထောက်ပံ့ပို့ဆောင်မှု စွမ်းရည်၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပုံ (Logistics competence, processes and business practices) တို့ကို သိသာစွာတိုးတက်ကောင်းမွန်လာစေရန် တိုက်တွန်းလိုရင်း ဖြစ်သည်။ သို့သော်လည်း ထောက်ပံ့ပို့ဆောင်မှုစွမ်းဆောင်ရည်နိမ့်ကျသောနိုင်ငံများသည် ကုန်းတွင်းပိတ်နိုင်ငံ များ (Land locked countries)ဖြစ်ပြီး ဖြတ်သန်း ကုန်သွယ်ရေး(Transit Trade)ကို အမှီပြုရသောနိုင်ငံများ ဖြစ်ကြပါသည်။ ဤအချက်သည် အဆိုပါနိုင်ငံများ၏ ထောက်ပံ့ပို့ဆောင်မှုကောင်းမွန်ရေးအတွက် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှု၏ သဘော

ထောက်ပံ့ပို့ဆောင်မှု (Logistics) ဆိုသည်မှာ မူရင်း ထုတ်လုပ်သည့်နေရာမှ အသုံးပြုသည့်နေရာသို့ ရောက်ရှိသည်အထိ ကုန်ကြမ်းအပါအဝင် နောက်ဆုံး သုံးကုန်စည်များနှင့် သက်ဆိုင်သော ရုပ်ဝတ္ထုပစ္စည်း စီးဆင်းမှုနှင့် သတင်းအချက်အလက် စီးဆင်းမှုကို စီမံကိန်းရေးဆွဲ၊ အကောင်အထည်ဖော်၊ ထိန်းချုပ်သည့်စီမံခန့်ခွဲမှုဖြစ်စဉ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာထောက်ပံ့ ပို့ဆောင်မှု(International Logistics)တွင် နိုင်ငံတကာ နယ်နိမိတ်ကိုဖြတ်ကျော်လျက်ကုမ္ပဏီ၏ ထုတ်လုပ်ရောင်းချမှုကွင်းဆက် (Supply chain)အတွင်း အဆိုပါသွင်းအားစုများ(Resources)ကိုစီမံခန့်ခွဲရသည့် လုပ်ဆောင်ချက်များပါဝင်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုကောင်စီ(Council of logistics Management) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါသည်။

ထောက်ပံ့ပို့ဆောင်မှုဆိုသည်မှာ စားသုံးသူလက်ဝယ်သို့ကုန်ပစ္စည်းရောက်ရှိသည် အထိတစ်နေရာမှ တစ်နေရာသို့ပို့ဆောင်ပေးရသည့် လုပ်ဆောင်ချက်အပြင် အဆိုပါ ကုန်ပစ္စည်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်တို့ကို စီမံခန့်ခွဲပေးရခြင်းဖြစ်သည်။ ကုန် ပစ္စည်းထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုတွင်ကုန်လက်ကျန်ကိန်းဂဏန်းများနှင့် သင်္ဘောလိုင်း အချိန်ဇယားများကဲ့သို့သော သတင်းအချက်အလက် စုဆောင်းခြင်း (Integration of information)ကုန်စည်များ အတင်အချပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ကုန်လက်ကျန်ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်းနှင့် လုံခြုံရေး စသည်တို့ ပါဝင်ပါသည်။

*Source: www.worldbank.org*

# အများပိုင်ကုမ္ပဏီများနှင့် မြန်မာပြည်

| မောင်ငြိမ်းကာ |

## အများပိုင်ကုမ္ပဏီများ၏ ယနေ့အခြေအနေ

အများနှင့် သက်ဆိုင်သော တစ်နည်းအားဖြင့် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်မှုကိုတပ်မတော် အစိုးရ လက်ထက်တွင်ခွင့်မပြုဘဲ ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၂ ခုနှစ် ယခင်အစိုးရလက်ထက်တွင် လိုအပ်သည့် အရည်အချင်း သတ်မှတ်ချက်များ ပြဋ္ဌာန်းပြီး ပြန်လည် ခွင့်ပြုခဲ့ပါသည်။ ဤကဲ့သို့ခွင့်ပြုပေးခဲ့သော ကြောင့် ၂၀၁၂ ခုနှစ် မတိုင်ခင်က အများပိုင်ကုမ္ပဏီ (၂၁) ခု သာ ရှိခဲ့ရာမှ ယနေ့အချိန်တွင် အများပိုင်ကုမ္ပဏီ စုစု ပေါင်း (၂၆၃) ခု အထိ မြန်ဆန်စွာအရေအတွက် တိုးတက် လာခဲ့ပါသည်။ ထိုသို့တိုးတက်မှုသည် ကောင်းသလိုလို ထင်ရသော်လည်း အများပြည်သူအတွက် အန္တရာယ်ရှိလာနိုင်သည်ကိုလည်း တွေ့နေရပါသည်။



## အယူအဆအလွဲများ

မကြာခင် ရက်ပိုင်းက ပြည်တွင်း သတင်းမီဒီယာ အများအပြားတွင် စီးပွားရေးလုပ်ငန်းတချို့သည် အများပိုင် ကုမ္ပဏီထူထောင်စေပြီးမှ ဆောင်ရွက်သွားမည် ဆိုသည့် သတင်း၊ အစိုးရတင်ဒါအချို့ခေါ်ယူရာတွင် အများပိုင်ကုမ္ပဏီဖြစ်ရမယ်ဆိုသည့် ကန့်သတ်ချက်၊ အချို့ကိစ္စရပ်များတွင် အများပိုင်ကုမ္ပဏီများအား ဦးစားပေးသွားမည် ဆိုသည့်လိုလားချက်စသည့်အချက်များသည် စီးပွားရေး လုပ်ငန်းများသည် ကုမ္ပဏီတစ်ခု၊ တစ်စုံတစ်ဦးက လက်ဝါးကြီးအုပ်တာမျိုးကို ခွင့်မပြုဘဲ ပြည်သူလူထုအားလုံး မျှတစွာ အကျိုးခံစားခွင့် ရရှိစေနိုင်မည်ဟု သီအိုရီအရကြည့်လျှင်မှန်သယောင်ယောင် ရှိပါသည်။ သို့သော် လက်တွေ့တွင် လွဲမှားနေသည့်အယူအဆလည်း ဖြစ်ပါသည်။

## အများပိုင်ဆိုတာဘာလဲ

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ အများနှင့် သက်ဆိုင်သောကုမ္ပဏီ (အများပိုင်ကုမ္ပဏီ) နှင့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီတို့သည် အခွင့်အလမ်းကွာခြားခြင်းမရှိဘဲ အားလုံးအတူတူပင်ဖြစ်ပါသည်။ အဓိက ကွဲပြားချက်တွေကတော့ အောက်ပါအတိုင်းပဲဖြစ်ပါတယ်-

### (၁) အနည်းဆုံး ရှယ်ယာဝင်အရေအတွက်

အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတွင် အနည်းဆုံး ရှယ်ယာဝင် အရေအတွက်(၂)ဦး အနည်းဆုံးလိုအပ်ပြီး အများပိုင်ကုမ္ပဏီမှာတော့ ရှယ်ယာဝင်(၇)ဦး အနည်းဆုံး ရှိရမည်ဖြစ်ပါသည်။

### (၂)အများဆုံး ရှယ်ယာဝင်အရေအတွက်

အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီမှာ အများဆုံးရှယ် ယာဝင် အရေအတွက်(၅၀)ဦးထိသာ ခွင့်ပြုသော်လည်း အများပိုင်ကုမ္ပဏီတွင် ရှယ်ယာဝင် အရေအတွက် ကန့်သတ်ချက်မရှိပါ။

### (၃) ဒါရိုက်တာဦးရေ

အများနှင့်မသက်ဆိုင် သည့် ကုမ္ပဏီတွင် ဒါရိုက်တာဦးရေ (၂) ဦးအနည်းဆုံး လိုအပ်ပြီး အများပိုင်ကုမ္ပဏီတွင် ဒါရိုက်တာ (၃) ဦး အနည်းဆုံးရှိရ မည်ဖြစ်ပါသည်။

### (၄) အစုရှယ်ယာများ လွှဲပြောင်းခွင့်

အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကိုလွတ်လပ်စွာလွှဲပြောင်းခွင့်မပြုသော်လည်း အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာလွှဲပြောင်းခွင့်တွင် ကန့်သတ်ချက်မထားရှိပါ။

### (၅) အလားအလာညွှန်းတမ်း (Prospectus) ထုတ်ပြန်ခြင်း

အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၏ ရှယ်ယာများကို အများပြည်သူကို ထုတ်ဝေရောင်းချခွင့် မပြုသည့် အပြင်အလားအလာ ညွှန်းတမ်းကိုလည်း ထုတ်ပြန်ခွင့်မပြုပါ။ သို့သော်အများပိုင်ကုမ္ပဏီတွင် အများပြည်သူကို ရှယ်ယာ ထုတ်ဝေရောင်းချခွင့်နှင့် အလားအလာ ညွှန်းတမ်း ထုတ်ပြန်ခွင့်ရှိပါသည်။

### (၆) စီးပွားရေးလုပ်ငန်းစတင်ခြင်း

အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု အနေဖြင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးသည်နှင့် စီးပွားရေး လုပ်ငန်း စတင်ဆောင်ရွက်ခွင့်ရှိသော်လည်း အများပိုင် ကုမ္ပဏီတစ်ခုသည် ၁၉၁၄ ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်း စတင်ဆောင် ရွက်ခွင့်လက်မှတ်ရရှိပြီးမှသာ လုပ်ငန်း စတင်ဆောင် ရွက်ခွင့်ရှိပါသည်။

### (၇) ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး (Statutory Meeting) ကျင်းပခြင်း

အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုအနေဖြင့် ပြဋ္ဌာန်းဥပဒေနှင့်အညီ အစည်းအဝေး ခေါ်ယူရန်

မလိုအပ်သော်လည်း အများပိုင်ကုမ္ပဏီတစ်ခုအနေဖြင့် ပြဋ္ဌာန်းဥပဒေနှင့် အညီ အစည်းအဝေး ခေါ်ယူရန်နှင့် အစည်းအဝေး မှတ်တမ်း ကို ကုမ္ပဏီမှတ်ပုံတင်အရာရှိထံ ပုံမှန်ပေးပို့ရန် လိုအပ် ပါသည်။

အများပိုင်ကုမ္ပဏီ၏ အားသာချက်သည် အစုရှယ်ယာဝင်ဦးရေကန့်သတ်ချက်မရှိသည့်အတွက် ကုမ္ပဏီအနေဖြင့် မိမိ၏ စီးပွားရေးလုပ်ငန်းချဲ့ထွင်ရန် အတွက် အရင်းအနှီးစုဆောင်း ချဲ့ထွင်ခြင်းကို အကန့်အသတ်မရှိ ဆောင်ရွက်ခွင့်ရှိပါသည်။ သို့သော်အများ ပိုင်ကုမ္ပဏီတစ်ခု၏ စီးပွားရေး လုပ်ငန်းများတွင် ဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ခဲ့လျှင် ရှယ်ယာ ထည့်ဝင်ထားသည့် အများပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုရှိမည် ဖြစ်ပါသည်။

## ထိန်းကျောင်းမှုများ

ထို့ကြောင့်အများပိုင်ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းတင်းကြပ်စွာ ထိန်းကျောင်းလေ့ရှိပြီး အဆိုပါ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ငွေရေးကြေးရေး အခြေအနေနှင့် အခြားကိစ္စအဝဝကို ရှယ်ယာဝင် အားလုံးအပါအဝင် အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာပေးရပါသည်။ နိုင်ငံအများစုမှာအများပိုင်ကုမ္ပဏီများရှယ်ယာ ထုတ်ဝေရောင်းချခြင်းကို စတော့အိတ်ချိန်းများတွင် စာရင်းဝင်ဖြစ်ပြီးမှ ရောင်းချခွင့်ပြုလေ့ရှိပြီး ဤသို့ ရောင်းချနိုင်ရန်အတွက် IPO (Initial Public Offering)ဆိုသည့် လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရပါသည်။ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာရန်အတွက် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီအဖြစ်မှစတင်ရပြီး အဆိုပါကုမ္ပဏီသည် ဝင်ငွေရလမ်း ကောင်းမွန်မှုနှင့် အကျိုးအမြတ်ရရှိမှုတို့ကို ပြသနိုင်ရန်လိုအပ်ပါသည်။ ထို့ကြောင့်အများပိုင်အဖြစ် ပြောင်းလဲဆောင်ရွက်သည့်ကုမ္ပဏီများသည်ကောင်းစွာ ထူထောင်လည်ပတ် အကျိုးအမြတ်ရှိနေပြီး ယှဉ်ပြိုင်နိုင်စွမ်းကောင်းသည့်ကုမ္ပဏီများ ဖြစ်ကြပါသည်။ ပြန်လည်သုံးသပ်ကြည့်လျှင် အများပိုင်ကုမ္ပဏီအဖြစ် တိုက်ရိုက်ထူထောင်လေ့မရှိကြဘဲ စီးပွားရေးအရအကျိုးအမြတ်အားကောင်းပြီး လုပ်ငန်းချဲ့ထွင်နိုင်မည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများကသာ အများပိုင် ကုမ္ပဏီအဖြစ် ပြောင်းလဲထူထောင်လေ့ရှိကြပါသည်။

အမေရိကန်နိုင်ငံမှာ ကျင့်သုံးဆောင်ရွက်မှုကို ဥပမာအနေနှင့် တင်ပြရရင် အများနှင့် မသက်ဆိုင် သည့် ကုမ္ပဏီတစ်ခုဟာ တစ်နှစ်ဝင်ငွေအနည်းဆုံး ဒေါ်လာ သန်း ၁၀၀ ရှိပြီး ၆ လ ဆက်တိုက် အမြတ်အစွန်း ပေါ်ပေါက်မှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါသည်။ ယေဘုယျအားဖြင့် နိုင်ငံအများစုမှာအများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာရန် အတွက် အောက်ဖော်ပြပါ စံနှုန်းသတ်မှတ်ချက်များကို လည်း သတ်မှတ်လေ့ ရှိကြပါ သည်-

(၁) အောင်မြင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း မှတ်တမ်းအခိုင်အမာရှိခြင်း။

(၂) ဝင်ငွေတိုးတက်ကောင်းမွန်ကြောင်း သက်သေပြနိုင်ခြင်း။

(၃) အနာဂတ်တိုးတက်မှုအတွက် အလားအလာကောင်းရှိကြောင်း ပြသနိုင်ခြင်း။

(၄) စဉ်ဆက်မပြတ် ဈေးကွက်ဝင်ရောက်နိုင်ခြင်း။

(၅) ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုနှင့်စာရင်းအင်း ထိန်းသိမ်းဆောင်ရွက်မှုကောင်းမွန်ခြင်း။

(၆) အရည်အသွေး မြင့်မားသည့် အုပ်ချုပ်မှု ဒါရိုက်တာ အဖွဲ့ရှိခြင်းတို့ဖြစ်ပါသည်။

ကုမ္ပဏီတိုင်းသည် အထက်က အခြေအနေ ၆ ရပ်နှင့် ပြည့်စုံရန်ခဲယဉ်းသည့်အတွက် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာရန်လည်း မလွယ်ကူလှပါ။ တစ်ဖက်ကပြန်ကြည့်လျှင်လည်း ကမ္ဘာပေါ်တွင် အောင်မြင်နေသည့် ကုမ္ပဏီကြီးအများစုသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများဖြစ်သည်ဆိုတာကို တွေ့ရပါသည်။ ထို့ကြောင့် အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီကြီး တစ်ခုဖြစ်ရန် အလားအလာမရှိ ဘူးဆိုသည့် အယူအဆသည်လည်း မှန်ကန်မှုမရှိပါဘူး။ ဥပမာအားဖြင့် DELL ကုမ္ပဏီသည်အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ တစ်နှစ်တာရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံရှိခဲ့ပါသည်။ မှန့်မျိုးစုံ

နှင့် တိရစ္ဆာန်အစားအစာများ၊ စားသောက်ကုန်များ ရောင်းချသည့် Mars ကုမ္ပဏီသည်လည်း အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်ပြီး ၂၀၁၅ ခုနှစ်တစ်နှစ်တာ ရောင်းရငွေ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရှိခဲ့ပါသည်။

## အများပိုင်ကုမ္ပဏီတစ်ခု၏ အားနည်းချက်များ

အများပိုင် ကုမ္ပဏီများတွင် အကဲမသာသည့် အချက်များသည့်အနက် ပထမဆုံး အားနည်းချက်ကတော့ အကယ်၍များ အခြားရှယ်ယာပိုင်ရှင်များက ကုမ္ပဏီ၏ ရှယ်ယာအများစုကို ပိုင်ဆိုင်သွားသည့်အခါ ဒါရိုက်တာအဖွဲ့ကို ရွေးချယ်နိုင်ခွင့် ပိုမိုရရှိသွားသည့်အတွက် မူရင်းပိုင်ရှင်များသည်ကုမ္ပဏီအပေါ်တွင် ထိန်းချုပ်နိုင်ခွင့် ဆုံးရှုံးသွားသည်။ ထိုအခြေအနေတွင် ကုမ္ပဏီရှယ်ယာပိုင်ရှင်များအကြားမှာ အငြင်းပွားမှုကို ပေါ်ပေါက်စေလေ့ရှိပါသည်။ နောက်တစ်ချက်ကတော့ အများပိုင် ကုမ္ပဏီသည်သူ၏ရှယ်ယာရှင်များကိုလုပ်ငန်း၏ အကျိုးအမြတ်နှင့်အခြေအနေအရပ်ရပ်ကိုမပျက်မကွက် အသိပေးရန်၊ နှစ်စဉ်နှစ်ပတ်လည် ရှင်းတမ်းအသေးစိတ် ထုတ်ပြန်ပြီး အများပြည်သူကို ချပြရန် လိုအပ်ပါသည်။ နောက်တစ်ချက်ကတော့ စီးပွားရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှု ဆုံးရှုံးသွားခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည်ကုမ္ပဏီ၏ အကျိုးအမြတ်ရရှိမှုကို တစိုက်မတ်မတ် စောင့်ကြည့်နေလေ့ရှိသည့်အတွက် ဒါရိုက်တာအဖွဲ့နှင့် စီမံအုပ်ချုပ် သူများအပေါ် ဖိအား ဖြစ်စေပြီး ၎င်းတို့အနေဖြင့် ရေတို အကျိုးအမြတ်ရရှိရေးကို ပိုမိုအာရုံစူးစိုက်နေရသည့်အတွက် ရေရှည်မှသာ အကျိုးအမြတ်ရရှိမည့် လုပ်ငန်းများကို လက်လွတ် ဆုံးရှုံးရလေ့ရှိပါသည်။

## ဘယ်လို လုပ်သင့်သလဲ

ထို့ကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်ပြီး ဘာမှအခြေမတည်ရသေးခင်မှာ အများပိုင်ကုမ္ပဏီအဖြစ် မထူထောင်ကြရန် သတိပြုကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာရှင် ၅၀ ဦးအထိ ပါဝင်ခွင့်ရှိသည့်အတွက် စတင်ထူထောင်မည့် လုပ်ငန်းသစ်တစ်ခုအတွက် လုံလောက်သည့် ရှယ်ယာရှင်များနှင့် ဖွဲ့စည်းနိုင်ပါသည်။ ဤကဲ့သို့ ဖွဲ့စည်းထားသည့် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်း အခြေတည်မိပြီး အကျိုးအမြတ် ပိုမိုရရန်နှင့် လုပ်ငန်းချဲ့ထွင်နိုင်ရန် လိုအပ်လာသည့် အခါမှသာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းသင့်၊ မပြောင်းသင့် စဉ်းစား ဆုံးဖြတ်ပြီး ဆောင်ရွက်သင့်ပါသည်။ စီးပွားရေးလုပ်ငန်းသစ်တစ်ခုကို အများပိုင် ကုမ္ပဏီထူထောင်ပြီး စတင်ဆောင်ရွက်ခြင်းသည် အန္တရာယ်ကြီးမားပြီး အကျိုးအမြတ်ရနိုင်ခြေနည်းပါးပါသည်။

## မြန်မာအများပိုင်ကုမ္ပဏီများ

မြန်မာပြည်တွင်ထူထောင်ထားသည့်အများပိုင် ကုမ္ပဏီအများစုသည် တိုက်ရိုက်အများပိုင် ထူထောင်ထားသည့်ကုမ္ပဏီများဖြစ်ပြီး အဆိုပါကုမ္ပဏီများသည် စီးပွားရေးနှင့်ပတ်သက်သည့်ဝင်ငွေ အကျိုးအမြတ်သမိုင်းကြောင်း၊ ဈေးကွက်ဝေစုရရှိမှု၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အလားအလာခိုင်ခိုင်မာမာ မရှိသေးဘဲ ထူထောင်ထားကြတာကိုတွေ့ရပါသည်။ ကုမ္ပဏီများ၏ စွမ်းဆောင်ချက်ကိုလည်း ရေရေရာရာမပြနိုင်ကြသေးသည့်အတွက် အဆိုပါ အများပိုင်ကုမ္ပဏီများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြသည့် အများပြည်သူများအတွက်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ရတာနှင့် မတူဘဲ ထီထိုးရသလို ဖြစ်နေပါသည်။ အများပြည်သူအနေဖြင့် အဆိုပါကုမ္ပဏီများ၏ဈေးကွက်တန်ဖိုး၊ ရှယ်ယာတန်ဖိုးကိုတိတိကျကျမသိရဘဲဝင်ရောက်ရင်းနှီးမြှုပ်နှံနေရတာ အန္တရာယ်များလှပါသည်။ မြန်မာနိုင်ငံကဲ့သို့ စီးပွားရေး အသွင်ကူးပြောင်းဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် အများပိုင်ကုမ္ပဏီများဖွဲ့စည်းထူထောင်မှုအပေါ်တွင် အစိုးရပိုင်းကရော၊ အများ ပြည်သူကပါ အယူအဆ အလွဲများ မပေါ်ပေါက်မိစေရန် အရေးကြီးလှပါသည်။

# ၂၀၃၀ လုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေး

| ဒေါက်တာခိုင်ခိုင်ဝင်း |

၂၀၁၅ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့တွင် 'ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် ၂၀၃၀ လုပ်ငန်းစဉ်' (The 2030 Agenda for Sustainable Development)ကိုကုလသမဂ္ဂအထွေထွေညီလာခံမှကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ တညီတညွတ်တည်းသဘောတူညီမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါလမ်းစဉ်တွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပေါင်း (Sustainable Development Goals, SDGs) (၁၇) ခုနှင့် ရည်မှန်းချက်ပေါင်း (Targets) (၁၆၉)ခု ပါရှိပါသည်။ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းတာမည့် ညွှန်းကိန်းပေါင်း (Indicators)(၂၄၁)ခု ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်အား ကမ္ဘာတစ်ဝှန်းတွင် အကောင်အထည်ဖော်ရမည့် ကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ခုနှစ် အထိ (၁၅) နှစ်တာဖြစ်ပါသည်။

လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်လိုအပ်လာပြီဖြစ်ကြောင်း ၂၀၃၀ လုပ်ငန်းစဉ်ကြေညာချက်တွင် လူ့အခွင့်အရေး စကားလုံးအား(၁၂)ကြိမ်တိတိ ဖော်ပြထားသည်ကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်ပါသည်။ နိဒါန်းပိုင်းတွင် ၁ ကြိမ်၊ အပိုဒ် ၃၊ ၈၊ ၁၀ တို့တွင် ၁ ကြိမ်စီ၊ အပိုဒ် ၁၉ တွင် ၂ကြိမ်နှင့် အပိုဒ် ၂၀၊ ၂၉၊ ၃၅၊ ၅၉ ၏၄. ၇၊ ၆၇ နှင့် ၇၄၏ (င) တို့တွင် ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေးသည် အဓိကပဓာနကျလာခြင်းကို အဆိုပါလုပ်ငန်းစဉ် ကြေညာချက်မှ သက်သေပြနေသလို ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များမှလည်း ကြေညာချက်ကို ထောက်ခံအတည်ပြုခြင်းဖြင့် လူ့အခွင့်အရေးအခြေခံသဘောတရားများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် မရှိမဖြစ် ပါဝင်နေခြင်းကို ထောက်ခံအတည်ပြုခြင်းဟုလည်းဆိုနိုင်ပါသည်။

ကြေညာချက်၏ နိဒါန်းပိုင်းတွင် လူသားတိုင်း၏ လူ့အခွင့်အရေးကို အသိအမှတ်ပြုနိုင်ရေး ကြိုးပမ်းရှာဖွေရန်ဟုလည်းကောင်း၊ အပိုဒ်(၃)တွင်လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကျားမတန်းတူရှိစေရေးကို မြှင့်တင်ရန်ဟုလည်းကောင်း၊ အပိုဒ်(၈)တွင် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားသောကမ္ဘာကြီးဖြစ်ပေါ်လာရေး မျှော်မှန်း၍ဟုလည်းကောင်း၊ အပိုဒ် (၁၀) တွင် ယခုလုပ်ငန်းစဉ်အသစ်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အခြေပြုထားခြင်းဖြစ်သည်ဟုလည်းကောင်း၊ အပိုဒ်(၁၉)တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ၏ အရေးပါမှုကို ထပ်လောင်းအတည်ပြု၍ဟုလည်းကောင်း၊ အပိုဒ်(၂၀)တွင် လူသားတို့၏ လူ့အခွင့်အရေးနှင့် အခွင့်အလမ်းများကို အပြည့်အဝခံစား၍ မရအောင် ငြင်းပယ်ခံရခြင်းများ ရှိခဲ့ပါက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်မည်မဟုတ်ဟူ၍လည်းကောင်း၊ အပိုဒ်(၂၉)တွင် ရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံရေးခိုလှုံသူများ၊ ရွှေ့ပြောင်းခံရသူများ၏လုံခြုံရေးနှင့် ကောင်းမွန်စွာ စနစ်တကျနေထိုင်ရေးတို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို အပြည့်အဝ လေးစားရန် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မည်ဟုလည်းကောင်း၊ အပိုဒ်(၃၅)တွင်လူ့အခွင့်အရေးလေးစားမှုကို အခြေခံ၍ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ဖြင့် ငြိမ်းချမ်း၍ တရားမျှတပြီး အားလုံးအကျုံးဝင် ပါဝင်သည့် လူမှုအဖွဲ့အစည်း တည်ဆောက်ရန် လိုအပ်မှုကိုဤကြေညာချက်အသစ်မှ အသိအမှတ်ပြု၍ဟုလည်းကောင်း၊ အပိုဒ်

(၅၉)ပန်းတိုင် (၄)၏ ရည်မှန်းချက်(၄. ၇)တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် လူနေမှုဘဝတို့အတွက် လူ့အခွင့်အရေး၊ ကျား/မ တန်းတူရှိရေး၊ ငြိမ်းချမ်းရေး၊ အကြမ်းမဖက်ရေး စသည့်အသိပညာများကို အသိပညာပေးလုပ်ငန်းများမှ လေ့လာဆည်းပူးသူ အားလုံးသည် ၂၀၃၀ ပြည့်နှစ်တွင် လိုအပ်သည့် ဗဟုသုတများ၊ ကျွမ်းကျင်မှုများကို သိရှိနားလည်ပြီးဖြစ်ရန်အတွက် သေချာအောင် ဆောင်ရွက်ရန်ဟုလည်းကောင်း၊ အပိုဒ်(၆၇)တွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ အစည်း၏ အလုပ်သမား အဆင့်အတန်းများ၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်နှင့် နိုင်ငံအများမှ သဘောတူညီထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များအတိုင်း အလုပ် သမားများ၏ အခွင့်အရေး၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေး အဆင့်အတန်းများကို ကာကွယ်စောင့်ရှောက်ရင်း စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ လုပ်ကိုင်နိုင်ရေး မြှင့်တင်ဆောင်ရွက်သွားမည်ဟူ၍လည်းကောင်း၊ အပိုဒ်(၇၄)(င) တွင် အကောင်အထည်ဖော်မှု နောက်ဆက်တွဲသုံးသပ်ချက် လုပ်ငန်းစဉ်များသည် ပြည်သူလူထု ဗဟိုပြု၊ ကျား/မ တန်းတူရှိမှု၊ လူ့အခွင့်အရေးကို လေးစားရန်နှင့် အထူးသဖြင့် အဆင်းရဲဆုံး၊ ထိခိုက်ရှလွယ်မှု အများဆုံးနှင့် ချန်ထားခံခဲ့ရသူများကို ဗဟိုပြုဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

ယနေ့ကမ္ဘာကြီးသည် ကမ္ဘာကြီးနှင့် လူသားတို့၏ ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုကို လူသားတို့၏ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ လူ့အခွင့်အရေး အပြည့်အဝခံစားမှု အစရှိသည်တို့နှင့် တိုင်းတာရမည်ဆိုသည်ကို ယုံကြည်လာကြပြီဖြစ်ကြောင်းကို ယနေ့ချမှတ်လိုက်သည့် 'ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်'နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကိုကြည့်ခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။

'ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်' ကမ္ဘာ့နိုင်ငံများတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှစတင် အသက်ဝင်လာခဲ့ပြီး ဖြစ်ပါသည်။ သို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရန် ကမ္ဘာနိုင်ငံများသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စီမံကိန်း၊ စီမံချက်များကို ရေးဆွဲရတော့မည်ဖြစ်သည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်သူလူထုကို ဦးစားပေးပြီး ပြည်သူလူထုဗဟိုပြု၊ လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှုလမ်းစဉ်များဖြင့် ဖွံ့ဖြိုးရေးများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းကိုသာ ပဓာနထားပြီး ပြည်သူလူထုကို ချန်ထားခဲ့ခြင်းမျိုး မဖြစ်စေရပါ။ အကြောင်းမှာ ပြည်သူလူထုတွင် ၎င်းတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖြစ်စဉ်တွေမှာ အပြည့်အဝ ပါဝင်နိုင်သည့် အခြေခံလူ့အခွင့်အရေးများ ရှိနေသောကြောင့်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် 'ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်' ၏ မျှော်မှန်းချက်တွင် 'လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို လေးစားမှုရှိပြီး တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ခွဲခြားမှုမရှိရေးတို့နှင့် လူမျိုး၊ မျိုးနွယ်စု၊ ယဉ်ကျေးမှုကွဲပြားခြင်းတို့ကို လေးစားပြီး လူသားအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် အသီးအပွင့် အကျိုးအမြတ်များကို မျှဝေခံစားနိုင်သည့် ကမ္ဘာလောကကြီး ဖြစ်ပေါ်လာရေး မျှော်မှန်းပါသည်'ဟု ရေးသားထားသည့်အတွက် ကမ္ဘာ့နိုင်ငံများသည် ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ (၁၅) နှစ်တာကာလအတွင်း 'ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀လုပ်ငန်းစဉ်'၏ ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် လူ့အခွင့်အရေးကို အသိအမှတ်ပြု၍ လူ့အခွင့်အရေး၏ အခြေခံသဘောတရားများဖြစ်သည့် တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိရေးကိုအခြေခံ၍ လူသားအားလုံး (ယောကျ်ား၊ မိန်းမ၊ သက်ကြီးသူ၊ ငယ်ရွယ်သူ၊ မသန်စွမ်းသူ၊ သန်စွမ်းသူ၊ ကလေး၊ လူကြီး) အားလုံး အကျုံးဝင်ပါဝင်သော စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြလျှင်ဖြင့် ငြိမ်းချမ်း၊ သာယာ၊ တရားမျှတပြီး ပျော်ရွှင်သော လူသားများ နေထိုင်သည့် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာလောကကြီး ဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါသည်။

# မဟာမဲခေါင်ဒေသတွင်း
# စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးမှုအတွက်
# အထူးစီးပွားရေးဇုန်များ

| ဒေါက်တာပင်လုံအေး |

ကမ္ဘာ့နိုင်ငံအသီးသီးတွင်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ခြင်း၊ ဈေးကွက်ပိုမိုလွတ်လပ်ခြင်း၊ အလုပ်အကိုင်များ ဖန်တီး၍ လူနေမှု အဆင့်အတန်းမြှင့်တင်နိုင်ခြင်း၊ နိုင်ငံခြား ပို့ကုန်မြှင့်တင်နိုင်ခြင်း၊ နည်းပညာများ ရရှိနိုင်ခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျသော ဒေသများအားပိုမိုဖွံ့ဖြိုးလာစေခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်မှုတွင် ဈေးနှုန်းချိုသာပြီး ကမ္ဘာ့ထုတ်ကုန်ဈေးကွက်သို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း စသော အခွင့်အလမ်းကောင်းများ ရရှိနိုင်သည့်အတွက်မိမိတို့နိုင်ငံနှင့် အိမ်နီးချင်းနယ်စပ်များတွင် အထူးစီးပွား ရေးဇုန်များ Special Economic Zones-SEZs များ တည်ထောင်ရန် စိတ်ဝင်စားလာကြသည်။



## စီးပွားရေးဇုန် အမျိုးအစားများ

ကမ္ဘာ့ဘဏ်မှ စီးပွားရေးဇုန်များအား ကုန်သွယ်မှုကို အထောက်အကူပြုရန်အတွက် Free trade zones FTZ၊ နိုင်ငံခြားသို့ ကုန်သွယ်ရန်အတွက် အဓိကထား ထုတ်လုပ်သော ထုတ်ကုန်ထုတ်လုပ်မှုဇုန်များ Export processing zones EPZ လွတ်လပ် သော စီးပွားရေးဇုန်များ Free zones/ Free economic zones FZ/FEZ၊ စက်မှု ဥယျာဉ်မြို့တော် Industrial parks။ industrial estates IE၊ ကုန်ချောအဖြစ် အဆင့်မြှင့်တင်ရန်အတွက် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းများ Free ports၊ သယ်ယူထောက်ပို့ရေး ဥယျာဉ်မြို့တော်များ Bonded logistics parks BLP၊မြို့ပြ လုပ်ငန်းဇုန်များ Urban enterprise zones ဟု အမျိုးအစားခွဲခြား သတ်မှတ်ထားသည်။ လုပ်ငန်းသဘောသဘာဝပေါ် မူတည်၍ စီးပွားရေး ဇုန်အမျိုးအစားများကွဲပြားပြီး အထူးစီးပွားရေးဇုန်များသည် နိုင်ငံစီးပွားလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရန် အတွက် အထောက်အကူပြုသည်။

## အထူးစီးပွားရေးဇုန်များ

SEZs ဆိုသည်မှာနိုင်ငံတွင်းရှိအခြားဒေသများ၏ စီးပွားရေး၊ ကုန်သွယ်ရေး ဥပဒေများနှင့် ကွဲပြားခြားနားကာ သီးခြားသတ်မှတ်ထားသည့်နယ်ပယ်တစ်ခုဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုအလုပ်အကိုင်အခွင့်အလမ်းများနှင့် ထိရောက်၍ အကျိုးရှိသော စီမံခန့်ခွဲမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော နယ်ပယ် တစ်ခုဖြစ်သည်။ဇုန်အတွင်းစီးပွားရေးလုပ်ငန်းများ စတင် တည်ထောင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှု၊ အခွန်ကောက်ခံခြင်း၊ ကုန်သွယ်ရေး၊ ဝေစု၊ အကောက်အခွန်နှင့်အလုပ်သမားဆိုင်ရာလုပ်ထုံးလုပ်နည်းများ အစရှိသည့်ငွေကြေးဆိုင်ရာ မူဝါဒများအား စတင်ရေးဆွဲရပြီး ကုမ္ပဏီများ အတွက် အခွန် ကင်းလွတ် ခွင့် ကာလ tax holidays များနှင့် သတ်မှတ်ကာလအတွင်း အခွန်ကောက်ခံမှုနှုန်းထားအား လျှော့ချပေးသည်။ SEZs များသည်ပြောင်းလဲမှုများနှေးကွေး၍ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပြည့်စုံမှုမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်များစွာ အရေးပါသည်။



## မဟာမဲခေါင်ဒေသခွဲအတွင်းရှိ အထူးစီးပွားရေးဇုန်များ၏ အခြေအနေ

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် မဟာမဲခေါင်ဒေသခွဲ-ဂျီအမ်အက်စ်အဖွဲ့ဝင် နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ဗီယက်နမ်၊ မြန်မာနှင့်ထိုင်းနိုင်ငံများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကောင်းမွန်သောယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အသိုက်အဝန်းဖြစ်စေရန် အထူးစီးပွားရေးဇုန်များအား ဒေသတွင်းစီးပွားရေး စင်္ကြံများဖြစ်သော ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖြစ်သော တောင်-မြောက်၊ မြောက်ပိုင်း၊ အရှေ့မြောက်၊အလယ်ဗဟိုပင်မ၊ အရှေ့-အနောက်၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့်တောင် ပိုင်းကမ်းရိုးတမ်းစင်္ကြံဟူ၍ စီးပွားရေးစင်္ကြံ(၉)ခု တစ် လျှောက် အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လှုံ့ဆော်ပေးနိုင်သော တွန်းအား တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ၏ SEZs ဆိုင်ရာ သမိုင်းကြောင်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ တံခါးဖွင့်မူဝါဒ၏ စဦးအဆင့် ၁၉၈၀ ခုနှစ်တွင်

ကမ်းရိုးတမ်းမြို့များ၌ SEZs (၄) ခုပေါ်ထွက်ခဲ့ပြီး နောက်ပိုင်းတွင် အမည်အမျိုးမျိုးဖြင့် အထူးစီးပွားရေးဇုန် တစ်ရာကျော်ပေါ်ထွက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည်အထူးစီးပွားရေးဇုန်များ တက်ကြွစွာအကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နယ်စပ်စီးပွားရေးဇုန် (၂၇) ခုဖော်ထုတ်ခဲ့သော်လည်း အချို့သော SEZsများမှာကောင်းစွာမဖွံ့ဖြိုးပေ။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်အထိ SEZs (၉) ခုမှာ လည်ပတ်လျက်ရှိပြီး (၂၀) ကျော်မှာ ခွင့်ပြုချက်ရရှိပြီးဖြစ်သည်။ အဆိုပါ(၉)ခုသည်တောင်ပိုင်း စကြံ၊ ဗီယက်နမ်နိုင်ငံနယ်စပ်နှင့် ထိုင်းနိုင်ငံနယ်စပ်တို့ တွင် တည်ရှိသည်။

လာအို PDRတွင်ပထမဆုံးသော SEZ ဆိုင်ရာ အမိန့်ဒီဂရီအား ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော်လည်း ၂၀၀၉-၁၁ အထိ SEZ ဆိုင်ရာ စနစ်တကျတရားဥပဒေ ပြဋ္ဌာန်းခြင်းအား နိုင်ငံတွင်း ပထမအဆင့်ပင် ဆောင်ရွက် နိုင်ခြင်းမရှိပေ။ထို့ကြောင့်လာအို PDR ၏ SEZs အရေ အတွက်အားတိကျစွာ မသိရှိနိုင်ပေ။ အာရှဖွံ့ဖြိုးရေးဘဏ် ၏ စာရင်းအရ နိုင်ငံတွင်းရှိ SEZsအရေအတွက် (၂) ခု ထက်ပိုသည်ဟု ဖော်ပြထားသော်လည်း Savannakhe နှင့် Golden Triangle SEZs သာ လုပ်ငန်းများဆောင် ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ၎င်းနှင့် နယ် နိမိတ်ထိစပ်လျက်ရှိသောပြည်နယ် (၁၀) ခုတို့တွင် SEZs များစတင်တည်ထောင်၍ ထုတ်ကုန်အခြေပြုကာ အာဆီယံ အဖွဲ့ဝင် အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်၍ ထိုင်းနိုင်ငံ နယ်စပ်များတွင် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် ရည်ရွယ် သည်။ အဆိုပါ SEZs (၁၀) ခုသည် မလေးရှားနိုင်ငံနှင့် နယ်နမိတ်ထိစပ်လျက်ရှိသောSongkhla နှင့် Narathiwat SEZsများအား ထည့်သွင်းထားခြင်း မရှိပေ။ ဒေသ တွင်း အဖွဲ့ဝင်နိုင်ငံများအနက် ထိုင်းနိုင်ငံရှိ SEZsများသည် ကောင်းမွန်စွာလည်ပတ်နိုင်ပြီး အလားအလာကောင်းမွန် ပါသည်။ မြန်မာနိုင်ငံရှိ SEZsအခြေအနေအား သီးခြား ဖော်ပြလိုပါသည်။

## မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များနှင့် လက်ရှိအခြေအနေ

မြန်မာနိုင်ငံ၏ SEZsဆိုင်ရာ ဥပဒေမူဘောင် ဖြစ်သော မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေအား ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည်။ ကမ်းရိုးတမ်းဒေသရှိသော ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူSEZs များအား တရုတ် နိုင်ငံနယ်စပ်အနီး Laukkaing ရှိ Kokant Marliparနှင့် ထိုင်းနိုင်ငံနယ်စပ်ရှိ မြဝတီစီးပွားရေးဇုန်တို့အား မှိုင်းမြင်း ထားခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်စက်တင်ဘာလတွင် ထားဝယ်နှင့် သီလဝါSEZsအတွက်စီမံခန့်ခွဲမှုကော်မတီ များကိုတည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျောက်ဖြူ SEZs အတွက် ဖွဲ့စည်းခဲ့ပါသည်။ သီလဝါ SEZs အတွက် Nippon Koei ကုမ္ပဏီနှင့် ကျောက်ဖြူ SEZsအတွက် Creative Professional Group တို့မှ စိတ်ဝင်စားမှုများရရှိခဲ့သည်။

## ထားဝယ်အထူးစီးပွားရေးဇုန်

ထားဝယ်စီးပွားရေးဇုန်သည် ဂျီအမ်အက်စ် တောင်ပိုင်းစကြံ၏ နယ်နိမိတ်အဆုံးသတ်ဖြစ်ပြီး ရေနက် ဆိပ်ကမ်းတစ်ခုအဖြစ် ဘန်ကောက်နှင့်အခြား အရှေ့ အရပ်တို့မှ ကုန်သည်များအနေဖြင့် အိန္ဒိယသမုဒ္ဒရာမှ တစ်ဆင့်ကုန်သွယ်နိုင်မည်ဖြစ်သည်။ ၂၀၀၈ခုနှစ်တွင် ထိုင်းနှင့်မြန်မာနိုင်ငံတို့သည် ထားဝယ်စက်မှုဇုန် ဖွံ့ဖြိုးရေး အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး အီတာလျံ-ထိုင်းဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီအား ဇုန်တည် ဆောက်ရေးအတွက် ၇၅ နှစ်ကြာလုပ်ပိုင်ခွင့်ပေးခဲ့သော် လည်း လုံလောက်သော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ပျက် ကွက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ဂျပန်နိုင်ငံမှ ထားဝယ် SEZs ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၌ထိုင်းနှင့်မြန်မာ နိုင်ငံမှ ရှယ်ယာအရေအတွက်ဖြင့် စပ်တူလုပ်ဆောင်ရန် နှင့် သဘောတူညီခဲ့သည်။ ထိုနေ့တွင် Rojana စက်မှု ဥယျာဉ်မြို့ PLC နှင့် အီတာလျံ-ထိုင်းဖွံ့ဖြိုးမှုမှ ခန့်မှန်း ကုန်ကျစရိတ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ အားစီမံကိန်း ပထမအဆင့်ဖွံ့ဖြိုးတိုးတက်မှုတွင်အသုံးပြု

မည်ဟု ကြေညာခဲ့သည်။ ငွေကြေးနှင့်အဖွဲ့အစည်းဆိုင်ရာ ပြဿနာများအပြင် ထားဝယ် SEZသည်ဒေသခံများ၏ မြေယာသိမ်းဆည်းခံရမှုများ၊ အတင်းအကြပ်နေရာရွှေ့ပြောင်းခံရမှုများ၊ လယ်ယာမြေသိမ်းယူမှုလျော်ကြေးအဖြစ် အစားပြန်လည်ပေးအပ်မှုမှာ လုံလောက်မှုမရှိခြင်း၊ လုံလောက်သည့်စားနပ်ရိက္ခာနှင့်သင့်တော်သော အိမ်ယာများ မရရှိခြင်းများကြောင့် ကန့်ကွက်မှုကိုခံခဲ့ရသည်။ ထို့ပြင်စက်မှုဇုန်မှထုတ်လွှတ်သော ဓာတ်ငွေ့များ၏ ညစ်ညမ်းမှုများကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများအား စိုးရိမ်ကြသည်။

## သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်

သီလဝါနှင့်ကျောက်ဖြူ SEZsသည်ဂျီအမ်အက်စ် စင်္ကြံများတွင် တည်ရှိခြင်းမရှိပါ။ သီလဝါ SEZသည် ရန်ကုန်မြို့မှ (၁၈) ကီလိုမီတာအကွာတွင် တည်ရှိကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပထမအဆင့်ဖွင့်ပွဲအား ပြုလုပ်ခဲ့သည်။ထိုအဆင့်တွင် ဟက်တာ (၄၀၀) ဧရိယာကျယ်ဝန်းပြီး အဆင့်မြင့် နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံ၊ စက်မှုထုတ်ကုန်စီမံကိန်းများ ပါဝင်ပြီး Suzuki မော်တော်ကားထုတ်လုပ်မှုစက်ရုံနှင့် Toyota ကားအစိတ်အပိုင်း ထုတ်လုပ်သောစက်ရုံတို့ ပါဝင်ကာ ၂၀၁၆ ခုနှစ်နှစ်လည်ပိုင်းတွင် စတင်လည်ပတ်မည်ဖြစ်သည်။ အဆင့်B သည်ဟက်တာ(၂,၀၀၀)ကျယ်ဝန်းကာ ဆောက်လုပ်ရေးစီမံကိန်းများနှင့် ရေဆင်းပိုက်စနစ်တူးဖော်တပ်ဆင်ခြင်းများ ပါဝင်မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်မှ စတင်၍မြန်မာ- ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်မှု လီမစ်တက်စပ်တူလုပ်ငန်းမှစီမံခန့်ခွဲမှုများ လုပ်ဆောင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင်ရှိသောကျောက်ဖြူ SEZ တင်ဒါခေါ်ဆိုမှုသည် ၂၀၁၄ နိုဝင်ဘာလမှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရာတွင်ပို မိုနှေးကွေးပါသည်။

## ဒေသတွင်းဖွံ့ဖြိုးမှုအတွက်လိုအပ်ချက်

မဟာမဲခေါင်ဒေသခွဲအတွင်းရှိအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သော်လည်း အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများထက် ကဏ္ဍများစွာတွင် ကွာဟ၍ နောက်ကျကျန် ရစ်လျက် ရှိသည်။ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းအား အကောင်အထည်ဖော်၍ အာဆီယံပြတင်းတစ်ပေါက် (Asian Single Window)ပေါ်ပေါက်ရေးသည် မကြာမီကာလတွင် အကောင်အထည်ဖော်ဆောင်တော့မည်ဖြစ်သော်လည်း အခြေခံ အဆောက်အအုံများဖွံ့ဖြိုးမှု အားနည်းခြင်း၊ ခေတ်မီ ကောင်း မွန်သည့် ဘဏ်လုပ်ငန်းစနစ်မရှိခြင်း၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်စရိတ်များခြင်း၊ ကျွမ်းကျင်မှုလုပ်သား ရှားပါးခြင်းနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရင်ဆိုင်ရ လျက်ရှိသည်။

ထို အခက်အခဲများအား ကျော်လွှားနိုင်ရန်အတွက် အရည်အသွေးလွှဲပြောင်းခြင်း Skills Transfer၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်း Train the Trainer၊ SEZ အား ကောင်းမွန်စွာစီမံခန့်ခွဲမှု၊ ကောင်းမွန်သည့်အခြေခံအဆောက်အအုံများ အရည်အသွေးမြှင့်တင်ခြင်း၊ ထိရောက်သည့်ပြည်သူ့ဝန်ဆောင်မှုများ၊ ကြိုးနီစနစ်အားလျှော့ချခြင်း၊ အခွန်နှင့်အခြားငွေကြေးဆိုင်ရာ မက်လုံးများဖြင့် SEZနိုင်ငံခြား တိုက်ရိုက်ရင်းနှီးမှုများ ရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင်နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများအား နိုင်ငံတော်အစိုးရများမှ ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်မည်ဆိုပါက ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများအား အထူးစီးပွားရေးဇုန်များမှ တစ်ဆင့်ရရှိနိုင်မည်ဖြစ်ပါသည်။

### ပင်ရင်း


- The role of Special Economic Zones in Improving Effectiveness of Gms Economic Corridors,Asian Development Bank, June 2016
- Special Economic Zones, In Theory and In Practice, Daniel Amico Austrian Student Scholars Conference 2014
- Wikipedia



# ဘဝအထွေထွေ (၃)

**[ ခေတ်အဆက်ဆက် နိုင်ငံတာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှဘွဲ့များ–ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည် ]**

| ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) |

## ဒုတိယနှစ် ရောက်ပြီဟေ့

၁၉၆၉-၇၀ ခုနှစ်၊စာသင်နှစ်၊ ဒုတိယနှစ်ကျောင်းဖွင့်တော့ ပထမနှစ် စာမေးပွဲ အမှတ်စာရင်းတွေထွက်တယ်၊ စာရင်းကိုင်ဘာသာမှာ GRADE-4 (အမှတ် ရှစ်ဆယ် ရတယ်) ရတယ်၊ စာရင်းကိုင် ပညာသင်တဲ့ ဝါဏိဇ္ဇဗေဒ အဓိကယူသူတွေမှာ မိန်းကလေးတွေများတယ်၊ ဘောဂဗေဒ အဓိကယူသူတွေက ၁၀ တန်းတုန်းက ဝိဇ္ဇာ ယူခဲ့သူများတယ်၊ ဝေဖန် သုံးသပ်တာတွေ ဝါသနာပါသူတွေက ဘောဂဗေဒနဲ့ ကိုက်တယ်၊ စာရင်းအင်းပညာကတော့ ပုံသေနည်း တွေနဲ့ တွက်ချက်မှုများတယ်၊ ၁၀ တန်းတုန်းက သိပ္ပံ ယူခဲ့သူတွေနဲ့ သင်္ချာအခြေခံ ကောင်းသူတွေက စာရင်းအင်းပညာကို နှစ်သက်ကြတယ်၊ ဒါနဲ့ပဲ ဒုတိယနှစ် စိတ်ကြိုက်ဘာသာ နှစ်ခုရွေးချယ်ရာမှာ စာရင်းအင်းနဲ့ ဘောဂဗေဒကို ရွေးချယ်လိုက်တယ်၊ ဘောဂဗေဒမှာ ပုံသေနည်းတွေပါတယ် စာရင်းအင်းပညာနဲ့ တွက်ချက်လို့ရတဲ့ အဖြေကိုသုံးသပ်တဲ့ အခါမှာ ဘောဂဗေဒ ရှုဒေါင့်က သုံးသပ်နိုင်ရင် ပိုကောင်းတယ်လို့ ဆရာသမားများက ပြောပြကြတယ်။

## ဘာသာရပ်နဲ့ဆရာများ

ဒုတိယနှစ်မှာ မြန်မာစာနဲ့ ပထဝီ မသင်ရတော့ပါ၊ အင်္ဂလိပ်စာ၊ ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေး သင်္ချာတွေသင်ရတယ်၊ ဘောဂဗေဒမှာ ဘာသာခွဲများ အဖြစ် ဆိုရှယ်လစ် ဘောဂဗေဒ၊ ဘောဂဗေဒသရုပ်ခွဲ၊ ဘောဂဗေဒ သီအိုရီ၊ လယ်ယာ ဘောဂဗေဒ၊ ဘောဂဗေဒ အတွေးအခေါ်၊ စီးပွားရေးသမိုင်းတို့ကို ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက် ဆိုပြီး နှစ်ပိုင်းခွဲသင်ရတယ်၊ ဘောဂဗေဒဘာသာများ သင်ကြားပေးသူ ဆရာ/ဆရာမ များကတော့ ပါမောက္ခဦးသာထို၊ ဒေါက်တာမောင်ရှိန်၊ ဒေါ် ခင်လေး၊ ဦးသန်းဦး၊ ဒေါ် မြင့်မြင့်သန်း၊ ဒေါ် ခင်သိန်းရီနဲ့ ဒေါက်တာတင်မြင့်စိုး တို့ဖြစ်ကြတယ်၊ ဆရာ ဦးသာထိုက လယ်ယာဘောဂဗေဒ သင်ကြားရာမှာ

ဓာတ်မြေသြဇာအကြောင်း ဓာတုဗေဒ ညီမျှခြင်းများနဲ့ ရှင်းပြသွားတာ ၊ အာမိုးနီးယား ဆာလ်ဖိတ် $NH_4SO_4$ တို့ ပါဝင်ကြောင်း သိပ္ပံကျောင်းသားများ ကြိုက်အောင် သင်ပြသွားတယ်။

ဒေါက်တာမောင်ရှိန်ကတော့ ဘောဂဗေဒဆိုတာ MEANS AND ENDS ကို အခြေခံပြီး လိုအပ်ချက်ဆိုတဲ့ ဆန္ဒကို ဖြည့်စွမ်းနိုင်တဲ့ စွမ်းအားတွေနဲ့ ပြေလည်အောင် ဆောင်ရွက်တဲ့ နည်းလမ်းတွေရှာဖွတဲ့ ဘာသာရပ်ဖြစ်ကြောင်း၊ BLACK BOARD မှာ မြေဖြူနဲ့ အင်္ဂလိပ်လိုရေးပြီး မြန်မာလို ရှင်းပြသွားတယ်၊ ကျောင်းသားများ နားလည်ရန် အထပ်ထပ်ရှင်းလိုက် MEANS နဲ့ ENDS ပြောလိုက် ၊ လက်ကိုင်ပုဝါနဲ့ နှာခေါင်းအုပ်၊ နှပ်ညှပ်လိုက် ၊ဆံပင်တိုတို သူ့ခေါင်းကို ကုတ်လိုက်၊ DUSTEGR နဲ့ မြေဖြူမှုန့်တွေနဲ့ တိုက်ပုံအနက်နဲ့ ချွေးတစ်လုံးလုံးနဲ့ သင်တဲ့ အမှန်တကယ် ဆရာစိတ်ဓာတ်အပြည့်နဲ့ အပင်ပန်းခံသင်တဲ့ ဆရာ၊ (ကျွန်တော်တို့ရုံးရောက်တော့ ဆရာက စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးလာဖြစ်တယ်၊ ၁၉၇၅ ခုနှစ် ဝန်းကျင်နှစ်များ)

ဆရာ ဦးသန်းဦးက ဆိုရှယ်လစ် ဘောဂဗေဒ၊ ယူတိုးပီးယားနိုင်ငံ၊ ပလေတိုသောမတ်စ်မိုး၊ မက်စ်တွေပြောတယ်၊ မြန်မာ့သိုင်းအကြောင်း၊ ဗန်တို ဗန်ရှည်တွေရောစုံ လို့ပျော်စရာ ကောင်းတယ်၊ ဘောဂဗေဒ ဖြေရင် စာများများ ရေးရင် အောင်မှတ်ပေးမယ် ပြောတယ်။

ဘောဂဗေဒသရုပ်ခွဲမှာ ဒေါ်ခင်သိန်းရီနဲ့ ဒေါက်တာတင်မြင့်စိုးတို့သင်တယ်။ဒေါ်ခင်သိန်းရီအတန်းမှာ လူများတယ်။ မှတ်စုအပြည့်ပေးလို့ကျောင်းသားတွေ ကြိုက်ကြတယ်။ဆရာက ဒေါက်တာဘွဲ့ကို ဆိုရှယ်လစ် နိုင်ငံကရလာတာတဲ့ အနောက်တိုင်း ဝတ်စုံနဲ့စာသင်တယ်။ စာသင်ရင် မှတ်စု မပေးဘူး။ စာကြည့်တိုက်က စာအုပ်တွေ ငှားဖတ်ခိုင်းတယ်။ ဆွေးနွေးခိုင်းတယ်။ အဲဒီတော့ သူ့ အတန်းမှာ ကျောင်းသားဆယ်ယောက်လောက်ပဲ ရှိတော့တယ်။ သူ့အတန်းကို မှန်မှန်တက်ရင် အအောင်ပေးမယ် ပြောတော့ ကျွန်တော်တို့က ဆရာ အတန်းကို မလွတ်တန်းအားပေးတယ်။ STATISTICS စာရင်းအင်းပညာမှာတော့ ဖြစ်တန်စွမ်း သီအိုရီကို ဒေါက်တာခင်မောင်ညွန့်နဲ့ ဆရာမ ဒေါ်ခင်စန်းမြင့်တို့ သင်တယ်။ ဆရာက UK က ဒေါက်တာဘွဲ့ရတယ်။ ဆရာမက သြစတေးလျက မဟာဘွဲ့ရပြီးပြန်လာတယ် ပြောတယ်။ အားကျစရာ ပညာတွေ။ Probability က SET Theory နဲ့ဆက်နွယ်ပြီးသင်တယ်။ VENN DIAGRAM ဆွဲပြီး သင်တယ်။ Pr(A or B)= Pr(A) + Pr(B) ဖြစ်တယ်။ INT ER SECTION ပါရင်တော့ Pr(A or B)= Pr(A) + Pr(B)-Pr(AB) ဖြစ်တယ်။ OR ဆိုတဲ့ UNION ကိုသုံးပြသွားတယ်။ Additional Law တဲ့ ။

နောက် ဒုတိယနှစ်မှာ စာရင်းအင်း ပညာသင်တဲ့ နည်းပြဆရာကတော့ ဦးသောင်းလွင်၊ သူက ကျွန်တော်ရဲ့ ၇ တန်းတုန်းက သင်္ချာဆရာ ဦးကျော်ရှိန်ရဲ့သားဖြစ်တယ်၊ ဒေးဒရဲ သားချင်းလည်းဖြစ်၊ သူ့ကို ကျွန်တော့်အကိုကြီးက အထက်တန်း ကျောင်းသားဘဝမှာ အင်္ဂလိပ်စာ သင်ပေးခဲ့တာ၊ ပိုပြီး ရင်းနှီးတော့ အတန်းထဲမှာ စာမေးတယ်၊ မရလျှင် ဆူတယ်၊ အဲဒီ ဆရာက သြစတေးလျက ဒေါက်တာ(ပါရဂူ) ဘွဲ့ရပြီး မြန်မာပြည်ကို ခဏ ပြန်လာတယ်၊ နောက် နည်းပြဆရာကနေရာထူးမတက်တော့ အလုပ်ထွက်ပြီး သြစတေးလျ ပြန်သွားတယ်။ နိုင်ငံအတွက် ပညာတတ် တစ်ယောက် ဆုံးရှုံးရတယ်။ (၁၉၇၅ ဝန်းကျင်)

## သင်္ချာ

ဒုတိယနှစ်မှာ စီးပွားရေးသင်္ချာက မသင်မနေရ ဘာသာဖြစ်တယ်။ ဌာနမှူးက ဆရာကြီး ဦးလှမြင့် ၊ ဆရာ၊ ဆရာမ အားလုံးစာသင်ကောင်းကြတယ်၊ (ဒေါ်မြင့်မြင့် ၊ ဒေါ်ခင်နေဝင်း၊ ဦးပိုက်တင် ၊ ဦးကျော်ကျော် ၊ဦးမျိုးသန့်) ဆရာ ဦးပိုက်တင် သင်ကြားပုံကို ကျောင်းသားတိုင်း ကြိုက်တယ်၊ ကျွန်တော်တို့ ကဲ့သို့ကျောင်းမမှန်သူ (ကျောင်းပြေး) များက ပိုကြိုက်တယ်၊ ယခုအပတ် သင်တဲ့ သင်ခန်းစာမှာ ယခင်အပတ်က သင်ခဲ့တဲ့ အခြေခံ အယူအဆ ကိုပြန်ရှင်းပြတော့ ယခင်အပတ်က ကျောင်းမတက်သူတွေလည်း နားလည်တော့ ပျော်ကြတယ်။ ကြိုက်ကြတယ်၊ နောင်မှာ ဒေါက်တာပိုက်တင် (သင်္ချာ ၊ ကွန်ပျူတာ)က ဂျပန်မှာ သွားပြီးနေတယ်လို့ ကြားသိရတယ်။ ဆရာ သင်ပေးခဲ့တဲ့

Intergrationနဲ့ Differentional ကို ခုထိ မှတ်မိသေးတယ်။ Differenate လုပ်ရင် Power ရှေ့ကျ Power တစ်လျှော့၊ Integrate လုပ်ရင် Power တစ်တိုး၊ ၎င်း Powerနဲ့ပြန် စား-

-----

ပုံစံ

$$\int x^n \; dx = \frac{x^{n+1}}{n+1}$$

$$\frac{dx^n}{dx} = n\,x^{n-1}$$

နမူနာ

$$\int x^2 \; dx = \frac{x^3}{3}$$

$$\frac{1}{3}\frac{dx^3}{dx} = \frac{3x^2}{3} = x^2$$

ပြန်ဖြစ်တယ်။

## ထမင်းတစ်နပ် ပြားခုနစ်ဆယ်

တက္ကသိုလ်အဆောင်နေကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ် ဗဟိုရိက္ခာဌာနမှ နံနက်တိုင်း အဆောင်များသို့ရိက္ခာများ ပို့ဆောင်ပေးတယ်၊ ထမင်းစားဝိုင်း မှာ ကျောင်းသားလေးယောက်၊ ကျွန်တော်တို့ ဝိုင်းမှာ ပထမနှစ်ကျောင်းသား ကိုလေးကြည်(ပုသိမ်) (နောင်မှာ ဒုတိယပါမောက္ခချုပ် ဒေါက်တာလေးကြည်) ဒုတိယနှစ်ကျောင်းသား ကျွန်တော် ကိုကျော်ဒွန်း(ဒေးဒရဲ)၊ တတိယနှစ်ကျောင်းသား ကိုဝင်းမောင်(မုံရွာ) နှင့် စတုတ္ထနှစ်ကျောင်းသား ကိုစိုးသိန်း (ဟင်္သာတ)တို့ဖြစ်ပါတယ်။

ထမင်းဝိုင်းမှာ အသားဟင်း နှစ်ယောက်စာ တစ်ခွက်၊ အရန်ဟင်း၊ အရည်သောက် တစ်ခွက်၊ ကျွန်တော်တို့လက်ထက် ၁၉၆၉-၁၉၇၀ ခုနှစ်မှာ အချိုပွဲ ငှက်ပျောသီး၊ သကြားလုံး မတွေ့ရတော့၊ ဟင်းမကောင်းလို့ မစားနိုင်ရင် ကြက်ဥ တစ်လုံးကြော် နှစ်ဆယ့်ငါးပြား ဝယ်စားရတယ်၊ တစ်ဦးတစ်ယောက်ရဲ့အိမ်မှ ငါးပိကျော်ပုလင်း ပို့ပေးလိုက်လျှင် ဝိုင်းစားလိုက်တာနဲ့ တစ်ရက်နှစ်ရက်နဲ့ ပြောင်သွားတာပဲ ၊ ဒါကြောင့်လည်း အဆောင်နေ ကျောင်းသားဘဝ တစ်ဦးနဲ့ တစ်ဦး ချစ်ခင်ကြတာပေါ့၊ တစ်ယောက်တစ်လေ ငကြောင်တော့ ရှိတယ်၊ နင့်ရှိငါစား၊ ငါ့ရှိဖွက်ထား ဝါဒသမား တချို့ရှိပါတယ်။

## တန်ဆောင်မုန်းလပြည့်နေ့ ထမင်းတစ်နပ်စာ

နေ့ထူးနေ့မြတ်တွေမှာ အဆောင်ထမင်း ပိတ်ပါတယ်။ ယင်းနေ့ မတိုင်မီ ညပိုင်းမှာ အထပ်လိုက် အဆောင်နည်းပြထံမှ ထမင်းဖိုး Refund တစ်နပ် ပြားခုနစ်ဆယ်၊ နှစ်နပ်အတွက် တစ်ကျပ်ပြားလေးဆယ် ရတယ်၊ အဲဒီ အချိန်က မြန်မာထမင်းဆိုင်မှာ အဝစား တစ်ကျပ် ပြားငါးဆယ်၊ လကုန်ပိုင်းဖြစ်တော့ ပိုက်ဆံ မရှိတော့ ၊ ထမင်းဖိုး လိုငွေဆယ်ပြား ရှာရတော့တယ်၊ ဖျာအောက် ၊စားပွဲ အံဆွဲထဲ၊ ကုတင်အောက်ရှာရတော့တယ်၊ ထမင်းတစ်နပ် အဝစားနဲ့ လပြည့်နေ့ကို ဖြတ်သန်းရတော့မယ်၊နံနက် အိပ်ယာမှ ကိုးနာရီထိုးမှထ ၊ အဆောင်ရှေ့ဆင်ဝင်အောက်မှာ ရှိတဲ့ ဆိုင်မှ ငှက်ပျောသီး နှစ်လုံး၊ငွေစပါယ် ဆေးပေါ့လိပ် နှစ်လိပ် အကြွေးဝယ်၊ အခန်းပြန် ၊ ငှက်ပျော်သီး စားလိုက်၊ ရေသောက်လိုက်၊ ဆေးပေါ့လိပ်ဖွာလိုက်နဲ့ နေ့လည် တစ်နာရီကျော်အထိ အချိန်ဆွဲထားရတယ်၊ အဆောင်နေ အခန်း Partner ကိုဟိန်း(မုံရွာ) ကတော့ မနက်ကတည်းက အမျိုးသမီးဆောင်သွားလေရဲ့ ကိုယ့်မှာက အမျိုးသမီး ဆောင်လည်း သွားစရာ မရှိ၊ ထမင်းတစ်နပ် နဲ့ ဖြေရှင်းဖို့သာ စဉ်းစား အချိန်ဆွဲနေရတယ်၊ နေ့လည် တစ်နာရီလည်း ထိုးပြီးတာနဲ့ မေခဆောင် နောက်ဘက် ချည်စက် ရိပ်သာလမ်းထဲက ဒို့ထမင်းဆိုင်ပြေးတော့တာပါပဲ၊ ကြက်သားဟင်းနဲ့ ထမင်းမှာပြီး စားပြီ၊ ပထမအဆင့်အနေနဲ့ကြက်သားဟင်းရည်ဆမ်းပြီး ပဲပင်ပေါက်ချဉ်၊ ငပိရည်နဲ့ တစ်ပန်းကန်စားလိုက်တယ်၊ ဒုတိယ ထမင်းပန်းကန်မှာ ချဉ်ရည်ဟင်း၊ ကြက်သား တစ်တုံး၊ ငပိရည်နဲ့စားလိုက်ပြီ၊ တတိယ ပန်းကန်စားဖို့ထမင်းအုပ်ဖွင့်လိုက်တော့ ထမင်းမရှိတော့ ထမင်းတောင်းတော့ ချက်ချင်းမလာ ၊ အခြားဆိုင်မှ ခေတ္တသွားယူပုံရတယ်၊ ကြက်သားဟင်းရည် ပေးပါဦးလို့ တောင်းတော့ ထမင်းဆိုင်က အဒေါ်ကြီး မျက်စောင်းထိုးခြင်းကို ကျွန်တော်ခံလိုက်ရပြီ၊ ထမင်းအုပ်နဲ့ ကြက်သားဟင်းပန်းကန် ပြန်လာချတော့

အသံမြည်သွားတယ်၊ တတိယ ထမင်းပန်းကန်ကိုကြက်သား ဟင်းနဲ့ အပြတ် ရှင်းပြီး၊ ပဲပင်ပေါက်ချဉ် ထပ်တောင်းလိုက်သေးတယ်၊ ထမင်းဆိုင် ရှင်ရဲ့ မျက်စောင်းထိုးခြင်းကို ခံရပြန်ပြီ၊ ထမင်းကိုအမှန်တကယ် အဝစားပြီး အဆောင်ပြန်ရောက်တော့ ညနေ နှစ်နာရီ ခွဲပါပြီ၊ ညစာအတွက် ပိုက်ဆံ မရှိတော့ -------

## ညစာအတွက် ဘယ်လိုဖန်တီးသလဲ

ညနေခင်း အမျိုးသမီးဆောင် သွားနိုင်သူက သွားကြ၊ မသွားနိုင်သူက သမိုင်းဆောင်တစ်ပတ် လမ်းဆင်းလျှောက်ကြ၊ ကိုယ်က ထမင်းဆာမှာစိုးလို့ လမ်းဆင်း မလျှောက်နိုင်၊ အခန်းမှာ ငြိမ်ငြိမ်လေးနေ၊ နေဝင်ချိန် အမျိုးသမီးဆောင်တွေကပြန်လာသူများက သီချင်းလေးဆိုရေချိုး ထမင်းဆိုင် ထွက်စားကြပြီ။ ကိုယ်ကတော့ အဆောင်ရှေ့ ဆင်ဝင်အောက်က ဖီးခြမ်းငှက်ပျောသီး တစ်လုံးနဲ့ ငွေစပယ် ဆေးပေါ့လိပ်ကို အားကိုးပြီး ညရှစ်နာရီထိ ထိန်းထားရတယ်၊ ညရှစ်နာရီ ထိုးတော့ ညပိုင်း လက်ဖက်ရည်သောက်ဖို့ သူငယ်ချင်းတွေ လာခေါ်တော့မှ ထလိုက်သွားပြီး၊ ကြက်ဉနဲ့ ထမင်းကြော် တစ်ပွဲ မှာစားလိုက်တယ်၊ သူငယ်ချင်းထဲမှာ ဆန်စက်သူဌေးသား တစ်ယောက်ပါတော့ သူကရှင်းသွားတယ်။

## ဒုတိယနှစ် စာမေးပွဲဖြေပြီး ကျောင်းပိတ်ရက်

ကျောင်းပိတ်ရက်မှာ သုတေသန ဌာနက စီးပွားရေးစစ်တမ်းကောက်ဖို့လုပ်အား ပေးခေါ်တယ်၊ စာရင်းသွားပေးတယ်၊ စာရင်းကောက် အဖွဲ့မှာ လိုက်ပါဖို့ ရွေးချယ်ကြောင်း သုတေသန ပါမောက္ခကိုယ်စားနည်းပြဆရာ ဦးဇော်ဖေဝင်း က လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာတယ်၊ အဖွဲ့ခေါင်းဆောင်တစ်ဦး ဦးဇော်ဖေဝင်း (စီမံကိန်း ဝင်းနိုင်)၊ ဒုတိယခေါင်းဆောင်က ဝါဏိဇ္ဇဗေဒဌာနမှနည်းပြ ဆရာ ဦးစိုးဝင်း၊ အဖွဲ့ဝင် (၅) ဦးပါ အဖွဲ့ (၁) က စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်မှ ကျေးရွာ (၁၀) ရွာရဲ့ လူမှုစီးပွားရေး စစ်တမ်းကောက်ရန် ဖြစ်ပါတယ်၊ ခရီးမထွက်မီကျောင်းမှာ သင်တန်းပေးပါတယ်၊ စစ်တမ်းမေးခွန်း ပုံစံနဲ့ပါမောက္ခ ဒေါက်တာခင်မောင်ကြည်နဲ့ ဆရာဦးတင်သောင်းတို့က လယ်သမားဦးကြီးအဖြစ်နဲ့ စီးပွားရေးတက္ကသိုလ်ကျောင်းသားအဖြစ် သရုပ်ပြ မေးမြန်းပြီး မေးခွန်းပုံစံ ဖြည့်နည်းကိုပါ သင်ပေးပါတယ်၊ ခရီးစဉ်အတွက် ကျောင်းမှစာရွက်စာတမ်း၊ သုတေသနရန်ပုံငွေတို့ကို ထုတ်ပေးပါတယ်၊ တက္ကသိုလ် ဆေးရုံမှ အိမ်သုံးဆေးမျိုးစုံ၊ spirit၊ ဂွမ်း၊ပတ်တီး စသည်တို့ ထုတ်ပေးပါတယ်၊ခရီးထွက်ရန် တစ်ရက်အလိုမှာ အဖွဲ့ခေါင်းဆောင်က အားလုံးကို ခေါ်တွေ့တယ်၊ ပိုက်ဆံ မရှိလို့ ဆံပင် မညှပ်တဲ့သူကို ဆံပင်ညှပ်ခ ပေးတယ်၊ အဲဒီလောက်ကျောင်းသားတွေအပေါ် စောင့်ရှောက်တဲ့ တက္ကသိုလ် နည်းပြဆရာ၊ ၁၉၇၀ ခုနှစ်က လခ ၃၂၀ ကျပ်သာရပါတယ်။

## ရေဦးသို့ ခရီးထွက်ပြီ

ရန်ကုန်ဘူတာကြီးက ညနေပိုင်း မန္တလေးရထားကြီး စီးရတယ်၊ အဲဒီတုန်းကရန်ကုန်မှ ညနေခြောက်နာရီ ထွက် ၊ မန္တလေးသို့ နံနက် ခြောက်နာရီ ရောက်တယ်၊ ရိုးရိုးတန်းမှ စီးရတယ်၊ လမ်းမှာအဖွဲ့ခေါင်းဆောင်ဆရာ ဦးဇော်ဖေဝင်းက မုန့်ဝယ် ကျွေးတယ်၊ သောက်ရေ၊ မျက်နှာ သစ်ရေဝယ်ပေးတယ်၊ မန္တလေးမှ ရွှေဘိုသို့ ဘတ်စ်ကားစီးရတယ်၊ မိုင်ရှစ်ဆယ်ဝေးတယ်၊ ရွှေဘိုသို့ နေလည်ပိုင်း ရောက်တယ်၊ ရွှေဘိုသား နောက်ဆုံးနှစ်ကျောင်းသား ကိုစန်းထွန်းအောင် အိမ်မှာ ညအိပ်ရတယ်။ နောက်နေ့နံနက် ရွှေဘိုမှ ရေဦးသို့ လိုင်းကားနဲ့ သွားရတယ်၊ ရေဦးမြို့ အလယ်လမ်းကုန်ပေါ် ရပ်က ရွှေပန်းထိမ်ဆရာ ဦးဝဏ္ဏ+ ဒေါ်လှစိန်အိမ်မှာတည်းရတယ်၊ ဒုတိယနှစ်ကျောင်းသူမြသန်းနွဲ့ ရဲ့အိမ်ဖြစ်တယ်၊ နေ့လည်ပိုင်းမှာ အဖွဲ့ခေါင်း ဆောင်က မြို့နယ်ပါတီ ယူနစ်မြို့နယ် လုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မတီတို့သို့ ဆက်သွယ်ပြီး ကျေးရွာဆယ်ရွာကို ရွေးချယ်ပြီး ခရီးစဉ်ဆွဲကြတယ်၊ ကျေးရွာကြီး၊ လတ်၊ ငယ်၊ သွားလာရေး နီး၊ ဝေး၊ စီးပွားရေး ကောင်း၊ သင့်၊ ညံ့စသည်ဖြင့် Sampling Method ဖြင့် ရွေးချယ်သတ်မှတ်ကြတယ်။

## ကျေးရွာရောက်၊ ခရီးပေါက်

ရေဦးမြို့နယ်ကျေးရွာများ ခရီးသွားရာမှာ နေ့ချင်း

ပြန်သွားရသော ကျေးရွာပါသော်လည်း ညပိုင်း ဆယ်နာရီကျော်မှ မြို့ပြန်ရောက်တော့ ထမင်းဆိုင်တွေက ပိတ်ကုန်ပြီ၊ အရက်နဲ့ ခေါက်ဆွဲကြော်ရောင်းတဲ့ တရုတ်ဆိုင်ကို နှိုးပြီး ခေါက်ဆွဲကြော် ခိုင်းပြီး စားရတယ်။

တင်းတိမ်ရန် ကျေးရွာက ကျောင်းအုပ်ဆရာကြီးအိမ်မှာ ထမင်းစားကြတော့ အမဲသားဟင်းနဲ့ကျွေးတယ်၊ ဆရာကြီးက စားစေချင်လွန်းလို့ဟင်းတွေထမင်းပန်းကန်ထဲ ခပ်ထည့်ပေးတယ်၊ မိမိက အမဲသား မစားတော့ ထမင်းဖြူကိုသာ ရွေးစားတာ ဆရာကြီး တွေ့သွားတော့၊ သူ့သမီးကို ကြက်ဥတစ်လုံး ချက်ချင်းကြော်ခိုင်းတယ်။

မုန်တိုင်ပင်ဆိုတဲ့ ရွာကြီးရောက်တော့ အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့  စီးပွားရေးကောင်းတဲ့ရွာကြီး ဖြစ်တယ်၊ ဒါပေမဲ့ ထိုစဉ်က ရွာရဲ့ လူဦးရေရှစ်ဆယ်ရာခိုင်နှုန်းက အရေပြားရောဂါ၊ မျက်ခမ်းစပ်ရောဂါ ရှိကြတယ်၊ ရေအလွန်ရှားသောကြောင့်လို့ ကျေးရွာလူကြီးက ပြောတယ်။

ခင်မင်ရင်ငယ်ရွာကတော့ ဝေးလံခေါင်းပါးတဲ့ရွာလေးဖြစ်တယ်၊ ရေဦးမုံရွာ ကားလမ်းဘေး မဟာမြိုင်တောကြီးကိုဖြတ်ပြီး ခြေလျင်လျှောက်ရတယ်၊ မြို့နယ်ပါတီယူနစ်အတွင်းရေးမှူး ဦးသိန်းလွင် ကိုယ်တိုင် လိုက်ပါလာတယ်။ ငှက်ဖျားရှိလို့ ရေစိမ်းမသောက်ရန်၊ ညမအိပ်ရန် မြို့နယ်လူကြီးများကမှာလိုက်တယ်၊ တောလမ်းမှာ ကျားသစ်တွေ့နိုင်ကြောင်း ပြောတယ်၊ ပါတီအတွင်းရေးမှူးမှာ ခြောက်လုံးပြူး သေနတ်တစ်လက်ပါတယ်။ အဖွဲ့ဝင်များ ဝါးချွန်ကိုယ်စီကိုင်သွားကြတယ်၊ ဒုတိယအဖွဲ့ခေါင်းဆောင်ဆရာ ဦးစိုးဝင်း (Dr George Soe Win) က ကရာတေးဆရာ ဆိုတော့ သူ့ အားကိုးပြီး သွားရတယ်၊ ညပိုင်းအပြန်မှာ မှောင်နေတော့ မီးဒုတ်ကိုယ်စီနဲ့  ကားလမ်းမကို ရောက်တော့ ညကိုးနာရီထိုးပြီ၊ လိုင်းကားမရှိတော့ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ Tipper ကျောက်သယ်ကား တစ်စီးလာလို့ တားပြီး စီးကြရတယ်။

## ရွာလူကြီးအမိန့်

ကျေးရွာရောက်တာနဲ့ရွာလူကြီးက မောင်းထုတော့တယ်၊ ဆီစာအုပ်ကိုယ်စီနဲ့ရောက်လာကြတယ်၊ ရွာလူကြီးက စီးပွားရေးတက္ကသိုလ်က ဆရာနဲ့ကျောင်းသားတွေလာတယ်၊ စီးပွားရေးစစ်တမ်းကောက်မယ်၊ တစ်အိမ် ဟင်းတစ်ခွက်လာပို့ရမယ်၊ ဆရာတွေ မေးတာကို မှန်မှန်ဖြေရမယ်လို့အော်ပြောတယ်၊ နက်ဖန် နံနက် နောက်ရွာကူးဖို့ လှည်းပါ တစ်ခါတည်း တန်းစီဇယားအရ လာရန် မှာကြားတယ်၊ ဆီစာအုပ်တွေ ထပ်ပြီး ကျဘန်း Sample အိမ်ထောင်စုကို ရွေးတယ်၊ Random Table တွေ မသုံးတော့ပါ။ စာအုပ်ထူ တစ်အုပ်ယူပြီး စုံတစ်လှည့် မတစ်လှည့်စာအုပ်လှန်ပြီး Sample Unit သတ်မှတ်တယ်၊

## ဝန်ဆောင်မှု

တချို့ရွာကကျေးရွာ ရန်ပုံငွေက ထမင်းချက်ကျွေးတယ်၊ မိမိတို့က သုတေသန ရန်ပုံငွေ ပါသောကြောင့် တစ်ဦးတစ်နပ် တစ်ကျပ်ခွဲနှုန်းပေးပါတယ်၊ ရွာတစ်ရွာမှာ မြို့နယ်ဆရာဝန်အဖွဲ့နဲ့ ကြုံတယ်၊ သူတို့ကို အိမ်အပေါ်ထပ်မှာထားတယ်၊ စီးပွားရေး စစ်တမ်းအဖွဲ့ကို အိမ်အောက်ထပ်မှာထားတယ်။ ထမင်းကျွေးတော့ ပိုက်ဆံမပေးတဲ့ ဆရာဝန်အဖွဲ့ကို ကြက်အသဲ အမြစ်နဲ့ကျွေးတယ်၊ ပိုက်ဆံပေးတဲ့ ကျွန်တော်တို့အဖွဲ့ကို ကြက်အရိုးများများနဲ့ကျွေးတယ်၊ အဖွဲ့ခေါင်းဆောင်က သုံးသပ်တာက သူတို့ကမြို့နယ်က ဆေးဝါးကုသတဲ့ တိုက်ရိုက်ဝန်ဆောင်မှုပေးလို့ပေါ့တဲ့၊ သုတေသန စစ်တမ်းဆိုတာ ချက်ချင်း အကျိုးပြုတဲ့ လုပ်ငန်းမဟုတ်လို့ပေါ့တဲ့၊ အဲဒီမှာတင် ဆေးပညာနဲ့စီးပွားရေး ပညာ အကျိုးပေး ကွာခြားတာ သိလိုက်ရတယ်၊ အဖွဲ့ခေါင်းဆောင်က ပြောတာက “ဆရာဝန်မှားရင် လူတစ်ယောက်ပဲ သေတယ်၊ စီးပွားရေး မူဝါဒချတဲ့သူ မှားရင် တိုင်းပြည်သေတယ်” တဲ့။

ကျေးရွာ တစ်ရွာမှာ ဖျားနေတဲ့ လူနာတစ်ယောက်တွေ့တယ်။ တက္ကသိုလ် ဆေးရုံက ပေးလိုက်တဲ့ Triple Sulpha တစ်လုံး အမှုန့်ကြိတ်ပြီး ရေနွေးပူပူနဲ့ တိုက်လိုက်တယ်။ အိမ်ရောက်ရင် စောင်ခြုံအိပ်ဖို့မှာလိုက်တယ်၊ မနက်ကျ ငှက်ပျောသီး တစ်ဖီးနဲ့ လာကန်တော့တယ်။ စီးပွားရေးတက္ကသိုလ်က သုတေသန ပါမောက္ခ ဒေါက်တာ ခင်မောင်ကြည် ကုပေးလို့ နေကောင်းသွားပြီတဲ့ ။




# မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (MLCS) နှင့် ထူးထူးခြားခြား ပြောင်းလဲမှုများ

| ဝင်းဝင်းဝါ |

မမြဲသောသင်္ခါရ၊ ဖြစ်ပြီးပျက်တဲ့ သဘောတရားအရ ဗဟိုစာရင်းအင်းအဖွဲ့၏ ရုံးခွဲတစ်ခုဖြစ်တဲ့ (new branch of CSO) နေပြည်တော်ကောင်စီမှာ တာဝန်ထမ်းဆောင်နေရာကနေ ရုတ်တရက် ဆိုင်းမပါဗုံမဆင့်ဘဲ ရုံးချုပ်(စစ်တမ်းဌာနစိတ်) ကိုတာဝန်ပြန်လည်ထမ်းဆောင်ဖို့ဖြစ်လာပါတယ်။ ဌာနရောက်စမှာဘဲ စစ်တမ်းဌာနစိတ်ရဲ့ ထုံးစံအတိုင်း ပြေးပြေးလွှားလွှား အလုပ်ရှုပ်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေရယ်၊ ကွန်ပျူတာကိုမြှုပ်နေတဲ့ ဖိုင်တွဲတွေကြားမှာ စိတ်မော၊ လူမောဖြစ်ခဲ့ရတာကိုတော့ မငြင်းနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ စစ်တမ်း အကြီးကြီးတစ်ခုဖြစ်တဲ့ မြန်မာ နေထိုင်မှုအခြေအနေစစ်တမ်း (Myanmar Living Conditions Survey - MLCS) ကောက်ယူရေးလုပ်ငန်းစဉ် စတင်ဆောင်ရွက်နေဆဲကာလဖြစ်နေလို့ပါပဲ။

မြန်မာနိုင်ငံမှာ အရပ်သားအစိုးရစစ်စစ် စတင်ခဲ့တဲ့ ၂၀၁၆ခုနှစ် ဧပြီလကနေပြီး ရက်(၁၀၀)စီမံကိန်းလိုမျိုး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆက်တိုက်လုပ်ဆောင်ခဲ့ပါတယ်။ထို့အတူ ပြည်ထောင်စုဝန်ကြီး ဌာနများလည်း မိမိတို့ဌာနလုပ်ငန်းများအလိုက် ရက်(၁၀၀) လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ကြပါတယ်။စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်က ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ရက်(၁၀၀)လုပ်ငန်းစဉ်များမှာလည်း မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (MLC) ကောက်ယူရေးလုပ်ငန်းစဉ်ဟာ အဓိကလုပ်ငန်းစဉ်အဖြစ် ပါဝင်ခဲ့ပါတယ်။

## စစ်တမ်းကို ဘာကြောင့် ဆောင်ရွက်တာလဲ

စစ်တမ်းကောက်ယူရတာဟာ ပိုမိုကောင်းမွန်ခိုင်မာတဲ့စာရင်းအင်းအချက်အလက်များ (Primary Data) ကို ရရှိနိုင်ဘို့ ဆောင်ရွက်ရတာလို့ဆိုပါတယ်။ စစ်တမ်းကောက်ယူခြင်းကြောင့် ရရှိလာတဲ့ အချက်အလက်များဟာ နိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအမှန်များကို ထင်ဟပ်စေမှာ ဖြစ်တဲ့ အပြင် ပြည်သူများရဲ့ ရင်ထဲက စကားသံများကိုရင်ဘတ်ချင်းပြန်လည်သယ်ဆောင်လာပြီး မျှဝေ ပေးနိုင်လို့ဘဲဖြစ်ပါတယ်။ အခုကောက်ယူတဲ့ စစ်တမ်းကြီးဟာ ဗဟိုစာရင်းအင်းအဖွဲ့နဲ့ ကမ္ဘာ့ဘဏ် (WB) ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့နဲ့ပူးပေါင်းကောက်ယူတဲ့ စစ်တမ်းကြီးဖြစ်ပြီး ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့မှ အသုံးစရိတ်ကို ကျခံသုံးစွဲမှာဘဲဖြစ်ပါတယ်။

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (MLCS) ဟာဗဟိုစာရင်းအင်းအဖွဲ့က(၅)နှစ်တစ်ကြိမ်ကောက်ယူတဲ့ အိမ်ထောင်စုဝင်ငွေနဲ့ စားသုံးမှုစစ်တမ်း (Household Income and Expenditure Survey - HIES)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နဲ့ ယခင်စီမံ/စီးပွားဝန်ကြီးဌာနတို့ ပူးပေါင်းကောက်ယူခဲ့တဲ့ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း(Integrated Household Living Conditions Assessment - IHLCA)၊ကမ္ဘာ့ဘဏ်နဲ့ ယခင် စီမံ/စီးပွားဝန်ကြီးဌာနတို့ပူးပေါင်းကောက်ယူခဲ့တဲ့ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေ စစ်တမ်း (Myanmar Poverty and Living Conditions Survey - MPLCS)တို့ကို ပေါင်းပြီး ကောက်ယူခြင်းဘဲဖြစ်ပါတယ်။

## စစ်တမ်းရဲ့ရည်ရွယ်ချက်က ဘာတွေလဲ

အဓိကကတော့ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (MDGs) ကို ကျော်လွန်လို့ ၂၀၁၆ ခုနှစ်စမှာ စတင် ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) အတွက် လိုအပ်တဲ့ ကိန်းဂဏန်းအချက်အလက်တွေ ရရှိဖို့ဘဲဖြစ်ပါတယ်။ ဒုတိယ အချက်ကတော့ ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ အသက်သွေးကြောဖြစ်တဲ့စားသုံးသူဈေးဆနှုန်း (Consumer Price Index-CPI) တွက်ချက်တဲ့နေရာမှာ ထောက်ကူနိုင်ဖို့ပဲဖြစ်ပါတယ်။ တတိယအချက်ကတော့ အမျိုးသားစာရင်းစနစ် (System of National Accounts - SNA)တွက်ချက်ရာမှာ စားသုံးမှုကုန်ကျစရိတ်ကို ခန့်မှန်းနိုင်ဖို့နဲ့ နောက်ဆုံးအချက်ကတော့ စစ်တမ်းလုပ်ငန်းတွေတောက်လျှောက်လုပ်တော့မယ်ဆိုရင် စစ်တမ်းလုပ်ငန်းကို သီးသန့်ဆောင်ရွက်မယ့် ဝန်ထမ်းများရဲ့ အရည်အသွေးတိုးတက်ပြီး ကျွမ်းကျင်သူများ ဖြစ်လာဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ကောက်ယူတာဘဲဖြစ်ပါတယ်။

အဲ့ဒီလိုကောက်ယူရာမှာ ဘာသာရပ်ဆိုင်ရာ လမ်းညွှန်မှုနဲ့ နည်းပညာအကြံပြုချက်များကို ရယူပြီး စစ်တမ်းအောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ နည်းပညာကော်မတီနဲ့ စစ်တမ်းကြီးကြပ်မှုနှင့် ညှိနှိုင်းရေးအဖွဲ့ တို့ကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ကွက်ဒေသမှာရှိတဲ့ အိမ်ထောင်စုပေါင်းများစွာထဲက အလွှာခွဲကျပန်း နမူနာကောက်နည်း (Stratified random Sampling Design)စနစ်ကို အသုံးပြုလို့ နမူနာကျသည့် အိမ်ထောင်စုများကို ကောက်ယူမှာဖြစ်ပြီး တစ်နိုင်ငံလုံးရဲ့ မြို့နယ်ပေါင်း(၃၅၅)မြို့နယ်ကို ကိုယ်စားပြုနိုင်မှာဖြစ်ပါတယ်။ အချိန်ကာလအားဖြင့်တော့ ၂၀၁၆ခုနှစ်၊ဒီဇင်ဘာလမှစတင်ပြီး ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလအထိ ကောက်ယူမှာ

ဖြစ်ပြီး အိမ်ထောင်စုပေါင်း(၁၀,၈၇၇,၈၃၂) မှ နမူနာ အိမ်ထောင်စုပေါင်း(၁၃,၈၂၄) ကို ကောက်ယူမှာ ဖြစ်ပါ တယ်။

## စစ်တမ်းရဲ့ထူးထူးခြားခြားလုပ်ငန်းစဉ်များ

စစ်တမ်းကြီးရဲ့ထူးခြားမှုကတော့ဗဟိုစာရင်းအင်း အဖွဲ့မှ ဝန်ထမ်းများသာမကဘဲ ပြင်ပမှ ငှားရမ်း အသုံး ပြုထားခြင်းဘဲဖြစ်ပါတယ်။ စစ်တမ်းမှာ လုပ်ငန်းပေါင်းစပ် ညှိနှိုင်းရေးမှူးများ (Coordinators)နဲ့ စစ်တမ်းကြီးကြပ်သူ (Supervisors)များဟာ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်း များ ဖြစ်ပြီး စာရင်းကောက်ယူသူ (Enumerator)၊ အချက် အလက်သွင်းသူ(Data Entry) များဟာ ပြင်ပမှ ငှားရမ်း အသုံးပြုသူများ ဖြစ်ပါတယ်။ အိမ်ထောင်စုစာရင်း လက်ရှိ အခြေအနေအလိုက်ပြုစုသူ (Listers)များဟာဗဟိုစာရင်း အင်းအဖွဲ့မှ ဝန်ထမ်းများရော ပြင်ပမှပါ ငှားရမ်း အသုံးပြု သူများ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသ ကြီး/ပြည်နယ်မှာရှိတဲ့ လက်ရှိတိုင်းမှူး/ ပြည်နယ်မှူးများ ဟာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးမှူများ (Coordinators) ဖြစ်ပြီး၊ လက်ရှိတာဝန် ထမ်းဆောင်နေတဲ့ ဦးစီးအရာရှိများ၊ ဒုတိယစာရင်းအင်းမှူးများဟာ စစ်တမ်းကြီးကြပ်သူ (Supervisors) များဖြစ်ပါတယ်။ စစ်တမ်းကြီးကောက်ယူ ဖို့ ၂၀၁၆ ခုနှစ် မေလလောက်ကတည်းက စတင်ပြင်ဆင် ဆောင်ရွက်နေတာမို့ ကျွန်မ နေပြည်တော်ကောင်စီမှာ တာဝန်ထမ်းဆောင်နေဆဲ ကာလအတွင်း ပြင်ပမှ ငှားရမ်း အသုံးပြုသူများဖြစ်တဲ့စာရင်းကောက်ယူသူ(Enumerator) အချက်အလက်သွင်းသူ (Data Entry)နဲ့ အိမ်ထောင်စု စာရင်း လက်ရှိအခြေအနေအလိုက် ပြုစုသူ (Listers) များ ကို ရွေးချယ်ရာမှာ တစ်တပ်တစ်အားတော့ ပါဝင်ခွင့် ရခဲ့ ပါသေးတယ်။

စစ်တမ်းကြီးမှာ ကမ္ဘာ့ဘဏ် (WB)၊ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့မှ နည်းပညာ ကျွမ်းကျင်သူ များ၊ ဘာသာရပ်ကျွမ်းကျင်သူများနဲ့ ဗဟိုစာရင်းအင်းအဖွဲ့မှ စစ်တမ်းဌာနစိတ်ရှိ ဝန်ထမ်းများဟာ ဆွေးနွေးညှိနှိုင်းမှုများ ကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီးမှ ကောက်ကွက် (Enumeration Areas - EA)များကို ရွေးချယ်ခဲ့တာဖြစ်ပါ တယ်။ပြီးတော့မှ ပြင်ပမှ ငှားရမ်းအသုံးပြုတဲ့ အိမ်ထောင် စုစာရင်း လက်ရှိအခြေအနေအလိုက် ပြုစုသူ (Listers) များကို ပထမဆုံး သင်တန်းပေးကာ ကောက်ကွက် (EA) များကို မြေပြင်အခြေအနေနဲ့ ညီ/မညီ စစ်ဆေးစေခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို စစ်ဆေးပြီးတော့မှ နောက်က စာရင်း ကောက်သူများက ကောက်ကွက် (EA)များကို လိုက်ပါ ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် စာရင်းကောက်ခါနီးမှ အိမ်ရှာမတွေ့တာမျိုး၊ စာရင်းထဲမှာ အိမ်ဖြစ်နေပေမဲ့ အပြင်မှာ ကွင်းခေါင်ခေါင်ဖြစ်နေတာမျိုး၊ သွားကောက် တော့မှ လူမရှိတာမျိုးတွေ မတွေ့ရတော့မှာဘဲဖြစ်ပါတယ်။

အဲ့ဒါက တကယ့်ကို ထူးခြားမှုတစ်ခုပါပဲ။ နောက် ထူးခြားမှုတစ်ခုက ပြင်ပငှားရမ်းသူများကို လိုအပ်တဲ့အရေ အတွက်ထက်ပိုမိုရွေးချယ်ခဲ့ပြီး ဟိုတယ်မှာ တစ်လသင်တန်း ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ကိုယ်ရေးအချက်အလက်တွေနဲ့ အလုပ်လာလျှောက်စဉ်က ဘွဲ့တွေ၊ ဒီဂရီတွေကိုကြည့်ပြီး ရွေးချယ်ခဲ့ပေမယ့် သင်တန်းတစ်လပေးပြီး စာမေးပွဲစစ် လိုက်တဲ့အခါ အမှတ်က သတ်မှတ်ချက်အောက် ကျဆင်း နေရင် သူဟာ သင်တန်းကသင်တဲ့ အကြောင်းအရာတွေကို နားမလည်နိုင်တာ၊ မလုပ်ဆောင်နိုင်တာ ပေါ်လွင်နေတာ ကြောင့် ရွေးချယ်မယ့် စာရင်းထဲက ချန်ထားခဲ့ရမှာဘဲဖြစ်ပါ တယ်။ နောက်တစ်ချက်ကတော့ အဖွဲ့နဲ့တစ်နှစ် ပတ်လုံး (Team Rork) ဆောင်ရွက်ရမှာဖြစ်လို့စည်းကမ်း လိုက်နာမှု ရှိ/မရှိစစ်ဆေးခြင်းဘဲဖြစ် ပါတယ်။ ဒါတွေ အားလုံးနဲ့ ပြည့်စုံပါမှ အဖွဲ့အစည်းနဲ့ လှုပ်ရှားခွင့်ရမှာ ဖြစ်ပါတယ်။

စစ်တမ်းကြီး တကယ်မစမီ အကြိုအဖြစ် နေပြည် တော် ကောင်စီနယ်မြေမှာ မြို့ပြ/ကျေးလက် (Urban/ Rural)အလိုက် ကွင်းဆင်းဆောင်ရွက်မှုကို ကျွန်မလိုက် ပါခဲ့ပါတယ်။ အချို့နေရာတွေမှာ ကျေးလက်လို့ အမည်ခံ ထားပေမဲ့လက်တွေ့မှာတော့ ရပ်ကွက်အဆင့်လိုဖြစ်နေတာ မျိုးတွေ၊ ရွာကိုဝင်တဲ့ တံတားက ခံနိုင်ဝန်အားနည်းပါးလို့ လမ်းကို နှစ်ဖာလုံလောက် လျှောက်လိုက်ရတာမျိုးတွေ၊ အချို့အိမ်တွေ မှာ လူကြီးတစ်ယောက်မှ မရှိလို့ မမေးရဘဲ

ပြန်ထွက်ခဲ့ရတာတွေ၊ခြံစည်းရိုးဝကိုစတင်ခြေချကတည်းက တဝုန်းဝုန်းနဲ့ဟောင်သံပေးတဲ့ခွေးတွေမွေးထားတဲ့အိမ်တွေ စသည့်စသည့် မြောက်မြားစွာသော စိန်ခေါ်မှု များကို တစ်နှစ်ပတ်လုံး ကြုံတွေ့ကြရတော့မှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း စစ်တမ်းမေးခွန်း မေးမြန်းနေတဲ့ အချိန်မှာ မေးမြန်းတဲ့သူတွေဟာ ဖြေဆိုသူများရဲ့ရင်တွင်းခံစားချက် အခြေအနေအလိုက် လိုက်ပါစီးမျော သွားပြီး ဝမ်းသာတာ တွေ၊ ဝမ်းနည်းတာတွေကို မျက်မြင်တွေ့ခဲ့ရပါတယ်။

ဒီထက်ဆိုးတာက ပဋိပက္ခဖြစ်နေတဲ့(Conflict) ဒေသများဘဲဖြစ်တဲ့အတွက် အထူးဂရုစိုက် ဖို့တော့လိုပါတယ်။ အိမ်ထောင်စုစာရင်း လက်ရှိအခြေအနေအလိုက် ပြုစုသူ(Listers) များဟာ ဒီအခက် အခဲများကို ပထမဆုံး ကြုံတွေ့ရမှာဖြစ်ပြီး ဒီလိုအခြေအနေတွေ အခက်အခဲတွေကိုတတ်နိုင်သမျှ ဖြေရှင်းပေးဖို့က လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးမှူးများ(Coordinators)ရဲ့ တာဝန်များဘဲဖြစ်ပါတယ်။ လုပ်ငန်းအခက်အခဲများကိုလိမ္မာပါးနပ်စွာဖြေရှင်း နိုင်မှုဟာလည်း လုပ်ငန်းတစ်ဝက် ပြီးမြောက်ခြင်းဘဲ ဖြစ်ပါတယ်။

သင်တန်းဆင်းပွဲမှာ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်မှ အပိတ်မိန့်ခွန်းပြောကြားရာမှာ စစ်တမ်းလုပ်ငန်းကြီးသည် Team Work လုပ်ငန်းစဉ်ဖြစ်၍ အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စစ်တမ်းကြီးမှ စာရင်းအင်းအချက်အလက်များရရှိလာမှာ ဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နေထိုင်စားသောက်မှုပုံသဏ္ဍာန်များ၊ အလုပ်အကိုင်အခြေအနေ များ၊ နယ်မြေဗဟုသုတများကိုနှိုင်းယှဉ်နိုင်မှာ ဖြစ်ကြောင်း၊ အတွေ့အကြုံသည် ငွေနှင့်ပေးဝယ်၍မရနိုင်ကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှလည်း ဝန်ထမ်းများ ခေါ်ယူရန်ရှိ၍ အသိပေးလိုကြောင်းများကို အကျယ်တဝင့်ပြောကြားခဲ့ပါတယ်။

နောက်တစ်ချက် မှတ်မှတ်ထင်ထင် သတိထားမိတာကတော့ ကမ္ဘာ့ဘဏ်မှ စစ်တမ်းလုပ်ငန်း ကျွမ်းကျင်သူ (Survey Expert) Ms. Rachel Smith Govoni ပြောတဲ့စကားလေးပါပဲ၊ သူက သူ့မျက်စိရှေ့မှာတင် အလုပ်လုပ်တဲ့သူတွေကိုသာ ကျေးဇူးတင်စကား ပြောတာမဟုတ်ဘဲ၊ နောက်ကွယ်ကနေ ပံ့ပိုးပေးနေရတဲ့သူတွေကိုပါ ကျေးဇူးတင်ကြောင်း ပြောသွားခဲ့ပါတယ်။ ဒါဟာ တကယ့်ကိုဘဲ နမူနာယူရမှာဖြစ်တယ်လို့ ခံယူမိပါတယ်။ပြီးတော့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ် အဖွဲ့အလိုက် ဗဟိုစာရင်းအင်းအဖွဲ့က ညွှန်ကြားရေးမှူးချုပ်နဲ့ ဓာတ်ပုံရိုက်တာတွေ့တော့ စိတ်ထဲမှာ နှမြောသလိုလို၊ ဝမ်းနည်းသလိုလိုနဲ့ ကိုယ်တာဝန်ထမ်းဆောင်ဖူးခဲ့တဲ့ နေပြည်တော်ကောင်စီနယ်မြေက ရှုံးခန်း နေရာလေးကိုဘဲ တမ်းတမိသလိုလိုခံစားချက်မျိုးစုံ ရောထွေးခဲ့ရပါတယ်။ ဘာဘဲဖြစ်ဖြစ် ဒီစစ်တမ်းကြီးနဲ့ ကိုယ်ဟာ ရေစက်ရှိတယ်လို့ဘဲ သဘောထားလိုက်မိပါတယ်။

ဒီစစ်တမ်းကြီးကို ကောက်ယူခြင်းအားဖြင့် စစ်တမ်းတစ်ခုပြီးတစ်ခုကို အချိန်ကုန်လူပန်း ခဏ၊ ခဏထွက်နေမယ့်အစား ဖြစ်နိုင်ချေရှိတဲ့၊ပေါင်းလို့ရနိုင်တဲ့ စစ်တမ်းတွေကိုပေါင်းပြီး ကောက်လိုက်နိုင်တာ ဖြစ်လို့ ငွေယိုပေါက်တစ်ခုကိုဖာလိုက်နိုင်တာဘဲဖြစ်ပါတယ်။ ရာသီအလိုက်သာ ကောက်နိုင်တဲ့အခြေအနေ များကိုနှစ်ပတ်လည်ကောက်ခြင်းဖြင့် တစ်နှစ်ပတ်လုံး လုပ်ကိုင်ဆောင်ရွက်မှု၊ သုံးစွဲနေထိုင်မှုတို့ကို ခြုံငုံသုံးသပ်နိုင်မှာဘဲဖြစ်ပါတယ်။ပြီးတော့ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (SDGs) အချက်အလက်များကိုလည်း ရရှိနိုင်မှာဖြစ်တဲ့အတွက် စီမံကိန်းရေးဆွဲသူများ၊ ဆုံးဖြတ် ချက်ချမှတ်သူများအတွက်ကောင်းသော အလားအလာဘဲ ဖြစ်ပါတယ်။ ပြီးတော့ စစ်တမ်းကြီးက အလုပ်အကိုင် အခွင့်အလမ်းတွေလဲ ဖန်တီးပေးတဲ့အတွက် ကျောင်းပြီးခါစ အလုပ်ရှာနေတဲ့ လူငယ်တွေအတွက်လဲ အကျိုးရှိစေနိုင်ပြီး စစ်တမ်းကြီးက ရရှိမဲ့အတွေ့အကြုံတွေဟာ ဘဝတစ်လျှောက်လုံးအတွက် ကောင်းစွာ အသုံးချသွားနိုင်မှာဘဲဖြစ်ပါတယ်။ စစ်တမ်းကြီးကို ဆောင်ရွက်ခြင်းအားဖြင့် စစ်တမ်း ကိစ္စရပ်တွေကိုသာ တစ်စိုက်မတ်မတ် ဆောင်ရွက်ရမယ့် ဝန်ထမ်းများအတွက် အရည်အသွေးများလည်းမြှင့်တင်ပေးရာရောက်တဲ့အတွက် အလွန်ပင် တန်ဖိုးရှိလှပါကြောင်း သိရှိသလောက် တင်ပြလိုက်ရပါသည်။



# ကလေးများအနာဂတ်ဖွံ့ဖြိုးဖို့
# ဝိုင်းဝန်းကူညီ အားထုတ်စို့

| မယု(စက်မှု) |

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်သာယာ လှပမှုသည် ကလေးများ၏ ဘဝမြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှုတို့နှင့် ဆက်စပ်နေပါသည်။ ယနေ့ကလေးများသည် လာမည့်အနာဂတ်၏ တိုင်းပြည်ခေါင်းဆောင်များဖြစ်နိုင်သကဲ့သို့ တိုင်းပြည်၏ စီးပွားရေးမဏ္ဍိုင်များ ဖြစ်လာနိုင်ပါသည်။ သို့သော်လည်း ထိုယုံကြည်မျှော်လင့်ချက်များကို ဖော်ဆောင်ပေးမည့် ပံ့ပိုးရှင်ကောင်းများ လိုအပ်ပါသည်။ အိုးကောင်းရရန် အိုးထိန်းသည်သည် အိုးကို နာနာရိုက်ရသကဲ့သို့ ကလေးများကိုလည်း ငယ်စဉ်ကာလမှစ၍ စည်းစနစ် ကျကျပြုစုပျိုးထောင်ပေးမည့် လက်ဦးဆရာဖြစ်သော မိဘနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာသမားကောင်းများ လိုအပ်ပါသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁၇)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပန်းတိုင်-၁ဖြစ်သည့် နေရာအနှံ့ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေးသည်လည်းကောင်း၊ ပန်းတိုင်-၂ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အဟာရပြည့်ဝမှု တိုးတက်ရေးစဉ်ဆက်မပြတ် စိုက်ပျိုးမှုဖြစ်ပေါ် တိုးတက်စေရေးသည်လည်းကောင်း၊ ပန်းတိုင်-၃ ဖြစ်သည့် လူတိုင်းစေ့ကျန်းမာရေး နှင့်သာယာဝပြောရေးသည်လည်းကောင်း၊ ပန်းတိုင်-၄ ဖြစ်သည့် လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အ ရည်အသွေးရှိသည့်ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သောအခွင့်အလမ်းရရှိရေးသည် ကလေးများအတွက် အရေးကြီးသည့်ပန်းတိုင်များပင်ဖြစ်သည်။

ကလေးများ၏ စိတ်ဓာတ်ခွန်အားနှင့်အမူအကျင့်သည်မိဘနှင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ မေတ္တာရှိမှုနှင့် နေ့စဉ်ကြုံတွေ့ရသည့်ဓလေ့စရိုက်များကို မူတည်၍ ကွဲပြားသွား နိုင် ပါသည်။ ကောင်းမွန်သောပတ်ဝန်းကျင် အသိုင်း

အဝန်းတွင် မေတ္တာအပြည့်အဝခံစား ကြီးပြင်းရသည့် ကလေးများသည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အရာရာကိုကောင်းသည့်အမြင်ဖက်က ရှုမြင်ပြီး ပိုမိုအောင်မြင်နိုင်ကြောင်း တွေ့ရှိရသည်။

ဗဟိုစာရင်းအင်းအဖွဲ့ အနေဖြင့် ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန်အတွက် UNICEF၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပမှမိတ်ဖက်အဖွဲ့အစည်းများ၊ ချိတ်ဆက်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများတို့ဖြင့် ပူးပေါင်း၍ လိုအပ်သည့်မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များပေါ် ပေါက်စေရေးအတွက် "မြန်မာ့ကလေးများဖွံ့ဖြိုးဖို့ ရည်မှန်းချက်အသစ်နှင့် ရလဒ်သစ်များဖြင့်အားထုတ်စို့"ဆောင်ပုဒ်ဖြစ်သော- New Vision, New results for Children in Myanmar- ဖြင့် မြန်မာနိုင်ငံကလေးများ၏ ဘဝမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁. ၄၉ သန်းခန့်ရှိခဲ့ရာ လက်ရှိလူဦးရေခန့်မှန်းတွက်ချက်မှုအရ ၅၂. ၄ သန်း ကျော် ရှိသည်ဟု သိရှိရပါသည်။ စာရင်းအင်းအချက်အလက်များအရ လက်ရှိလူဦးရေ၏ ၃၅% သည် ကလေးများဖြစ်သည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏အနာဂတ်ဖြစ်သော ကလေးများအတွက် ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်အတွက် မဟာဗျူဟာစီမံချက်များထားရှိရေး သည်အလွန်ပင် အရေးကြီးပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတရေးနှင့်တန်းတူအခွင့်အရေးများ ရရှိနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပြီးနောက် ရရှိလာသည့်ရလဒ်များနှင့် သိသာထင်ရှားသည့် အခြေအနေများပေါ် မူတည်၍ စီပွားရေးမူဝါဒ(၄)ချက်မှ စီးပွားရေးမူဝါဒ(၁၂)ချက်သို့ ပြောင်းလဲချမှတ်ကျင့် သုံးခဲ့ပါသည်။

တိုင်းပြည်၏ စီးပွားရေးခိုင်မာတောင့်တင်းရေးသည်လူငယ်များ၏ အနာဂတ်ဖြောင့်ဖြူးသာယာရေးနှင့် တစ်နည်း တစ်ဖုံပတ်သက်နေသကဲ့သို့ကလေးသူငယ်များကျန်းမာသန်စွမ်းရေးနှင့်လည်း ပတ်သက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခွင့်အလမ်းများရရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ကြုံတွေ့နေရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည့် UNICEF မှ ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံရှိကလေးသူငယ်ဦးရေ ၁၇ သန်းကျော်ခန့်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ထို့အပြင်ကလေးသူငယ် ၆၀% ကျော်သည် တိုင်းဒေသကြီး နှင့် ပြည်နယ် (၆)ခုတွင်နေထိုင်လျက်ရှိပြီး ကလေးသူငယ်များ၏ ၅၀% သည်ဆင်းရဲနွမ်းပါးဆဲဖြစ်ကြောင်းနှင့် ၅နှစ်အောက် ကလေးဦးရေ၁၀၀ မှ ၁၅၀ ကြား နေ့စဉ်သေဆုံးနေကြောင်းလည်း သိရှိ ရပါသည်။ မြန်မာနိုင်ငံရှိ ကလေးသူငယ် ၃၀% သည်သန့်ရှင်းသော သောက်သုံးရေမရရှိခြင်းနှင့် ၂၀% သည် အိမ်သာသုံးစွဲနိုင်မှုမရှိခြင်း၊ ကျောင်းနေအရွယ်ကလေးများ၏ ၂၅% ဖြစ်သော ၃. ၆သန်းသောကလေးများသည်ကျောင်းနေနိုင်ခြင်း မရှိကြောင်းသိရှိရပါသည်။ အသက်၅ နှစ်မှ ၁၇နှစ်အတွင်း ကလေးသူငယ် ၁. ၂ သန်းကျော်သည်ဆင်းရဲနွမ်းပါးမှုကြောင့် အလုပ်လုပ်နေကြရပြီး ၂၅%သည် အသက်၅နှစ်မှ ၁၄ နှစ် အတွင်းဖြစ်၍ကျန် ၇၅% သည်အသက်၁၅ နှစ် မှ ၁၇ နှစ်အတွင်းရှိလူငယ်များဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၆၆. ၁% ကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်မှုနည်းပါးသကဲ့သို့ကလေးများ၏ ပညာရေးတိုးတက်မှု အခွင့်အလမ်းလည်း နည်းပါးပါသည်။ ဆင်းရဲသော မိသားစုများမှ ကလေးများသည် မိဘဆင်းရဲချို့တဲ့မှုကြောင့် ပညာသင်ကြားရခြင်းမရှိဘဲ ဝမ်းစာရေးအတွက် လုပ်ခလစာအနည်းငယ်မျှဖြင့် အလုပ်လုပ်နေကြရပြီး လူကုန်ကူးမှုခံရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်ဝမရရှိခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်းများ ခံစားနေရပါသည်။ကလေးများပညာသင်ချိန်တွင် အကြောင်း

အမျိုးမျိုးကြောင့် ကျောင်းနေနိုင်ခြင်းမရှိကြောင်းလည်း သိရှိရပါသည်။သို့ဖြစ်ပါ၍ကလေးများနှင့်ပတ်သက်၍ မူဝါဒ ပြုပြင်ပြောင်းလဲခြင်း ၎င်းတို့၏ မိသားစုဘဝကိုပါ မြှင့်တင် ပေးနိုင်ရန် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်များ ဆောင် ရွက်ပေးခြင်းများ လိုအပ်လျက်ရှိနေပါသည်။ သို့သော်လည်းမြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်း များ သော်လည်း စာတတ်မြောက်မှုနှုန်းမြင့်မားသကဲ့သို့ကျား၊ မ တန်းတူ အခွင့်အရေး ရရှိသောနိုင်ငံဖြစ်ပါသည်။

ခန့်မှန်းတွက်ချက်မှုများအရ ၂၀၀၅ခုနှစ် တွင် အလုပ်လုပ်သူများ၏ ၃၁. ၁% သည် တစ်နေ့ ဝင်ငွေတစ် ဒေါ်လာအောက် ကျရောက်နေပါသည်။ အိမ်ထောင်စု အဆင့်လေ့လာမှုအရ ၂၀၀၅-၂၀၀၆ ခုနှစ်တွင်ဆင်းရဲ နွမ်းပါး မှုနှုန်း ၃၆% ရှိခဲ့ရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆% သို့လျော့ကျသွားကြောင်း သိရှိရပါသည်။ ၂၀၁၄-၂၀၁၅ခုနှစ်ကမ္ဘာ့ဘဏ်၏တွက်ချက် မှု အရ စံတွက်ချက်မှုကီလိုရီ ၂၂၀၀ စံမှုနှုန်းဖြင့် ပြောင်းလဲ တွက်ချက်မှုကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်း ၂၇. ၅% သို့ပြန်လည်မြင့်တက်သွားကြောင်းလည်း သိရှိ ရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကို အမျိုးသားရေး အထူး ဦးစားပေး ရည်မှန်းချက်တစ်ရပ်အဖြစ် ဆောင်ရွက် လျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအတွက်လိုအပ် သော အစာအဟာရရရှိစေရေး၊ ကလေးတိုင်းမွေးဖွားပြီး ချိန်မှစ၍လိုအပ်သော ကာကွယ်ဆေးများ အပြည့်အဝရရှိ စေရေး၊ ကလေးများဘဝဖွံ့ဖြိုးတိုးတက်၍သာယာလှပစေ ရေးအတွက် ပညာရေးကဏ္ဍလိုအပ်ချက်များဖြစ်သည့် အခြေခံပညာသင်ယူရရှိနိုင်ရေး၊နည်းပညာနှင့်အသက်မွေး ဝမ်းကြောင်းပညာများ သင်ယူရရှိနိုင်ရေးကလေးတိုင်း၏ ဘဝအကောင်းဆုံးစတင်နိုင်ရန်အတွက် ကျောင်းများတွင် ကိုယ်ကာယ ပညာပေးလေ့ကျင့်ချိန်များထားရှိရေး၊ ကစား ကွင်းများထားရှိရေး၊ ကလေးများအဟာရပြည့်ဝ သည့် အစားအသောက်များ ရရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ် မျှတသည့် အစားအစာများရရှိနိုင်ရေး၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်စေခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး သည် အလွန်အရေးကြီးပါသည်။ ကလေး သူငယ်များ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ကလေးများအကြမ်းဖက်ခံရမှု မရှိစေရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ များ ချမှတ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်ပေးရေး၊ ကလေးများအတွက်ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး၊ကလေးစောင့် ရှောက်ရေးလုပ်သားများအားလေ့ကျင့်ပညာပေးရေး အစ ရှိသည့် လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်လိုအပ် လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်ကလေးများ၏ ဘဝမြှင့်တင် နိုင်ရေးအတွက် စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများ၊ ရင်း နှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ဗဟို စာရင်းအင်းအဖွဲ့အနေဖြင့် ဖွား/သေ စာရင်းအင်းအချက် အလက်များဖြစ်သည့် ဖွား/သေမှတ်ပုံတင်ခြင်းတို့ကို အွန်လိုင်းမှ တစ်ဆင့် (Vital Registration) ပြုလုပ် နိုင်ရန် UNICEFနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံ တကာနည်းတူနိုင်ငံသားမှတ်ပုံတင်ခြင်း(Civil Registration) မှာ လည်း လိုအပ်လျက်ရှိပါသည်။

မြန်မာ့ကလေးများ ဘဝဖွံ့ဖြိုးဖို့ကလေးသူငယ် ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ရည်မှန်း ချက်များ အကောင်အထည်ဖော်ဆောင်ရေးသည် အရေး ကြီး သကဲ့သို့လိုအပ်သည့် မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစား ရမည့်အချက်များပေါ်ပေါက်စေရေးသည်လည်း အလွန် အရေးကြီးပါသည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အရေးကြီးသည့် အနာဂတ်သားကောင်းများဖြစ် သော ကလေးသူငယ်များ၏ ဘဝသာယာလှပစေရေး အတွက် မိဘတိုင်းတွင် တာဝန်ရှိသကဲ့သို့ နိုင်ငံသား အား လုံးတွင်လည်း တာဝန်ရှိပါသည်။သို့ဖြစ်ပါ၍ ကလေးများ အနာဂတ်ဖွံ့ဖြိုးဖို့ဝိုင်းဝန်းကူညီကာ တတ်စွမ်းသမျှ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါ သည်။




# ခါးဆက်မပြတ်၊ လက်ဆင့်ကမ်း
# ပြည်သူ့အတွက်မျှော်ရည်မှန်း ... နိုင်ငံ့ဝန်ထမ်း

ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်၍ တာဝန်ယူခဲ့သည့်လူထုအစိုးရသည်'ပြောင်းလဲချိန်တန်ပြီ' ဟူသည့်ပြည်သူများ၏ ပြည်လုံးကျွတ်ကြွေးကြော်သံနှင့် အတူ ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင်အစိုးရသစ်သည် ယခင်ဝန်ကြီးဌာနများ ကျစ်လျစ်မှုရှိစေရန်အတွက် ပေါင်းစည်း၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်းများ ပြုလုပ်၍ ပြောင်းလဲခြင်းခြေလှမ်းသစ်ကိုစတင်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ မေလ(၁)ရက်နေ့မှစတင်၍ 'ပြည်သူ့အတွက်ပထမရက်(၁၀၀)'လုပ်ငန်းစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ခဲ့သည်။

ဒီမိုကရေစီအသွင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် အစိုးရသစ်သည် ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် ပြည်သူလူထုကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြစေရန် လမ်းညွှန်ခဲ့သည်။ လူထုအစိုးရသည် တိုင်းပြည်၏ ပကတိလိုအပ်ချက်များကို ဒီမိုကရေစီနည်းကျကျ လုပ်ဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများအချင်းချင်း အထက်အောက်တာဝန်ယူမှု၊ တာဝန်ခံမှုများရှိလာစေရေး၊ လာဘ်ပေး လာဘ်ယူ ကင်းရှင်းစေရေးနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေးတို့ကို ဝန်ကြီးဌာန အသီးသီးအား အထူးအလေးပေးကာ စီမံဆောင်ရွက်စေခဲ့သည်။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရသည့်သူများ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ပေးခြင်းခံထားရသည့်သူများကိုနိုင်ငံ့ဝန်ထမ်းဟုခေါ် သည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ် စတင် ခန့်အပ်ခြင်းခံရသည့်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသည်(၂-၆-၂၀၁၆)ရက်နေ့တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)သို့ လာရောက်ခဲ့စဉ် အဓိကထား ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို မှာကြားခဲ့သည်။ အမျိုးသား မော်ကွန်းတိုက်သည် နိုင်ငံအတွက် အဖိုးတန်သည့် အထောက်အထားများကို ထိန်းသိမ်းနေသည့် ဌာနတစ်ခုဖြစ်သည့်အတွက် အရေးပါလှသည့် မော်ကွန်း၊ မှတ်တမ်းများ ထိန်းသိမ်းရာတွင် နည်းပညာကျွမ်းကျင်မှုများ ခါးဆက်မပြတ်၊ လက်ဆင့်ကမ်းနိုင်ရန် ဦးစားပေး ပျိုးထောင်စေလိုကြောင်း လမ်းညွှန်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုနှင့်အတူ အမျိုးသားမော်ကွန်းတိုက်သည် ခါးဆက်မပြတ်၊ လက်ဆင့်ကမ်း လုပ်ငန်းများကိုစီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အပိုင်းလိုက် (Time Plan)များ ချမှတ်ခဲ့သည်။ ဌာနတွင်းရှိဝန်ထမ်းများ၏ ပညာအရည်အချင်းနှင့် ရရှိသည့်ဘွဲ့အလိုက် ဌာနခွဲများတွင် တာဝန်ချထားပေးခဲ့သည်။ ဝန်ထမ်း စွမ်းဆောင်ရည်မြင့်သူများကို ဌာနမှ လုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းထားသည့် အဖွဲ့များ၌အဖွဲ့လိုက်တာဝန်ပေးစေခိုင်းခြင်းများဖြင့် လေ့ကျင့်ပျိုးထောင်မှုများပြုလုပ်ကာ ဌာနအများစုရင်ဆိုင်နေကြရသည့် ဝန်ထမ်းခါးဆက်ပြတ်မှုပြဿနာရပ်ကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။

ဌာနတွင်း ခါးဆက်ပြတ်ခြင်းသည် ထိုဌာန အဖွဲ့အစည်းအတွက် ကြီးမားသည့်ထိခိုက်မှုကိုဖြစ်ပေါ်စေပါသည်။ အမျိုးသားမော်ကွန်းတိုက်သည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်းရှိဝန်ထမ်းများအားလက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည့်ဝန်ထမ်းကောင်းများဖြစ်လာစေရန်အတွက် လေ့ကျင့်ပျိုးထောင်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် အငြိမ်းစားခံစားမည့်ပုဂ္ဂိုလ်များ၏ စာရင်းကိုပြုစုပြီး အငြိမ်းစားခံစားမည့်သူများ၏ လုပ်ငန်းတာဝန်များကိုကြိုတင်တွဲဖက်များဖြင့် တာဝန်ချထားခြင်းနှင့် ၎င်း၏နေရာတွင်အစားထိုးခန့်ထားနိုင်ရန် ကြိုတင်

အချိန်မှစ၍ သက်ပြည့်အငြိမ်းစားယူသည့် အချိန်အထိ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့် ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ ဥပဒေအရ ပြုလုပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ပေးထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသောသင်တန်းများကို တက်ရောက်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ပြည်သူကို ရိုသေလေးစားခြင်းစသည့် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် တာဝန်များကို လိုက်နာကြရပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ ပကတိအခြေအနေအရဝန်ကြီးဌာနအများစု၌ ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲတစ်ခုမှာ ဝန်ထမ်း ခါးဆက်ပြတ်မှု ပြဿနာပင်ဖြစ်သည်။ နိုင်ငံတော်သည် ခါးဆက်ပြတ်မှု (Generation Gap)ကို ဖြေရှင်းရာတွင် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုအတွက် အထောက်အပံ့ဖြစ်စေရန်နှင့် အရည်အချင်း ပြည့်ဝပြီး ထူးချွန်ထက်မြက်သော ပြည်သူ့ဝန်ထမ်းများ ပြုစုပျိုးထောင်နိုင်ရန်အတွက် ပံ့ပိုးအထောက်အကူရစေမည့် နည်းပညာအခြေပြုသင်တန်းများဖွင့်လှစ်၍ လူသားအရင်းအမြစ်မှတစ်ဆင့် လူသားအရင်းအနှီးများ ဖြစ်လာစေရန် ရည်မှန်းကာ ဆောင်ရွက်ခဲ့သည်။

စီမံဆောင်ရွက်ထားရှိခြင်းများဖြင့် လုပ်ငန်းခါးဆက်မပြတ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ကျွမ်းကျင်အရာရှိကြီးများ အငြိမ်းစားယူသွားသည့်အခါ စွမ်းဆောင်ရည် မြင့်မားသည့်ဝန်ထမ်းငယ်များဖြင့် အစားထိုးဆောင်ရွက်နိုင်မှသာ ဝန်ထမ်း ခါးဆက်ပြတ်မှု အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်သည်။

ယနေ့ခေတ် လူငယ်၊ လူရွယ်များသည် အတွေ့အကြုံ အားနည်းနေနိုင်ေသာ်လည်း သစ်လွင်တက်ကြွသည့် အပြောင်းအလဲများကို လက်ခံနိုင်ခြင်း၊ ဆန်းသစ်တီထွင်လိုခြင်း၊ စိတ်ဓါတ်တက်ကြွခြင်း အစရှိသည့် ကောင်းမြတ်သော ယေဘုယျ လက္ခဏာများရှိကြသည်။ ဝန်ထမ်းငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building) တည်ဆောက်ရာတွင် အရည်အချင်းအခြေပြု ဝန်ထမ်းရေးရာစနစ်တည်ထောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ ဝန်ထမ်းသစ်များ ရွေးချယ်ခန့်အပ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ နိုင်ငံခြားသို့စေလွှတ်ရန် ရွေးချယ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းစသည့်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လိုအပ်လှပေသည်။

နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လက်ရှိအခြေအနေမှ ဖောက်ထွက်ရန်းကန်ရာတွင် အတွေးအခေါ်သစ် အခန်းကဏ္ဍသည် လွန်စွာ အရေးပါလှသည်။ အထူးအဖြင့် နိုင်ငံ၏ ဂုဏ်ယူစရာ ပြယုဂ်များဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖော်ထုတ်ပြသသည့် ဌာနများတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများသည် သုတေသန နယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ်များ ရယူကာ အတွေးအခေါ်သစ်များဖြင့် နိုးကြားနေကြရမည်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်၏တာဝန်ကို ပခုံးပြောင်းယူကြရမည့် မျိုးဆက်သစ် ဝန်ထမ်းငယ်များ အနေဖြင့် လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည့်ပညာရပ်များကိုတည်မြဲအောင်ပြုလုပ်ကာ မိမိတို့၏ ကျွမ်းကျင်မှု၊ ဗဟုသုတနှင့် အတွေ့အကြုံတို့ကို ချဲ့ထွင်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတိုင်း ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူရန်စိတ်အားထက်သန်မှုသည် မရှိမဖြစ် အရေးကြီးလှပေသည်။ ဌာန၏လုပ်ငန်းများကိုအရည်အချင်းပြည့်ဝစွာ စီမံခန့်ခွဲနိုင်ပြီး ထူးချွန်ထက်မြက်သောပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရမည်ဟူသည့် ခံယူချက်ကိုယ်စီဖြင့် (Life Long Learning) လေ့လာသင်ယူကာ ထိုက်တန်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုကြရပေမည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းများအပေါ်၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ယုံကြည်အားထားမှု အရှိန်ကို မြှင့်တင်ပေးသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတိုင်းတွင် ပြည်သူနှင့်အစိုးရတက်ညီမှုရှိပြီး ဟန်ချက်ညီမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာမည်ဖြစ်သည်။ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ မည်သည့်နိုင်ငံတွင်မဆို အစိုးရ၏ အုပ်ချုပ်ပုံစနစ် ကောင်းမွန်မှသာ နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်လာနိုင်ပေသည်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် နိုင်ငံသားအားလုံး အတူလက်တွဲကြရပေမည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း နိုင်ငံ့ဝန်ထမ်းတိုင်းသည် ပြောင်းလဲလာသည့်ခေတ်၊ စနစ်နှင့်အညီ ဝန်ထမ်းအဖွဲ့အစည်းအလိုက် လုပ်ငန်းနှင့် ဆက်နွယ်နေသောပညာရပ်များကို လေ့လာသင်ယူခြင်းဖြင့် ပြည်သူ့အစိုးရမျှော်မှန်းသည့်အတိုင်း ခါးဆက်မပြတ်၊ လက်ဆင့်ကမ်း၊ ပြည်သူ့အတွက် မျှော်ရည်မှန်း ဆောင်ရွက်ထားရှိမှုများ မလွဲဧကန် အောင်မြင်မည် အမှန်ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။



# မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန် အတွက်

# Disabilities Statistics

| စောယုဝင်း |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ကျရောက်စဉ် ၁၈၇၅ ခုနှစ်ကတည်းကပင် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပါသည်။ ၁၉၁၄ ခုနှစ်တွင် အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင်သင်တန်းကျောင်းကို ဝန်ထမ်း ၃ ဦးဖြင့်စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၅၄ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် လူမှုဝန်ထမ်းဆိုင်ရာ မူဝါဒများကို ချမှတ်ပြီး မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗန်းရှင်း သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် အာဆီယံအသိုက်

အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ ဘာလီကြေငြာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်ဖြစ်သည့်အင်ချွန်းမဟာဗျူဟာ(၂၀၁၃-၂၀၂၂)ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာမဟာဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)၊ အပိုဒ် ၂၁(က) တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်နှင့်အခန်း(၁)၊၃၂(က)တွင် နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပါရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အစဉ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည်ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူမှုဝန်ထမ်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်းစသည့် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကာကွယ်စောင့်ရှောက်ရန်နှင့်အခွင့်အရေးမြှင့်တင်ပေးရန် လိုအပ်သောအုပ်စုများကို လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရန်အတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူ များ၏ အခွင့်အရေး ဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည်ဘေးဖယ်ထားခြင်း၊ ချန်လှပ်ထားခြင်းတို့ကိုအများဆုံးကြုံတွေ့နေကြရပြီး အများနည်းတူလူ့အသိုင်းအဝိုင်းအတွင်းဝင်ဆံ့နိုင်ရေးအတွက်လည်း လျစ်လျူရှုခံနေကြရပါသည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း အရ မြန်မာနိုင်ငံစုစုပေါင်းလူဦး ရေ ၅၁ သန်းကျော်ရှိသည့်အနက် ၂. ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသဖြင့် စုစုပေါင်းလူဦးရေတွင် ၄. ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြပါသည်။ ၎င်းမသန်စွမ်းသူများတွင် အမြင်အာရုံမသန်စွမ်းသူ ၅၄. ၁ ရာခိုင်နှုန်း၊ လမ်းလျှောက်၊ အမြင့်တက်၊ ပစ္စည်းကိုင်တွယ်ရာတွင်ခက်ခဲသူ ၄၁. ၁ ရာခိုင်နှုန်း၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်ခြင်း အခက်အခဲရှိသူ ၃၆. ၂ ရာခိုင်နှုန်းနှင့် အကြားအာရုံခက်ခဲသူ ၂၉. ၁ ရာခိုင်နှုန်းရှိပြီး မသန်စွမ်းမှုကို အမျိုးသားများ (၄၅. ၇၂) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများ (၅၄. ၂၈%) တွင်ပိုမိုတွေ့ရပါသည်။ မသန်စွမ်းသူများတွင် စာတတ်မြောက်မှုနှုန်း ၇၄. ၈ ရာခိုင်နှုန်းသာရှိကြောင်းနှင့် မသန်စွမ်းသူဦးရေ များပြားလာသည်နှင့် အမျှ စာတတ်မြောက်မှုနှုန်းများစွာလျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မသန်စွမ်းမှု အနည်းငယ်သာရှိသူများ ၏ ၅၈. ၂ ရာခိုင်နှုန်းသာ အလုပ်အကိုင်ကဏ္ဍတွင်ပါဝင်သည်ကိုတွေ့ရှိရပါသည်။

## မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေတွင် မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း

| အကြောင်းအရာ | ရာခိုင်နှုန်း |
|---|---|
| စုစုပေါင်းလူဦး ရေတွင် မသန်စွမ်းသူ ပါဝင်မှု | ၄. ၆၀ |
| အမျိုးသားမသန်စွမ်းသူပါဝင်မှု | ၂. ၁၀ |
| အမျိုးသမီးမသန်စွမ်းသူပါဝင်မှု | ၂. ၅၀ |
| မြို့ပြဒေသတွင် မသန်စွမ်းသူပါဝင်မှု | ၁. ဝ၆ |

| အကြောင်းအရာ | ရာခိုင်နှုန်း |
|---|---|
| ကျေးလက်ဒေသတွင် မသန်စွမ်းသူပါဝင်မှု | ၃. ၅၄ |
| အသက်(၀-၁၄)နှစ်ရှိမသန်စွမ်းသူပါဝင်မှု | ၀. ၃၉ |
| အသက် (၁၅-၂၉) နှစ်ရှိမသန်စွမ်းသူပါဝင်မှု | ၀. ၃၄ |
| အသက်(၆၅)နှစ် အထက်ရှိမသန်စွမ်းသူပါဝင်မှု | ၁. ၆၂ |
| အလုပ်လုပ်နိုင်သည့်အသက်အပိုင်းအခြား အသက် (၁၅-၆၄)နှစ်ရှိ မသန်စွမ်းသူပါဝင်မှု | ၁. ၆၂ |

**ဇာစ်မြစ်။** ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

မသန်စွမ်းရာခိုင်နှုန်းသည် ဧရာဝတီ တိုင်းဒေသကြီးတွင်(၇. ၆)ရာခိုင်နှုန်းဖြင့်အမြင့်ဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင် (၇. ၄) ရာခိုင်နှုန်း၊ တနင်္သာရီ တိုင်းဒေသ ကြီးတွင် (၇. ၀) ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရှိရပါ သည်။ မသန်စွမ်း ရာခိုင်နှုန်းသည်မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်အနည်းဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ ကိန်းဂဏန်းအချက်အလက်တို့သည် လက်ရှိ အခြေအနေတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးထားရှိမှု၊ အလုပ်အကိုင်၊ပညာရေးနှင့်အခြားသော ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ထည့်သွင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။

## ပြည်နယ်/ တိုင်းဒေသကြီးအလိုက် မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း

| ပြည်နယ်/ တိုင်းဒေသကြီး | ရာခိုင်နှုန်း |
|---|---|
| ကချင်ပြည်နယ် | ၄. ၀ |
| ကယားပြည်နယ် | ၅. ၈ |
| ကရင်ပြည်နယ် | ၆. ၆ |
| ချင်းပြည်နယ် | ၇. ၄ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၃. ၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၇. ၀ |
| ပဲခူးတိုင်းဒေသကြီး | ၄. ၂ |
| မကွေးတိုင်းဒေသကြီး | ၅. ၂ |
| မန္တလေးတိုင်းဒေသကြီး | ၃. ၃ |
| မွန်ပြည်နယ် | ၅. ၃ |
| ရခိုင်ပြည်နယ် | ၅. ၃ |
| ရန်ကုန်တိုင်းဒေသကြီး | ၃. ၄ |
| ရှမ်းပြည်နယ် | ၃. ၉ |
| ဧရာဝတီတိုင်းဒေသကြီး | ၇. ၆ |
| နေပြည်တော် | ၃. ၂ |

**ဇာစ်မြစ်။** ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

ထို့အပြင်မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်း-၂၀၁၅၌ မသန်စွမ်းမှုအခြေအနေနှင့်ပတ်သက်၍ဖော်ပြချက်တွင်မြန်မာနိုင်ငံ၌ အသက်၅နှစ်နှင့်အထက်လူဦးရေ၏၇. ၇ရာခိုင်နှုန်းသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မသန်စွမ်းမှုအခြေအနေများ တွေ့ရှိရပါသည်။ အဆိုပါမသန်စွမ်းမှု ရာခိုင်နှုန်းသည် ကျေးလက်နှင့် နှိုင်းယှဉ်ပါက မြို့ပြဒေသများတွင် ပိုမိုမြင့်မားသည်ကိုတွေ့ ရှိရပါသည်။ ယင်း အခြေအနေများ အနက်မျက်မှန်တပ်ထားသည့်တိုင်အမြင်အာရုံအခက်အခဲရှိသည့် ရာခိုင်နှုန်းသည် အမြင့်မားဆုံးဖြစ်ရာ ပြည်ထောင်စုအဆင့်တွင်၅. ၇ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရှိရပြီးအမျိုးသားများတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဒုတိယ အမြင့်မားဆုံး မသန်စွမ်းမှု အခြေအနေမှာ လမ်းလျှောက်ရာတွင် သို့မဟုတ် လှေခါးတက်ရာတွင် အခက်အခဲရှိခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

## နယ်ပယ်

| နယ်ပယ် | အမြင်အာရုံ | အကြားအာရုံ | လမ်းလျှောက်ခြင်း၊ လှေကားတက်ခြင်း | မှတ်မိခြင်း၊ အာရုံစူးစိုက်ခြင်း၊ | မိမိကိုယ်ကိုစောင့်ရှောက်ခြင်း | ရုပ်ပိုင်း၊ စိတ်ပိုင်း(သို့) စိတ်ခံစားချက်ဆိုင်ရာ ကျန်းမာရေးကြောင့် ဆက်ဆံရေးခက်ခဲခြင်း | မည်သည့် မသန်စွမ်းမှုတစ်ခုခု |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅.၇ | ၂.၀ | ၃.၄ | ၁.၇ | ၁.၃ | ၀.၉ | ၇.၇ |
| မြို့မ | ၇.၀ | ၁.၆ | ၃.၅ | ၁.၈ | ၁.၂ | ၁.၀ | ၉.၁ |
| ကျေးလက် | ၅.၁ | ၂.၂ | ၃.၃ | ၁.၆ | ၁.၃ | ၀.၉ | ၇.၂ |
| ကျား | ၅.၀ | ၁.၈ | ၂.၈ | ၁.၄ | ၁.၁ | ၀.၉ | ၆.၉ |
| မ | ၆.၃ | ၂.၂ | ၃.၉ | ၁.၉ | ၁.၄ | ၀.၉ | ၈.၄ |

**ဇာစ်မြစ်။** မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း-၂၀၁၅

သို့ရာတွင် ဖော်ပြထားသော စာရင်းအင်းများ၊ ကိန်းဂဏန်းများနောက်ကွယ်ရှိ မသန်စွမ်းသူများ၏ ဘဝအခြေအနေတို့ကို အနည်းငယ်သာသိမြင်နားလည်နိုင်ကြပါသည်။ အစိုးရဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ကိန်းဂဏန်းအချက်အလက်များကို ပုံမှန်ထုတ်ဝေလျှက်ရှိသော်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် မသန်စွမ်းသူများနှင့်သက်ဆိုင်သည့် တာဝန်ရှိမှု၊ အရေအတွက်၊ အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်ရှားပါးခြင်း၊ပြည့်စုံမှုမရှိခြင်းနှင့် အာမခံချက်မရှိခြင်းတို့ကို တွေ့ရှိရပါသည်။

ထို့ကြောင့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ စုစည်းခြင်း၊ ထုတ်ပြန်ခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အစီရင်ခံစာရေးခြင်းဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ခွဲခြားဖော်ထုတ်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ရန် အလွန်သင့်တော်ပြီး အချိန်မီ ရရှိလာသော စာရင်းအင်းများသည် အရေးတကြီး လိုအပ်သည့် အထောက်အထားပြု သတင်းအချက်အလက်များဖြစ်ပါသည်။ ထိုအချက်အလက်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ၂၀၃၀ လုပ်ငန်းစဉ်နှင့် ၎င်း၏မျှော်မှန်းချက်ဖြစ်သော လူသားအားလုံး အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုပြည့်မီစေရေးတို့ကိုလည်း ထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်း သူများ၏ နေ့စဉ်ဘဝတွင်လည်းကောင်း၊ ရပ်ရွာအတွင်းတွင်လည်းကောင်း၊ လူမှုရေးဝန်ဆောင်မှုတို့ကို လက်လှမ်းမီရရှိစေရေးတို့ကိုလည်းကောင်း၊ ရင်ဆိုင်နေရသော အတားအဆီးများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ ဆန်းစစ်လေ့လာမှုနှင့် သတင်းအချက်အလက်တို့ကို ရရှိနိုင်ပြီး မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်နှင့် လူမှုရေးအရပေါင်းစည်းပါဝင်နိုင်မှုတို့ကို သေချာစေရန်နှင့် လုပ်ဆောင်ချက်တို့ကို အရေးတကြီး ဆောင်ရွက်ရမည့် အဓိကနယ်ပယ်များတွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မသန်စွမ်းသူများသည် ၎င်းတို့၏ မွေးရာပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာတို့ကိုအပြည့်အဝခံစားခွင့်ပြည့်မီရရှိစေရေးနှင့် အခြားသူများရရှိနေသော အခွင့်အလမ်းတို့ကိုလည်း ခံစားခွင့်ရှိသဖြင့် Disabilities Statistics ကို ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ လေ့လာသုံးသပ်၊ ထုတ်ပြန်ခြင်းအားဖြင့် မသန်စွမ်းသူများအတွက် လူမှု ကာကွယ်ရေးအစီအစဉ်များ၊ မူဝါဒများ၊ စီမံကိန်းများပြု လုပ်ရာတွင် လုပ်ငန်းအစီအစဉ်များတိုးတက်ကောင်းမွန် ရန် တွန်းအားတစ်ရပ် ဖြစ်စေမည့်အပြင် မြန်မာနိုင်ငံ၌ လူမှုရေးအရ ပေါင်းစည်းပါဝင်မှုရှိသည့် အနာဂတ်တစ်ခု ဖန်တီးဖြစ်ပေါ်လာရေးအတွက်လည်း အကြွင်းမဲ့အထောက်အကူပြုနိုင်မည်ဖြစ်သည်။ မသန်စွမ်းသူများ၏ အားထုတ်ကြိုးပမ်းမှုသည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသောကြောင့် မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းစသည့်ကဏ္ဍအလိုက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးရှိပြီး ယုံကြည်ကိုးစားနိုင်သော စာရင်းအင်းများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနိုင်မည့်အပြင်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်စိတ်တစ်ပိုင်းပါဝင်နေဖြစ်သဖြင့် Disabilities Statistics ကို ကောက်ယူစုစည်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



# ဌာနတွင်း မှတ်တမ်းခန်းမှသည် မော်ကွန်းတိုက် ဆီသို့

| စန်းသီတာ(မော်ကွန်းတိုက်) |

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးများ၊ ခရိုင်ရုံးများသို့ ဆက်သွယ်၍တန်ဖိုးမဖြတ်နိုင်သော ရတနာများကို ရယူရန် ကွင်းဆင်း ဆောင်ရွက်ကြပါသည်။ ရတနာဟုဆိုလိုက်သည်နှင့် လူအများ၏စိတ်ထဲတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကိုသာ ပြေးမြင်မိကြပေမည်။ ကျွန်မဆိုလိုသည့် ရတနာမှာ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင် အထောက်အထားများကို ဆိုလိုခြင်းဖြစ်ပါသည်။

ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့သည် မိမိတို့အဖွဲ့အစည်း စတင်တည်ထောင်စဉ်က ဌာန၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များကို အောင်မြင်ပြီးမြောက်မှု ရှိစေရန် ဆောင်ရွက်ကြရာတွင် မှတ်တမ်းများမှာ ကာလရှည်ကြာလာသည်နှင့် အမျှ ထိန်းသိမ်းရန်ခက်ခဲလာပါသည်။ များပြားလာသော မှတ်တမ်းများတွင် စာရွက်စာတမ်းများ၊ စာရင်းအင်း၊ ကိန်းဂဏန်းများ၊ ရုပ်ပုံများ၊ မြေပုံများ၊ ဓာတ်ပုံများ၊ ဖလင်များ၊ အသံသွင်းတိတ်ခွေများ၊ လက်ရေးမူ (သို့) အခြားတစ်နည်းနည်းနှင့် ရိုက်နှိပ်ထားသည်များ အားလုံးပါဝင်ပါသည်။ မှတ်တမ်း တစ်ရပ်တွင် အုပ်ချုပ်ရေးဆိုင်ရာ တန်ဖိုး (Administrative Value )၊ တရားဥပဒေဆိုင်ရာ တန်ဖိုး (Legal Value) နှင့် ဘဏ္ဍာရေးဆိုင်ရာတန်ဖိုး (Financial Value) စသည်တို့ ပါဝင်သည့် အထောက်အထားတန်ဖိုး (Evidential Value)နှင့် သတင်းအချက်အလက်တန်ဖိုး (Informational Value)များ ပါရှိစမြဲဖြစ်ပါသည်။ မှတ်တမ်းတစ်ရပ်တွင် အဆိုပါ တန်ဖိုးများပါရှိနေပါသဖြင့် ဌာနအနေဖြင့် ရည်ညွှန်းကိုးကားနိုင်ပြီး အခြားဌာနများ အနေဖြင့် မှီငြမ်းကိုးကားနိုင်ခြင်း၊ သုတေသနပြုခြင်းတို့ ပြုလုပ်နိုင်ပါသည်။ စာတွဲတစ်ခုမှသည် မှတ်တမ်း၊ မှတ်တမ်းတစ်ခုမှသည် မော်ကွန်းတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်သည့်အတွက် စာတွဲများကို အထူး အလေးအနက်ထား ထိန်းသိမ်းရမည်ဖြစ်ပါသည်။

အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း(၃)၊ အပိုဒ်(၅)တွင် 'အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို အသုံးပြုမှုအလိုက် သုံးဆဲမှတ်တမ်းများ (Current Records)၊ တစ်ခါတစ်ရံသုံးမှတ်တမ်းများ (Semi-Current Records)၊ သုံးဆဲ မဟုတ်သည့်မှတ်တမ်းများ (Non-Current Records) ဟူ၍ ခွဲခြားသတ်မှတ်ရမည်။ သုံးဆဲမှတ်တမ်းနှင့် တစ်ခါတစ်ရံသုံး မှတ်တမ်းများကို မိမိတို့ဌာနက တာဝန်ယူထိန်းသိမ်း၍ အသုံးပြုဆဲ မဟုတ်တော့သည့် မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်' ဟူ၍ ပြဋ္ဌာန်းချက် ပါရှိပါသည်။ သုံးဆဲမှတ်တမ်းများ (Current Records)၊ တစ်ခါတစ်ရံသုံးမှတ်တမ်းများ (Semi-Current Records) များကို မိမိတို့ရုံး၊ ဌာန၊အဖွဲ့အစည်း အသီးသီးတို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် အပြည့်အဝ အသုံးပြုနိုင်စေရန်၊ လွယ်လင့်တကူ ရည်ညွှန်း ကိုးကား ဆောင်ရွက်နိုင်စေရန်အတွက် မိမိတို့ရုံးဌာနတွင် ဆက်လက်ထားရှိပြီး အသုံးပြုဆဲ မဟုတ်သည့်မှတ်တမ်းများ (Non-Current Records)ထဲမှ နောင်တွင် သမိုင်းအထောက်အထားများ ဖြစ်လာမည့်မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ ပေးပို့ခြင်းဖြင့် စနစ်တကျ တစ်စုတစ်စည်းတည်း သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။ မှတ်တမ်းများ၏ အခြေခံဖြစ်သော စာတွဲများကို ဌာနတွင်း မှတ်တမ်းခန်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် မော်ကွန်းတိုက်သို့လည်းကောင်း၊ အဆင့်ဆင့် စိစစ်အကဲဖြတ်လွှဲပြောင်းပေးခြင်းဖြင့် နိုင်ငံတော်၏ အဖိုးတန်မော်ကွန်းများ အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ သို့ဖြစ်ပေရာ မှတ်တမ်းများကို ဌာနဆိုင်ရာ မှတ်တမ်းခန်းတွင် စတင်ထိန်းသိမ်းပြီး စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပေသည်။



ဌာနဆိုင်ရာ မှတ်တမ်းခန်း ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ပြန်လည် အသုံးပြုရန် ထုတ်ယူသည့်အခါ အချိန်တို အတွင်း လိုအပ်သော မှတ်တမ်းများကို အလွယ်တကူ ထုတ်ယူနိုင်ခြင်း၊ စနစ်တကျ ထားသိုခြင်းဖြင့် နေရာယူမှု နည်းစေခြင်းနှင့် မိမိဌာန၏ လုပ်ငန်း၌ ထိရောက်စွာ အကောင်အထည် ဖော်နိုင်ခြင်းတို့ကိုလည်း ဖြစ်စေပါသည်။

နေ့စဉ်ဌာနတွင်း လုပ်ငန်းဆောင်ရွက်ချက် စာရွက်စာတမ်းများ၊ ပြင်ပဌာနမှပေးပို့သော စာရွက်စာတမ်းများ၊ ပြင်ပဌာနနှင့် ဆက်သွယ်ဆောင်ရွက်သော စာရွက်စာတမ်းများကို သတ်မှတ်ထားသော စာတွဲစနစ် တစ်ခုဖြင့် ထိန်းချုပ်ကာ သိမ်းဆည်းထားရပေမည်။ ဌာနတိုင်းတွင် မှတ်တမ်းအမျိုးအစား မြောက်များစွာရှိရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လက်စွဲစာစောင်၊ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ၊ ပုံစံများ၊ သရုပ်ပြဇယားများ၊ မြေပုံများနှင့် အခြားရုပ်မြင်သံကြားဆိုင်ရာများ၊ သုတေသနစာတမ်းများ၊ အစီရင်ခံစာများ၊ စစ်ဆေးချက် မှတ်တမ်းများ၊ ငွေစာရင်းရှင်းတမ်းများ၊ ရသုံးမှန်းခြေငွေစာရင်းများ၊ အကြောင်းအရာတစ်ခုချင်းအလိုက် ဖွင့်လှစ်ထားရှိသော စာတွဲများ၊ အမှုတွဲများ၊ လုပ်ငန်းစီမံချက်များ ပါရှိပါသည်။

ယင်းမှတ်တမ်းများထဲတွင် သာမန်စာပေးစာယူ မှတ်တမ်းများသည် တစ်နှစ်အထိသာ ထိန်းသိမ်းထားရမည်။ အဖွဲ့အစည်းအတွက် အရေးကြီးမှတ်တမ်းများကို နှစ်အလိုက် ပိုင်းခြား သတ်မှတ်၍ ထိန်းသိမ်းထားပြီး မူဝါဒနှင့် သက်ဆိုင်သော မှတ်တမ်းများ၊ နောက်ခံ သမိုင်းကြောင်းများ၊ ဖွဲ့စည်းပုံ၊ တာဝန်နှင့်ဝတ္တရား၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ စစ်ဆေးချက် စသည့် မှတ်တမ်းများကိုမူ အမြဲတမ်း ထိန်းသိမ်းရပါမည်။

မှတ်တမ်းများကို စနစ်တကျရယူ ထိန်းသိမ်းနိုင်ရေးအတွက် အစိုးရဌာနများနှင့် မော်ကွန်းတိုက်တို့အကြားတွင် ထိရောက်သောဆက်သွယ်မှုများ ရှိနေရန် လိုအပ်ပါသည်။ အစိုးရဌာနများနှင့် မော်ကွန်းတိုက်မှ ဝန်ထမ်းများ အစဉ်အမြဲဆက်သွယ်မှုရှိခြင်း၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုရှိခြင်းတို့မှာ ထိရောက်သောဆက်သွယ်မှုဖြစ်၍ မှတ်တမ်းများ လွှဲပြောင်းပေးပို့ရာတွင် အဆင်ပြေ ချောမွေ့စေနိုင်မည်ဖြစ်သည်။

ခေတ်တစ်ခေတ် သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့်ပတ်သက်သည့်မှတ်တမ်း/မော်ကွန်းများမှာ တန်ဖိုးဖြတ်၍မရသော ရတနာများပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်နှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ၊ မော်ကွန်းများ မကျန်ရစ်ဘဲ ပျောက်ကွယ်သွားပါက ယင်းအဖွဲ့အစည်းနှင့်ပတ်သက်သည့် မှတ်တမ်း၊ မော်ကွန်းများကို အသစ်ပြန်လည်ဖန်တီး၍ ရနိုင်ကောင်းသော အရာများမဟုတ်ကြသဖြင့် ဤအဖွဲ့အစည်းနှင့်ပတ်သက်၍ နောင်လာနောင်သားများ လေ့လာ သိရှိနိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးရနိုင်ပါသည်။ ၎င်းဆုံးရှုံးမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ရပ်အတွက်သာမဟုတ်ဘဲ နိုင်ငံတော်၏ ဆုံးရှုံးမှုပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်သည့် အဖွဲ့အစည်းများ၏ အထောက်အထားအချက်အလက်များ၊ အကောင်းအဆိုး အောင်မြင်မှု၊ ဆုံးရှုံးမှုနှင့် အတွေ့အကြုံများ ထင်ဟပ်နေသည့် မှတ်တမ်းများ(သို့)မော်ကွန်းများ အရှည်တည်တံ့စေရန်အတွက် မိမိတို့၏ဌာနတိုင်းတွင် မှတ်တမ်းခန်းများဖွဲ့စည်း ဆောင်ရွက်ထား ရှိသင့်ပေသည်။ ထိုမှတစ်ဆင့် သတ်မှတ်သက်တမ်းစေ့ရောက်လာသည့် မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်နှင့် ဆက်သွယ်ညှိနှိုင်း၍ မပျက်မကွက် လွှဲပြောင်းပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပေသည်။



# မော်ကွန်းတိုက်ဟူသည်မှာ......

| ဖြူပြာဝင်း(မော်ကွန်းတိုက်) |

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် သမိုင်းတန်ဖိုး၊ အထောက်အထားတန်ဖိုး မော်ကွန်းတန်ဖိုး အစရှိသည့် အဖိုးမဖြတ်နိုင်သော စစ်မှန်သော ရတနာများကို စနစ်တကျ သိမ်းဆည်းရာ ဌာနတစ်ခုပင် ဖြစ်ပါသည်။ မော်ကွန်းဟူသည်လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) အစိုးရ အဖွဲ့ အစည်း တစ်ခုခုတို့၏ ဆောင်ရွက်လုပ်ကိုင်ချက်များမှ အနာဂါတ်တွင် တန်ဖိုးရှိမည့် အထောက်အထားများကို မော်ကွန်းစံ (၁၁) ချက်နှင့် အညီ စိစစ်ရွေးချယ်ကာ မော်ကွန်းအဖြစ် သိမ်းဆည်းထားသော မှတ်တမ်းများကို ဆိုလိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းသည် အမြဲမပြတ် ပြောင်းလဲလျက်ရှိရာ ရှေးကဖြစ်ခဲ့သည်ကို နောင်လာ နောင်သားတို့ သိရှိရန်နှင့် လေ့လာနိုင်စေရန် ရည်ရွယ်၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန သည် မော်ကွန်းမှတ်တမ်းများကို ရယူစုဆောင်းခြင်း လုပ်ငန်း (Acquisition)၊ စုဆောင်းရရှိထားသော မော်ကွန်း မှတ်တမ်းများအား ရေရှည်မပျက်စီးစေရန် စနစ်တကျ ထိန်းသိမ်းခြင်း (Preservation)နှင့် သိမ်းဆည်းထားသော မှတ်တမ်းများကိုလွှဲပြောင်းပေးပို့ထားသော မိခင်ဌာနများ၊ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ သုတေသီများနှင့် အများပြည်သူများ ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း (Exploitation) စသည့် လုပ်ငန်း တာဝန်များကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

မှတ်တမ်းများကိုရယူစုဆောင်းခြင်း (Acquisition) အနေဖြင့် အစိုးရဌာနများမှ မှတ်တမ်းများ မိမိတို့ဌာနသို့ လွှဲပြောင်းပေးပို့ရေးအတွက် အမှာစာများ ပေးပို့ကာ မှတ်တမ်းများ သွားရောက်သိမ်းဆည်းခြင်းကိုလည်း ဆောင် ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ အစိုးရဌာနများမှ မှတ်တမ်းများ ရယူစုဆောင်းခြင်းအပြင် အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ရှေးခေတ် လက်ရေးမူများဖြစ်သော ပေ၊ ပုရပိုက် အစရှိသည်တို့ကို လည်း Digital နည်းပညာဖြင့် စုဆောင်းသိမ်းဆည်းခြင်း ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ သမိုင်းဝင်ပုဂ္ဂိုလ် များနှင့် အထင်ကရပုဂ္ဂိုလ်များထံသို့ လက်လှမ်းမီသ၍ ဆက်သွယ်သွားရောက်ကာ ၎င်းပုဂ္ဂိုလ်များ၏ အတွေ့ အကြုံများကိုလည်း နှုတ်ပြောသမိုင်း (Oral History) အနေ ဖြင့် ထိန်းသိမ်းထားလျက်ရှိပါသည်။ ထို့ပြင် ၂၀၀၀ ပြည့် နှစ်စက်တင်ဘာလ (၁၃) ရက်နေ့တွင် အမျိုးသား မှတ်တမ်း နှင့် မော်ကွန်းဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အဆိုပါဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကိုထပ်မံပြဋ္ဌာန်းခြင်းဖြင့်လည်း ကောင်း အစိုးရဌာနများမှ အဖိုးမဖြတ်နိုင်သည့် မှတ်တမ်း များကို ရယူစုဆောင်းရေးကို အင်တိုက်အားတိုက် ဆောင် ရွက်လျက်ရှိပါသည်။ ဥပဒေအရအစိုးရဌာနများအနေဖြင့် မိမိတို့ဌာနရှိ ၁၂ နှစ်ပြည့်မြောက်ပြီး၍ ဆက်လက် သုံးစွဲ ခြင်းမရှိသည့် မော်ကွန်းဖြစ်လာမည့် မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့

လွှဲပြောင်း ပေးပို့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့လွှဲပြောင်း ပေးပို့မှသာ အစိုးရဌာနအသီးသီး၏ လုပ်ဆောင်ချက် မှတ်တမ်းများကို အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တစ်စုတစ်စည်းတည်း စနစ်တကျနှင့် သိမ်းဆည်းနိုင်မည့်အပြင် နောင်တစ်ချိန်တွင် ၎င်းမှတ်တမ်းများကို တိုင်းပြည်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်ကိုးကား အသုံးပြုနိုင်မည်ဖြစ်ပါသည်။(၁၂နှစ် မပြည့်မြောက်စေကာမူ လွှဲပြောင်းပေးပို့လိုပါကလည်း ပေးပို့နိုင်ပါသည်။)

စုဆောင်း ရရှိထားသော မော်ကွန်းမှတ်တမ်းများကို ရေရှည်မပျက်စီးစေရန် စနစ်တကျ ထိန်းသိမ်းခြင်း (Preservation) အနေဖြင့် အစိုးရဌာနများမှ လွှဲပြောင်းပေးပို့သော မှတ်တမ်းများကို လွှဲပြောင်းစာရင်းနှင့် တိုက်ဆိုင်စစ်ဆေး၍ မှတ်ပုံတင်စာရင်းပြုစုကာ မှတ်တမ်းသိမ်းဆည်းခန်းရှိ သက်ဆိုင်ရာ မှတ်တမ်းအုပ်စုအောက်တွင် သိမ်းဆည်းပါသည်။ သတ်မှတ်ကာလပြည့်သော မှတ်တမ်းများကို မော်ကွန်းစံ (၁၁) ချက်နှင့်အညီ စိစစ်အကဲဖြတ်၍ မော်ကွန်းအဖြစ် ထိန်းသိမ်းထားသင့်သည့် မှတ်တမ်းများကို မော်ကွန်းဌာနခွဲမှ လွှဲပြောင်းလက်ခံ၍ မှတ်တမ်းလွှဲပြောင်းစာရင်းနှင့် စစ်ဆေးလက်ခံကာ မူလဖွဲ့စည်းထားသော မော်ကွန်းအုပ်စုရှိပါက ၎င်း၏အောက်တွင်လည်းကောင်း၊ မရှိပါက မော်ကွန်းအုပ်စုအသစ်တည်ဆောက်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း ထားရှိပါသည်။ စစ်ဆေးပြီးသော စာတွဲများကို မူလအစီအစဉ်အတိုင်း ထားရှိပြီး သက္ကရာဇ်စဉ်အလိုက် ခွဲခြား၍ တိုက်ပိုင်အမှတ် (စာတွဲအမှတ်) ရိုက်ခြင်း၊ ပုံးသွင်းခြင်း၊ ပုံးအညွှန်းပြုစုခြင်းနှင့် စင်တင်ခြင်း စသည့်မော်ကွန်း စီမံခန့်ခွဲမှုနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ စုဆောင်းရရှိထားသော မှတ်တမ်း၊ မော်ကွန်းပေါင်း (၂၀၀၀၀၀) ကျော်ခန့်ရှိပြီး လွတ်လပ်ရေး မရမီ ခေတ်မော်ကွန်း (၁၈၃၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ)၊ လွတ်လပ်ရေး ရပြီးခေတ်တိုင်းနှင့်ပြည်နယ်မော်ကွန်း၊ တော်လှန်ရေးကောင်စီ မော်ကွန်း၊ တော်လှန်ရေးအစိုးရမော်ကွန်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမော်ကွန်း၊ နိုင်ငံတော်ကောင်စီ မော်ကွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမော်ကွန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန မော်ကွန်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမော်ကွန်း အစရှိသည့် မော်ကွန်းအုပ်စု (၂၉) ခု၏ အောက်တွင် စနစ်တကျ သိမ်းဆည်းထားပါသည်။ ဖော်ပြပါဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များမှ လွှဲပြောင်းပေးသော မော်ကွန်းများအပြင်ပုဂ္ဂိုလ် တစ်ဦးချင်းစီမှ လှူဒါန်းသော မော်ကွန်းများ (ဥပမာ- ဦးဘညိမ်စာစု) ကိုလည်း ထိန်းသိမ်းထား ရှိပါသည်။ အဆိုပါမော်ကွန်းများကို ရေရှည်မပျက်စီးစေရန် ရည်ရွယ်၍ အခန်းတွင်း အပူချိန် (၁၈ ငံ) နှင့် စိုထိုင်းဆ (၅၀%) ရှိသော မှတ်တမ်း သိမ်းဆည်းခန်းနှင့် မော်ကွန်းသိမ်းဆည်းခန်းများအတွင်း စနစ်တကျ သိမ်းဆည်းထားကာ ပိုးမွှားအန္တရာယ် ကင်းဝေးစေရေးအတွက် ပရုတ်လုံး၊ ပရုတ်ခဲများကို သုံးလတစ်ကြိမ် ထည့်သွင်းခြင်းတို့အပြင် ၎င်းတို့၏ မူလ အရည်အသွေး မပျက်စီးစေရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပြီး ပြုပြင်ရန်နှင့် ပိုးသတ်ရန် လိုအပ်သောစာတွဲများကို ပြုပြင်ထိန်းသိမ်းရေးဌာနသို့ အပ်နှံခြင်းဖြင့်လည်း မော်ကွန်းများ၏ ရုပ်ပိုင်းဆိုင်ရာကို စနစ်တကျ ထိန်းသိမ်းထားလျက်ရှိပါသည်။

မော်ကွန်းများ (အထူးသဖြင့် လွတ်လပ်ရေး မရမီခေတ်မော်ကွန်းစာတွဲများ)ကို ရေရှည် ထိန်းသိမ်းထားနိုင်ရန်နှင့် ကိုင်တွယ်ထိတွေ့ခြင်း နည်းပါးစေရန် ရည်ရွယ်၍ Electronic နည်းပညာဖြင့် ထိန်းသိမ်းခြင်းတွင် Microfilm ရိုက်ခြင်း၊ Digitization ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ကာ Microfilm, Microfiche နှင့် CD များအဖြစ် အသွင်ကူးပြောင်း၍ စက္ကူမဟုတ် မှတ်တမ်းခန်းတွင် သတ်မှတ်ထားသော အအေးပေးစနစ်နှင့်အညီ စနစ်တကျ သိမ်းဆည်းထားရှိပါသည်။ အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေဖြင့် ဖော်ပြပါ မှတ်တမ်းများအပြင် ပေ၊ ပုရပိုက်များ၊ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော ပြန်တမ်းများ၊ အမိန့်ကြေညာစာများ၊ သတင်းစာများ၊ Published ပြုလုပ်ပြီးသော စာအုပ်များ အစရှိသည်တို့ကိုလည်း စနစ်တကျ သိမ်းဆည်းထား ရှိပါသည်။

ထိုကဲ့သို့မှတ်တမ်း၊ မော်ကွန်းများကိုထိန်းသိမ်းရုံသက်သက် သိမ်းဆည်းထား ရှိသည်မဟုတ်ဘဲ မှတ်တမ်းများကို လွှဲပြောင်းပေးပို့ထားသော မိခင်ဌာနများ၊ အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပသုတေသီများနှင့် သုတေသနပြုသူများ၊ အများပြည်သူများ ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း (Exploitation) အနေဖြင့် စာဖတ်ခန်းတစ်ခန်း သီးသန့်ထားရှိကာ သုတေသီများ မှီငြမ်းကိုးကားလိုသော အထောက်အထားများကို အချိန်နှင့် တပြေးညီရရှိစေရန် အတွက်လည်း သုတေသီ ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မော်ကွန်းတိုက် ဝန်ထမ်းများအနေဖြင့် သုတေသီများ လိုအပ်သည့် အထောက်အထားများကို အချိန်တိုအတွင်းတွင် အလျင်အမြန်ရရှိစေရန် ရည်ရွယ်၍ စာရှာ အထောက်အကူများဖြစ်သော မော်ကွန်းအုပ်စုလမ်းညွှန်၊ သရုပ်ဖော်စာတမ်း အစရှိသည်တို့ကို ပြုစုရန်အတွက် မော်ကွန်းစာတွဲများကိုဖတ်ရှု၍ အချက်အလက်မှတ်စု ရေးသားခြင်း လုပ်ငန်းကိုလည်း စီမံချက်များ ရေးဆွဲကာ ဆောင်ရွက်လျက်ရှိပါသည်။

သုတေသီ ဝန်ဆောင်မှုလုပ်ငန်းတွင် ပြည်တွင်းကျောင်းသားသုတေသီများ၊ ဌာနဆိုင်ရာများမှလွဲ၍ ကျန်သုတေသီများမှာ ဌာနမှ သတ်မှတ်ထားသည့် တစ်နှစ်စာ စာဖတ်ခွင့်မှတ်ပုံတင်ကြေး (ဒေါ်လာ၃၀နှင့် ညီမျှသောမြန်မာကျပ်ငွေ) ကို ကာလပေါက်ဈေးဖြင့် ပေးသွင်းရန်ဖြစ်ပါသည်။ သုတေသီများ ကိုးကားလိုသော အထောက်အထားများကို ပိုမိုရရှိစေရန် ရည်ရွယ်၍ သုတေသီ ဖတ်ရှုခွင့်ကာလကိုယခင် ၁၉၄၈ ခုနှစ်အထိသာ သတ်မှတ်ခဲ့ရာမှ ၁၉၆၃ ခုနှစ်အထိ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ တိုးမြှင့်ပေးရာတွင် နိုင်ငံခြားတိုင်းပြည်များနှင့် ငြိစွန်းနိုင်သည့်ကိစ္စရပ်များ၊ ပုဂ္ဂိုလ်ရေးရာနှင့်ပတ်သက်သော အထောက်အထားများမှအပ အခြား ထိပ်တန်းလျှို့ဝှက် အဆင့်ရှိသော စာတွဲများကို စိစစ်၍ ခွင့်ပြုပေးမှသာလျှင် ဖတ်ရှုခွင့်ရမည်ဖြစ်ပါသည်။ သုတေသီများဌာနရှိ အထောက်အထားများကို မိတ္တူကူးယူလိုပါကလည်းကောင်း၊ CD ဖြင့် ယူဆောင်လိုပါကလည်းကောင်း သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းကူးယူနိုင်ပါကြောင်း ဤ ဆောင်းပါးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

ကမ္ဘာနှင့်တစ်ဝှမ်း Electronic နည်းပညာ တိုးတက်လာသည်နှင့် အမျှ နိုင်ငံတော်အစိုးရမှလည်း Electronic Government အသွင် ဖော်ဆောင်လျက်ရှိရာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှလည်း ဌာနရှိအထောက်အထားများကို နောင်တစ်ချိန်တွင် On Line မှတစ်ဆင့် လွယ်လင့်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အတွက် ပထမအဆင့်အဖြစ် မော်ကွန်းတိုက်တွင် သိမ်းဆည်းထားသောမော်ကွန်းများ၊ မှတ်တမ်းများ၊ Printed Archives နှင့် Non- Papaer Recordsတို့၏ စာရင်းကို National Archives Information System (Data Base System) တွင် Data ထည့်သွင်းခြင်းနှင့် Data Upload တင်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ကို သမိုင်းနှင့်ပတ်သက်၍ စာတမ်းပြုစုသူများ၊ ဌာနရှိ အထောက်အထားများကို ပြန်လည်ကိုးကားလိုသော အစိုးရဌာနများမှလွဲ၍ သိရှိသူ နည်းပါး လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်မတို့မော်ကွန်းတိုက်ဝန်ထမ်းများမှလည်း မိမိတို့ဌာနကို ပြည်သူအများသိရှိစေရန် ဘက်ပေါင်းစုံမှနေ၍ မော်ကွန်းပညာ ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ တက္ကသိုလ်ကောလိပ်များ၊ ဌာနဆိုင်ရာများမှအမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်သို့ လာရောက်လေ့လာလိုပါက ဌာနသို့ ခွင့်ပြုချက်တောင်းခံ၍ လေ့လာနိုင်ပါကြောင်း၊ ဤဆောင်းပါးမှတစ်ဆင့် တင်ပြလိုပါသည်။ နိုင်ငံ၏သမိုင်းကြောင်းကို ဖော်ဆောင်သည့် အဖိုးထိုက်တန်လှစွာသော ပြည့်တန်ဖိုးဝင် ရတနာများ တစုတစည်းတည်းတည်ရှိရာနေရာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် နိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှနေ၍ ပါဝင်ဆောင်ရွက်နေပါကြောင်းနှင့် နိုင်ငံ၏သမိုင်း၊ လုပ်ဆောင်ချက်များနှင့် မော်ကွန်း ထိန်းသိမ်းပုံထိန်းသိမ်းနည်းစနစ်ကို လာရောက်လေ့လာလိုသော ပြည်သူများကိုလည်း လှိုက်လှဲပျူငှာစွာ ကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။




မော်ကွန်းတိုက်တွင်

# မှတ်တမ်း / မော်ကွန်းများကို သမိုင်းရတနာများအဖြစ် ထိန်းသိမ်းထားရှိခြင်း

| ညောင်ကန်ကိုအောင် |

အဖွဲ့အစည်းတိုင်း၏ အဖိုးတန်ပစ္စည်းထဲတွင် မှတ်တမ်းများလည်း ပါဝင်သည်။ ကောင်းမွန်သော မှတ်တမ်းစီမံခန့်ခွဲမှုသည် မှတ်တမ်းများကို ပျက်ဆီးယိုယွင်းမှုမဖြစ်အောင် အကာအကွယ်ပေးရုံသာမက အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုစွမ်းရည်ကိုလည်း တိုးတက်စေသည်။ ကောင်းမွန်သောမှတ်တမ်း စီမံခန့်ခွဲမှု၏ အရေးပါမှုကို အသိအမှတ်ပြုပြီး နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ မှတ်တမ်း စီမံခန့်ခွဲမှု အတွက် လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများကို ချမှတ်ပေးရသည်။

မှတ်တမ်းစီမံခန့်ခွဲမှုသည် အဖွဲ့အစည်းတစ်ခု၏ အရေးပါသော လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည်။ အဖွဲ့အစည်းတစ်ခုကို ကောင်းမွန်စွာထိန်းချုပ်ပြီး စီမံခန့်ခွဲနိုင်ရန် မှတ်တမ်းထိန်းသိမ်းခြင်း လုပ်ငန်းကို စနစ်တကျ လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းဆိုင်ရာ အသေးအဖွဲ့ကိစ္စလေးကစ၍ စနစ်တကျပြန်လည်သုံးသပ်ဖြည့်ဆည်းနိုင်ပါမည်။ အစိုးရ၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရအဖွဲ့အစည်းများသည် ကောင်းမွန်သော မှတ်တမ်းစီမံခန့်ခွဲမှု အလေ့အကျင့်များနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ထမ်းများအား အကျွမ်းတဝင် ရှိလာစေရန် မှတ်တမ်းစီမံခန့်ခွဲမှု နည်းစနစ် များကို စနစ်တကျဖြင့် ပညာပေးခြင်း၊ မျှဝေပေးခြင်းနှင့်အတူ လိုအပ်သော အကူအညီများကိုဖြည့်ဆည်းပေးနေရမည်ဖြစ်သည်။

မှတ်တမ်းစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရေးဆွဲပြီး လက်တွေ့ကျင့်သုံးပေးနိုင်ပါက အစိုးရ၏ လမ်းညွှန်ချက်များ၊ ရည်ရွယ်ချက်များအပေါ် ကောင်းစွာ

ဝေဖန် အကြံပြုနိုင်မည်ဖြစ်သလို ပြည်သူ့ဝန်ထမ်းများ၏ မှတ်တမ်းစီမံခန့်ခွဲမှု အရည်အသွေးကိုလည်း အကဲဖြတ်နိုင်မည်ဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပထဝီအနေအထား၊ နိုင်ငံတော်နယ်နိမိတ်အရေး၊ နိုင်ငံတော်အဆင့်စာချုပ်စာတမ်းအရေး၊ ဥပဒေအရေးစသည့်အရေးပေါင်းစုံတို့တွင် မည်မျှခက်ခဲနက်နဲသည့် ပြဿနာသို့မဟုတ် အခက်အခဲပင်ဖြစ်ပါစေ ဘယ်လိုဖြေရှင်းပေးရင် အကောင်းဆုံး ဖြစ်မလဲဆိုသည့် ဖြေရှင်းပုံဖြေရှင်းနည်းကို မှန်ကန်တည့်မတ်စေရန် မှတ်တမ်း၊ မော်ကွန်းများက ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ပံ့ပိုးပေးနိုင်သည်။ သို့သော် မှတ်တမ်းနှင့် မော်ကွန်းများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်အတွက် ဌာနဆိုင်ရာများအနေဖြင့် အသုံးမပြုတော့သည့်မှတ်တမ်းများကိုမော်ကွန်းတိုက်သို့ လွှဲပြောင်းပေးအပ်ဖို့တော့လိုသည်ဟု အကြံပြုချင်သည်။ နောင်တွင် ရည်ညွှန်း ကိုးကားနိုင်ရန်ရည်ရွယ်ပြီး ဌာနဆိုင်ရာများအနေဖြင့် အသုံးပြုဆဲမှတ်တမ်းများနှင့် စာချုပ်/စာတမ်းများကို မိတ္တူကူး၍မော်ကွန်းတိုက်သို့ ပေးအပ်မည်ဆိုပါကလည်း မော်ကွန်းတိုက်က လက်ခံထိန်းသိမ်းပေးနေပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

## မှတ်တမ်း

သတင်းနှင့် နည်းပညာခေတ်ကြီးတွင် အဖွဲ့အစည်းတစ်ခုနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ လုပ်ငန်းဆောင်တာများ အားလုံးကိုတော့ မှတ်တမ်းလို့ ပြောလို့မရပါဘူး။ မှတ်တမ်းကို အမျိုးအစား ခွဲလိုက်ရင် (၃) မျိုးပဲရှိသည်။

ယင်းမှတ်တမ်းအမျိုးအစား(၃)မျိုးမှာ -

၁။ အစိုးရမှတ်တမ်း
၂။ ပုဂ္ဂလိကအဖွဲ့အစည်းဆိုင်ရာ မှတ်တမ်းနှင့်
၃။ ပုဂ္ဂလိကမှတ်တမ်းတို့ဖြစ်သည်။

မှတ်တမ်း(၃)မျိုးကို ပုံသဏ္ဍာန်အားဖြင့် ဖော်ပြရသော် စာရွက်စာတမ်းများအနေဖြင့်လည်းကောင်း၊ စာတွဲများအနေဖြင့်လည်းကောင်း၊ စာအုပ်များအနေဖြင့်လည်းကောင်း၊ ဓာတ်ပုံ၊ မိုက်ကရိုဖလင်၊ စီဒီ၊ ဒီဗွီဒီ၊ ကက်




ဆက်တိတ်ခွေများအနေဖြင့်လည်းကောင်း၊ လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာများ အနေဖြင့်လည်းကောင်း၊ အီလက်ထရောနစ်ပစ္စည်းများဖြင့် မှတ်တမ်းတင်ထားသော မှတ်တမ်းများအနေဖြင့်လည်းကောင်း တွေ့ရှိရသည်။ အမျိုးသားအကျိုးစီးပွားအတွက် မှတ်တမ်း/မော်ကွန်းများကို နိုင်ငံတော်အဆင့်အနေဖြင့် ထိန်းသိမ်းထားရခြင်း၏ ရည်ရွယ်ချက်မှာ သုတေသီများ၊ ပညာရှင်များ၊ လေ့လာဖတ်ရှုလိုသူများ၊ ကျောင်းသား/ကျောင်းသူများအတွက် ရည်ညွှန်းကိုးကားနိုင်ရန်သာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လက်တွေ့အသုံးချနိုင်ရန်အထိ ရည်ရွယ်ပြီး ထိန်းသိမ်းထားခြင်းဖြစ်သည်။ နိုင်ငံတော်အဆင့်ရှိသည့် မှတ်တမ်းများကို တရားဝင် ထိန်းသိမ်းထားပိုင်ခွင့်ရှိသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသည် နိုင်ငံနှင့် နိုင်ငံသားတို့၏ ကံကြမ္မာကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုသည့် ကာလသုံးပါးလုံးကို တစ်နေရာထဲတွင် တစ်စုတစ်စည်းတည်း ရှိနေသော မှတ်တမ်း/မော်ကွန်းများဖြင့် စနစ်တကျ လေ့လာသုံးသပ်နိုင်သည့် နေရာတစ်နေရာဖြစ်သည်။

## မှတ်တမ်းစီမံခန့်ခွဲမှု

မှတ်တမ်းစီမံခန့်ခွဲမှုဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျ

စီမံကွပ်ကဲနိုင်ရန် ရေးသားထားသည့် စာရွက်စာတမ်းများ၊ လမ်းညွှန်ချက်များ၊ မူဝါဒများ၊ စာချုပ်စာတမ်းများ၊ အီလက်ထရောနစ် မှတ်တမ်းများကို နည်းစနစ် မှန်ကန်စွာဖြင့် ထိန်းသိမ်းထားနိုင်ရန်အတွက် စီမံခန့်ခွဲမှုအဆင့်ဆင့်ကို မှတ်တမ်းစီမံခန့်ခွဲမှုဟု ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

မှတ်တမ်း စီမံခန့်ခွဲမှုသည် ဘာကြောင့် အရေးပါနေရသလဲဆိုတာကို စဉ်းစားကြည့်ကြပါစို့လား ခင်ဗျား။ မှတ်တမ်းစီမံခန့်ခွဲမှုသည် အရေးပါသော အခန်းကဏ္ဍက ဘာကြောင့် ပါဝင်ရသလဲဆိုရင် မှတ်တမ်းများက အစိုးရအတွက် -

၁။ မှတ်တမ်းများအပေါ် အခြေခံပြီး အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ပံ့ပိုးပေးနိုင်ခြင်း
၂။ လိုအပ်သည့်လုပ်ငန်းဆိုင်ရာကဏ္ဍကို တရားဝင် ဖြစ်စေရန် ပံ့ပိုးပေးနိုင်ခြင်း
၃။ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ဖြစ်ပေါ်လာစေရန် ပံ့ပိုးပေးနိုင်ခြင်း
၄။ လုပ်ငန်းဆိုင်ရာကဏ္ဍများကို စွမ်းရည်ပြည့်ဝပြီး ထိရောက်စွာ တိုးတက်လာစေရန် ပံ့ပိုးပေးနိုင်ခြင်း
၅။ အဖွဲ့အစည်းကို စနစ်တကျစီမံကွပ်ကဲနိုင်ရန်နှင့် မှတ်တမ်းမှတ်ရာများကို တစ်စုတစ်စည်းတည်း ထိန်းသိမ်းထားနိုင်ရန် ပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

## မှတ်တမ်းဆိုင်ရာ အင်္ဂါရပ်များ

မှတ်တမ်းဆိုင်ရာ အင်္ဂါရပ်(၄)မျိုးရှိပြီး ယင်းတို့မှာ-

၁။ အစစ်အမှန်ဖြစ်ခြင်း
၂။ ယုံကြည်စိတ်ချစွာရည်ညွှန်းကိုးကားနိုင်ခြင်း
၃။ ပြောင်းလဲခြင်းမရှိဘဲ တစ်သမတ်တည်း တည်ရှိနေနိုင်ခြင်းနှင့်
၄။ အသုံးပြုနိုင်စွမ်းရှိခြင်းတို့ဖြစ်သည်။

## မှတ်တမ်းစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ

မှတ်တမ်းထိန်းသိမ်းခြင်း စနစ်တစ်ခုကို ဖန်တီးပေးထားရသည့် ရည်ရွယ်ချက်မှာ မှတ်တမ်း သံသရာလည်ခြင်းမှတစ်ဆင့် မှတ်တမ်းများကို နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပြန်လည်အသုံးပြုနိုင်ရန်ဖြစ်သည်။ မှတ်တမ်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို အောက်ပါအတိုင်း အဆင့်(၇) ဆင့်ခွဲ၍ ဆောင်ရွက်ရသည် -

၁။ မှတ်တမ်းထိန်းသိမ်းခြင်း
၂။ မှတ်ပုံတင်ခြင်း
၃။ အမျိုးအစားခွဲခြားခြင်း
၄။ နေရာချထားခြင်း
၅။ အသုံးပြုခွင့်ပေးခြင်း
၆။ သုတေသနလုပ်ခြင်းနှင့်
၇။ မှတ်တမ်းစုဆောင်းခြင်းတို့ဖြစ်သည်။

မှတ်တမ်းထိန်းသိမ်းခြင်းနှင့် မှတ်တမ်းစုဆောင်းခြင်း အစီအစဉ်များ ချမှတ်ပြီး မှတ်တမ်းတန်ဖိုးများကို အောက်ပါအတိုင်း သတ်မှတ်ပေးရသည်။

၁။ အုပ်ချုပ်ရေး တန်ဖိုးရှိသောမှတ်တမ်း
၂။ လုပ်ငန်းဆိုင်ရာ အသုံးဝင်မှု တန်ဖိုးရှိသော မှတ်တမ်း
၃။ တရားဝင်မှုတန်ဖိုးရှိသောမှတ်တမ်း
၄။ ဘဏ္ဍာရေးဆိုင်ရာတန်ဖိုးရှိသော မှတ်တမ်းနှင့်
၅။ မော်ကွန်း တန်ဖိုးရှိသော မှတ်တမ်းတို့ဖြစ် သည်။

## အုပ်ချုပ်ရေးတန်ဖိုးရှိသော မှတ်တမ်း

အုပ်ချုပ်ရေးတန်ဖိုးရှိသော မှတ်တမ်း ဆိုသည်မှာအစိုးရ၏ မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ စသည်တို့ဖြစ်သည်။

## လုပ်ငန်းဆိုင်ရာ အသုံးဝင်မှု တန်ဖိုးရှိသောမှတ်တမ်း

စာပေးစာယူ၊ ရောင်းဝယ်ရေးနှင့် နည်းပညာသတင်းအချက်အလက်များသည် လုပ်ငန်းဆိုင်ရာ အသုံးဝင်မှု တန်ဖိုးရှိသော မှတ်တမ်းများဖြစ်သည်။

## တရားဝင်မှု တန်ဖိုးရှိသောမှတ်တမ်း

တရားဝင်မှုတန်ဖိုးရှိသော မှတ်တမ်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊ ဝန်ထမ်းများနှင့် ပုဂ္ဂလိကအကျိုး စီးပွားများကို စနစ်တကျ သတ်မှတ်ပေးခြင်းတို့ဖြစ်သည်။ (ဥပမာ - အသိအမှတ်ပြုလက်မှတ်၊ သဘောတူညီချက်၊ စာချုပ်စာတမ်း)

## ဘဏ္ဍာရေးဆိုင်ရာ တန်ဖိုးရှိသောမှတ်တမ်း

ဘဏ္ဍာရေးဆိုင်ရာ တန်ဖိုးရှိသောမှတ်တမ်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခုသို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ငွေကြေးဆိုင်ရာ အရောင်းအဝယ်ပြုမှတ်တမ်း၊ စာချုပ်စာတမ်း၊ ချေးငွေနှင့် အာမခံလုပ်ငန်းဆိုင်ရာ မှတ်တမ်းတို့ဖြစ်သည်။

## မော်ကွန်း တန်ဖိုးရှိသော မှတ်တမ်း

မှတ်တမ်းနှင့် မော်ကွန်းဥပဒေအရ ရေရှည်ထိန်းသိမ်းထားရန် သတ်မှတ်ခံထားရသော မှတ်တမ်းများသည် မော်ကွန်းတန်ဖိုးရှိသော မှတ်တမ်းများဖြစ်သည်။ (ဥပမာ- ထင်ရှားသည့် နိုင်ငံ့ခေါင်းဆောင်များ အကြောင်း)

## မှတ်တမ်းအမျိုးအစားကိုလိုက်၍ အသင့်လျော်ဆုံး ဝန်းကျင်တစ်ခုစီ ဖန်တီးပေးခြင်း

မှတ်တမ်းများကို ထိန်းသိမ်းရာတွင် မှတ်တမ်းအမျိုးအစားကိုလိုက်၍ အသင့်လျော်ဆုံး ဝန်းကျင် တစ်ခုစီကို ဖန်တီးပေးပြီး ထိန်းသိမ်းထားရှိရသည်။ မှတ်တမ်းများ ထိန်းသိမ်းရန်အတွက် အသင့်လျော် ဆုံးဝန်းကျင်ဆိုသည်မှာ နိုင်ငံတကာမော်ကွန်းတိုက်များကောင်စီက သတ်မှတ်ထားသည့် အပူချိန်နှင့် စိုထိုင်းဆကို ဆိုလိုခြင်းဖြစ်သည်။ မှတ်တမ်း အမျိုးအစားကိုလိုက်၍ နိုင်ငံတကာမော်ကွန်းတိုက်များကောင်စီက သတ်မှတ်ပေးထားသည့် အပူချိန်နှင့် စိုထိုင်းဆကို အောက်တွင်ဇယားဖြင့် ဖော်ပြလိုသည် -

| စဉ် | မှတ်တမ်းအမျိုးအစား | အပူချိန် | စိုထိုင်းဆ | မှတ်ချက် |
|---|---|---|---|---|
| ၁ | စာရွက်စာတမ်း | ၁၈°C | ၅၀% | ၂၄နာရီ |
| ၂ | ဓာတ်ပုံအယ်လ်ဘမ် | ၂°C | ၃၅% | ၂၄နာရီ |
| ၃ | မိုက်ကရိုဖလင် | ၁၃°C | ၃၅% | ၂၄နာရီ |
| ၄ | ကက်ဆက် တိတ်ခွေ၊ ဗွီဒီယို တိတ်ခွေ | ၁၅°C | ၄၀% | ၂၄နာရီ |
| ၅ | စီဒီ၊ ဒီဗွီဒီ | ၁၅°C | ၄၀% | ၂၄နာရီ |
| ၆ | အော်ဂစ်နစ်ပစ္စည်း (လည်သာ၊ သားရေမှတ်တမ်း) | ၁၈°C | ၅၀% | ၂၄နာရီ |

ပြည်တွင်း/ပြည်ပမှ သုတေသနပညာရှင်များ၊ လွှတ်တော်အမတ်များ၊ နိုင်ငံရေးနှင့် သက်ဆိုင်သူများ၊ ကျောင်းသား/ကျောင်းသူများ၊ သမိုင်းကို စိတ်ဝင်စားသူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် လာရောက်လေ့လာချင်သူမည်သူ့ကိုမဆို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနမှ ပြည်သူ့ဝန်ထမ်းများက လှိုက်လှဲစွာကြိုဆိုပြီး အကောင်းဆုံးသော ဝန်ဆောင်မှုများဖြင့် စာပေအထောက်အထား၊ မှတ်တမ်းနှင့် မော်ကွန်းများကို သတ်မှတ်ချက်များနှင့်အညီ လူကြီးမင်းတို့ ဖတ်ရှုလေ့လာနိုင်အောင် ကူညီဖြည့်ဆည်းပေးနေပါကြောင်း အသိပေး ဖိတ်ကြားလိုက်ပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရုံးချုပ်)သို့ လာရောက်လေ့လာလိုပါက တည်နေရာမှာ ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်း အပိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ ( ၀၆၇ - ၄၁၈၃၈၆)ဖြစ်သည်။ ဤဆောင်းပါးကို "International Records Management Standards"အား ဘာသာပြန်ဆို၍ မိမိ၏ လုပ်ငန်းအတွေ့အကြုံ၊ နိုင်ငံနှင့် နိုင်ငံသားတို့ အပေါ်ထားရှိသည့် စေတနာများဖြင့် ပေါင်းစပ်ရေးထားခြင်း ဖြစ်ပါသည်။

Reference : International Records Management Standards



# မကြာမီပေါက်ဖွားလာမည့် မြန်မာနိုင်ငံ၏ ဥပဒေရေးရာ သတင်းအချက်အလက် ဝန်ဆောင်မှုစနစ်

| သင်တန်းသားတစ်ဦး |

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှု၏နောက်ဝယ် နောက်ဆက်တွဲပြဿနာများ ပိုမိုများပြားလာသည်နှင့် အညီဥပဒေပြုရေးသည်အထူးလိုအပ်လာပါသည်။ အထူးသဖြင့် ပြည်သူတို့၏လုပ်ပိုင်ခွင့်ကိုကာကွယ်ပေးရန်၊ လူနေမှုဘဝကို လုံခြုံမှုပေးရန်၊ တရားဥပဒေစိုးမိုးရေးကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်ဥပဒေသည် ပြည်သူလူထုအတွက်အသက်သွေးကြောတစ်ခုပမာပင်ဖြစ်သည်။

စာရေးသူသည်ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် (၅)ရက်တာဖွင့်လှစ်ခဲ့သည့်မြန်မာနိုင်ငံဥပဒေရေးရာ သတင်းအချက်အလက်စနစ်MyanmarLawInformation Systemတည်ထောင်ရေးနှင့်ပတ်သက်၍ သင်တန်းကို တက်ရောက်ခဲ့ရပါသည်။ အဆိုပါသင်တန်းတွင် ကိုးရီးယားနိုင်ငံ၏ ဥပဒေပြုရေး လုပ်ဆောင်ပုံအဆင့်ဆင့်၊ ကိုရီးယားနိုင်ငံ၏ ဥပဒေရေးရာသတင်းအချက်အလက်များ စတင်ပေါက်ဖွားပုံနှင့် လက်ရှိဝန်ဆောင်မှုပေးနေမှုအခြေအနေ၊ ကိုရီးယားနိုင်ငံ၏ E-Government စနစ်အကြောင်းနှင့် ကိုရီးယားနိုင်ငံ၏ အခြားစိတ်ဝင်စားဖွယ် အချက်အလက်များကို သင်ခန်းစာခေါင်းစဉ်(၁၀)ခုဖြင့် ပို့ချခဲ့ပြီး ရရှိခဲ့သည့် အချက်အလက်များကိုလက်ဆင့်ကမ်းအနေဖြင့် ပြန်လည်မျှဝေပေးလိုက်ပါသည်။

မြန်မာနိုင်ငံဥပဒေရေးရာ သတင်းအချက်အလက်ဝန် ဆောင်မှုစနစ်ကို တည်ထောင်နိုင်ရန်ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုးရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းမှု အေဂျင်စီ(KOICA) တို့အကြား နားလည်မှုစာချွန်လွှာကို (၁၅-၁၀-၂၀၁၄) တွင်လက်မှတ်ရေးထိုးခဲ့ပြီး ကတိပြုစာချုပ်ကို (၃-၅-၂၀၁၆) ရက်နေ့တွင် ရေးထိုးခဲ့ပါသည်။ ကိုးရီးယားဝမ် (၃. ၅၅) ဘီလီယံ၊ အမေရိကန်ဒေါ်လာအနေဖြင့် ၃. ၄၅ မီလီယံကုန်ကျမည်ဖြစ်ကာ ODAချေးငွေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ (၃)နှစ်ကြာဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ကိုရီယား နိုင်ငံဥပဒေပြုရေးဝန်ကြီးဌာန(Ministy of Government Legislation-MOLAG)မှအဓိကကူညီပံ့ပိုးခြင်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းတွင်ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲခြင်း၊ဥပဒေရေးရာသတင်းအချက်အလက် (Data base စနစ်) ထူထောင်ခြင်းနှင့် ပြည်တွင်း သင်တန်း များ၊ ကိုးရီးယားနိုင်ငံသို့ လေ့လာရေးခရီးခေါ်ယူခြင်း စသဖြင့် အပိုင်း (၃)ပိုင်း ပါဝင်မည်ဖြစ်သည်။ သင်တန်း ဖွင့်လှစ်သည့်အချိန်တွင် Myanmar Law Information System အတွက် MasterPlan ရေးဆွဲနေသည့်အချိန် တစ်ခုလည်းဖြစ်ပါသည်။ အဆိုပါ MasterPlanကို ကိုရီးယားနိုင်ငံ၏ IT ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Test One ကုမ္ပဏီမှ ဝန်ကြီးဌာနအသီးသီးမှ အချက်အလက် များတောင်းခံ၍ ရေးဆွဲလျက်ရှိပါသည်။ဥပဒေရေးရာသတင်းအချက်အလက်ထူထောင်ရခြင်း၏ အဓိကရည်ရွယ် ချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစာချုပ် များ၊ညွှန်ကြားချက်များ၊ တရားစီရင်ထုံးများကိုပြည်သူများ Online ပေါ်မှတစ်ဆင့်နေရာမရွေး၊ အချိန်မရွေး၊ Desktop ကွန်ပျူတာများမှ သာမက မိုဘိုင်းဖုန်းများမှပင်အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ရန် ဖြစ်ပါ

သည်။ ထို့အပြင်ပြည်သူတို့၏ ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရန်၊ ပွင့်လင်းမြင်သာသောအစိုးရဖြစ်လာစေရန်၊ ဥပဒေရေးရာ အဖြာဖြာကိုပြည်သူများ ပိုမိုသိရှိလာစေရန်နှင့် အုပ်ချုပ်ရေးအပိုင်းတွင် ပိုမိုအဆင်ပြေစေရန်ရည်ရွယ်ပါသည်။ အထူးသဖြင့်ဥပဒေရေးရာ အချက်အလက်များကိုတစ်နေရာတည်း ရှာဖွေနိုင်မည်ဖြစ်ပြီး ဥပဒေအပေါ် ပိုမိုယုံကြည်သည့်အခြေခံအုတ်မြစ်ကိုတည်ဆောက်ရန်ဖြစ်ပါသည်။

သင်တန်းတွင်လေ့လာမှတ်သားမိသည့်အချက်အလက်အချို့ကိုကောက်နုတ်တင်ပြရလျှင်-

ကိုးရီးယားနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာ အဆင့်အဆင့်လုပ်ဆောင်ချက်

(က)သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ မှ ဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊

(ခ)ဥပဒေမူကြမ်းနှင့်ဆက်နွယ်နေသည့်ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့်ဆွေးနွေးပြီး အကြံဉာဏ်များရယူခြင်း၊

(ဂ) ပြည်သူများသို့အကြံဉာဏ်များ တောင်းခံရန်အသိပေးထုတ်ပြန်ခြင်း၊

(ဃ)ပြည်သူများ၏ အကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်း၊

(င)ကိုးရီးယားနိုင်ငံဥပဒေပြုရေးဝန်ကြီးဌာနမှ ဥပဒေရေးရာ အသုံးအနှုန်း၊ အချက်အလက်များအား စစ်ဆေးခြင်း၊

(စ) ဒုတိယဝန်ကြီးများဦးဆောင်၍ အစည်းအဝေး ခေါ် ယူကာ ဥပဒေမူကြမ်းအပေါ် ဆွေးနွေးခြင်း၊

(ဆ) အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) သမ္မတလက်မှတ်ရေးထိုးခြင်း၊

(ဈ) လွှတ်တော်သို့တင်ပြခြင်း၊

(ကိုးရီးယားနိုင်ငံတွင် ဥပဒေမူကြမ်းကို ဥပဒေပြုရေးဝန်ကြီးဌာနမှ လွှတ်တော်သို့တင်ပြပြီး၊ မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ပြပါသည်)

(ည) လွှတ်တော်၏ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီမှစိစစ်ခြင်း၊

(ဋ) ဥပဒေပြုရေးနှင့်တရားစီရင်ရေးကော်မတီမှစစ်ဆေးခြင်း၊

(ဌ) လွှတ်တော်တွင်မဲခွဲဆုံးဖြတ်ခြင်း၊

(ဍ) အစိုးရအဖွဲ့သို့ပြန်လည်လွှဲပြောင်းပေးခြင်း၊

(ဎ) သမ္မတလက်မှတ်ရေးထိုးပြီး လွှတ်တော်သို့ပေးပို့ခြင်း၊

(ဏ) ဥပဒေကိုပြည်သူလူထုအတွက်ပြန်တမ်းအနေဖြင့် ထုတ်ပြန်ခြင်းစသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ကြောင်း သိရှိရပါသည်။



**၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်အထိ နှစ်စဉ် ကိုရီးယားနိုင်ငံ၏ ဥပဒေရေးရာဆိုင်ရာ ထုတ်ပြန်ထားမှု အခြေအနေ**

| နှစ် | ဥပဒေ | သမ္မတအမိန့် | အမိန့်ပြန်တမ်းများ | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၁၆ (လက်ရှိ) | ၅၇၁ | ၃၅၄ | ၃၀၁ | ၁၂၂၆ |
| ၂၀၁၅ | ၇၄၄ | ၈၉၇ | ၉၁၁ | ၂၅၅၂ |
| ၂၀၁၄ | ၈၀၉ | ၉၀၂ | ၇၇၆ | ၂၄၈၇ |
| ၂၀၁၃ | ၅၅၀ | ၇၇၀ | ၇၃၆ | ၂၀၅၆ |
| ၂၀၁၂ | ၄၅၅ | ၈၀၂ | ၇၃၉ | ၁၉၉၆ |

ကိုရီးယားနိုင်ငံ၏ ဥပဒေရေးရာ သတင်းအချက်အလက်ဝန်ဆောင်မှု ပေါ်ပေါက်လာပုံနှင့်စပ်လျဉ်း၍ တင်ပြရလျှင် (၁၇-၄-၁၉၄၈) ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဦးဆုံးဥပဒေကိုတရုတ်ဘာသာဖြင့်

ထုတ်ပြန်ခဲ့ပါသည်။ယခင်ကဥပဒေအချက်အလက်များကို ရှာဖွေရာတွင် စာအုပ်များမှ တစ်ဆင့်ရှာဖွေရခြင်း၊ ရုံးအထိသွားရောက်မေးမြန်းရသဖြင့် ရှေ့နေစရိတ်၊ပွဲစားစရိတ် စသဖြင့်အချိန်ကုန်ငွေကြေးကုန်ကျမှုများရှိခဲ့ပါသည်။ ထို့အပြင် ကိုရီးယားနိုင်ငံတွင် ၁၉၉၉ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည် ငွေကြေးအကျပ်အတည်း ပြဿနာများမှ တစ်ဆင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကိုးရီးယားနိုင်ငံ ဆက်သွယ်ရေး ဒုတိယဝန်ကြီး၏ ထောက်ခံချက်နှင့်အတူ အခြားဝန်ကြီးများ ကန့်ကွက်မှုများကြားမှ ဥပဒေရေးရာ ဆိုင်ရာDatabase တည်ဆောက်ရန် သမ္မတ၏ အားပေးပံ့ပိုးမှုကို ရရှိခဲ့ပါသည်။ ထိုမှတစ်ဆင့်ကိုးရီယားနိုင်ငံ၏ e-Government စနစ်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး၊ ဥပဒေရေးရာ သတင်းအချက်အလက်စနစ်ကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။အဆိုပါစနစ်ကိုနှစ်(၂၀) ကြာ အချိန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိကိုရီးယားနိုင်ငံ၏ ဥပဒေရေးရာ သတင်းအချက်စင်တာကိုအဆင့် (၄)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပြီး စတင်ဖွဲ့စည်းခြင်း၊ မိတ်ဆက်ခြင်း၊ ဝန်ဆောင်မှုများတိုးမြှင့်ခြင်း၊ ယခုလက်ရှိ အခြေအနေတို့ ဖြစ်သည်။ ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းစဉ်များ၊ Database တည်ဆောက်ပုံအဆင့်ဆင့်၊ Hardware /Software အခြေခံအဆောက်အအုံများ တည်ဆောက်ထားမှု အခြေအနေကို သိရှိခဲ့ရပါသည်။ ၂၀၁၅ ခုနှစ်စာရင်းများအရ အဆိုပါစနစ်သို့ဝင်ရောက်ကြည့်ရှုသူပေါင်း လစဉ်(၁၄၂) မီလီယံ၊ Download ပြုလုပ်မှု (၁. ၃) မီလီယံနှင့် ပြည်သူတို့၏ စိတ်ကျေနပ်မှု(၈၃. ၄%) ရရှိထားပြီး၊ အခမဲ့ ကြည့်ရှုခွင့်ပေးထားသည့် စနစ်တစ်ခုဖြစ်ပါသည်။ အကယ်၍ အခကြေးငွေယူမည်ဆိုပါက အမေရိကန်ဒေါ်လာ(၁၆) ဘီလီယံ အကျိုးအမြတ်ရရှိသည့်စနစ် တစ်ခုဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။ ထို့အပြင်ဥပဒေပြင်ဆင်ချက်များအား လိုအပ်သည့်အပိုင်းအလိုက် Editing ပြုလုပ်ရန်အတွက် Auto Editing Program များဖြင့် ဆောင်ရွက်မှုအခြေအနေ၊စနစ်၏ ပြုပြင်ထိန်းသိမ်းမှုအပိုင်းနှင့်စနစ်လုံခြုံရေးစနစ်များ ဆောင်ရွက်ထားမှုအခြေအနေများပါ မကျန်လေ့လာသိရှိခဲ့ရပါသည်။ လက်ရှိအချိန်တွင် National Law Information System ကို တစ်နေ့ဝင်ရောက်ကြည့်ရှုသူပေါင်း လေးသိန်းကျော်ရှိပြီး၊ အခြားနိုင်ငံပေါင်း (၁၃၂) နိုင်ငံမှ ဝင်ရောက်ကြည့်ရှုသည်ကို တွေ့ရပါသည်။ အဆိုပါစနစ်ကို ပြည်သူများအတွက် အဓိကရည်ရွယ်သော်လည်း လက်ရှိအချိန်တွင် ရှေ့နေများမှ ဥပဒေများကိုးကားနိုင်ရန် အဆိုပါစနစ်ကိုအများဆုံးကြည့်ရှုကြကြောင်း သိရှိရပါသည်။ထို့အပြင် လူနေမှုဘဝတွင်ကြုံတွေ့နေသည့် ပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်ရန် အမေးအဖြေ(၂၀၀) ကျော်ကို ဝန်ဆောင်မှု အနေဖြင့် ထည့်သွင်းထားပါသည်။

ကိုရီးယားနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်ဝန်ဆောင်မှုများ အောင်မြင်ရခြင်းနှင့် စပ်လျဉ်း၍တင်ပြရလျှင် ကိုးရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင်UN စစ်တမ်းများအရ e-Government ဖွံ့ဖြိုးတိုးတက်မှု နံပါတ်(၁)နေရာကို ယူထားခြင်း၊ e-Governmen t ဆိုင်ရာဥပဒေများ ခိုင်မာစွာတည်ရှိခြင်း၊ လက်ရှိအချိန်တွင် e-Government ပုံစံနောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီး Smart Government သို့ ဦးတည်ချီတက်လျက်ရှိ ခြင်း e-Government ဝန်ဆောင်မှုများ (ဥပမာ-e-Custom, e-Patents, e-Procurement, online Civil Sevice) အထူးကောင်းမွန်ခြင်း၊ICTအခြေခံအဆောက်အအုံများ ကောင်းမွန်ပြည့်စုံခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ထိရောက်သည့် အစိုးရအဖြစ်ရပ်တည်နေခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ ထိရောက်မှုရှိခြင်း စသည့် အကျိုးရလဒ်များကြောင့်ပင် ဖြစ်သည်။

သို့ပါ၍ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက်များစွာ ကူညီထောက်ပံ့ပေးနိုင်မည့်မကြာမီပေါက်ဖွား ရှင်သန်လာမည့် မြန်မာနိုင်ငံဥပဒေရေးရာ သတင်းအချက်ဝန်ဆောင်မှုစနစ်ကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းရေးသားလိုက်ရပါသည်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
# ဖွံ့ဖြိုးတိုးတက်မှုအတုယူစရာ
# အတွေ့အကြုံများ

ညောင်တိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့ အထိ ကျင်းပခဲ့သည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံဆိုင်ရာ ဆွေးနွေးပွဲသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ အခြေအနေများပေါ် မူတည်ကာ ကိုယ်ပိုင်ဟန် အနေအထားများဖြင့် ဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံအသီးသီး အချင်းချင်း ချစ်ခြင်းရင်းနှီးမှုဖလှယ် ရရှိစေရန် ရည်ရွယ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ မိမိတက်ရောက် ခဲ့သည့် ၄င်းအစည်းအဝေးမှ လေ့လာသိရှိခဲ့သည့် ဗဟုသုတအကြောင်းအရာများစွာ ထဲမှ အနည်းငယ်ကို ကောက်နှုတ်၍ အတုယူစရာ အတွေ့အကြုံများအဖြစ်ရေးသား တင်ပြခြင်း ဖြစ်ပါသည်။

**နိုင်ငံရေးစနစ်**

နိုင်ငံရေးစနစ်မှာ အုပ်ချုပ်မှုနှင့်မူဝါဒချမှတ် ခြင်းများအပေါ် နိုင်ငံ့ခေါင်း ဆောင်များ၏ နိုင်ငံရေး အယူအဆ၊ အတွေးအခေါ်၊ သဘောထားများနှင့် မဟာဗျူဟာ များကို ပါတီစနစ်၊ တစ်မျိုးသားလုံးဆိုင်ရာ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော် ကောင်စီ၊ လူမျိုးအနည်းစုအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်အထူး စီမံအုပ်ချုပ်ခွင့်ရ ဒေသစသည့် အပိုင်း(၅) ပိုင်းဖြင့် လေ့လာသိရှိနိုင်ပါသည်။

ပါတီစနစ်တွင် CCP နှင့် ဒီမိုကရက်တစ်ပါတီ(၈) ခုရှိပါသည်။ ၎င်းပါတီများသည် အဓိက အားဖြင့် ပညာရေးနှင့် စီးပွားရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူတိုင်းအားလုံးဝင်ငွေရရှိတိုးတက်ရေး အတွက် ပြည်သူကိုအကျိုးပြုသော ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခြင်း၊ အထူးလေ့ကျင့်သင်ကြားပေးထားသော စီမံခန့်ခွဲမှုများဖြင့် ဖွဲ့စည်းခြင်းနှင့် ပင်ကိုစွမ်းရည်ရှိသူ၊ လုပ်ကိုင်ဆောင်ရွက်နိုင်သူများဖြင့် ဖွဲ့စည်းခြင်း စသည့် အဓိကလုပ်ငန်း(၃)ခုကို အခြေခံ၍ ပညာရေးကဏ္ဍ၊ အိမ်ရာကဏ္ဍနှင့် ကျန်းမာရေး စောင့်ရှောက်မှု စနစ်များကို စနစ်တကျ ဆောင်ရွက်ပါသည်။

တစ်မျိုးသားလုံးဆိုင်ရာ ပြည်သူ့ လွှတ်တော်သည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အကျိုးသက်ရောက်မှုရှိစေသည့် ဥပဒေ၊ အမိန့်စသည်တို့ကို ပြဋ္ဌာန်းပြီး ဥပဒေထုတ်ပြန်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို ပြင်ဆင်ထုတ်ပြန်ပါသည်။ တစ်ခါတစ်ရံတွင် ပါတီအဖွဲ့အစည်းများကိုလည်း ကြီးကြပ်ခြင်းနှင့် တင်းကြပ်ခြင်းများကိုလည်း ပြုလုပ်ပါသည်။ တစ်မျိုးသားလုံး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုတို့အတွက် ဒေသဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းနှင့် စီမံကိန်းများအတွက် သဘောတူညီချက်များ၊ ထုတ်ပြန်ခြင်းများကိုလည်း ဆောင်ရွက်ရပါသည်။ ထို့ပြင် နိုင်ငံရေးခေါင်းဆောင်၊ အစိုးရအရာရှိကြီး များစသည်တို့ကို တရားဝင်တရားစွပ်စွဲပြစ်တင်မှုဆိုင်ရာ တရားစီရင်ရေးအာဏာပိုင်အနေဖြင့်လည်း ဆောင်ရွက်ရပါသည်။

ဒေသဆိုင်ရာ ပြည်သူ့လွှတ်တော်သည် ၎င်းလွှတ်တော်ကိစ္စရပ်များကို တစ်နိုင်ငံလုံးအဆင့်၊ ပြည်နယ်ဒေသအဆင့်၊ မြို့တော်အဆင့်နှင့် မြို့နယ်အဆင့်ဆင့်အလိုက် ဆောင်ရွက်ပါသည်။ ရွေးကောက်ပွဲ အတွက် မဲပေးရွေးချယ်ရာတွင် ပြည်နယ်ဒေသအဆင့်မှ တစ်နိုင်ငံလုံးအဆင့်ပြည်သူ့လွှတ်တော်သို့လည်းကောင်း၊ မြို့တော်အဆင့်မှ ပြည်နယ်ဒေသအဆင့် ပြည်သူ့လွှတ်တော်သို့လည်းကောင်း၊ မြို့နယ် အဆင့်မှမြို့တော်အဆင့် ပြည်သူ့လွှတ်တော်သို့ လည်းကောင်း ရေတွက်၍ ရွေးချယ်တင်မြှောက် ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရရှိပြီး ဗဟိုအစိုးရကို နိုင်ငံတော်ကောင်စီမှ တိုက်ရိုက်စီမံအုပ်ချုပ်၍ ဒေသဆိုင်ရာ အစိုးရကို အဆင့်(၄)ဆင့်ဖြင့် တိုကရိုက် စီမံအုပ်ချုပ် လျက်ရှိပါသည်။ ၎င်းတို့မှာ ပြည်နယ် (၃၂)ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု၊ ဒေသန္တရ အုပ်ချုပ်မှုစနစ်အောက်တွင်ရှိသော မြို့တော်(၄)မြို့၊ အထူးစီမံအုပ်ချုပ်ခွင့်ရဒေသ (၁)ခု တို့ဖြစ်ပါသည်။ ထိုသို့အုပ်ချုပ်ရာတွင် အဓိကတာဝန်များမှာ မေခရိုစီးပွားရေးအဆင့်နှင့် စီးပွားရေးကို ညှိနှိုင်းဆောင်ရွက်ရန်၊ ဈေးကွက်ကို ကြီးကြပ်ဆောင်ရွက်ရန်၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို စီမံကွပ်ကဲရန်နှင့် ပြည်သူ့ဝန်ဆောင်မှုများကို စီမံခန့်ခွဲထောက်ပံ့ပေးရန်တို့ဖြစ်ပါသည်။

လူမျိုးအနည်းစုအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ဥပဒေကို ကိုင်တွယ်ဆောင်ရွက်ရန်၊ ၎င်းဧရိယာဒေသရှိ လူမျိုးများ၏ အခွင့်အရေးနှင့် အမှန်တရားကို လွတ်လပ်စွာ စီမံခန့်ခွဲခြင်း၊ ဒေသရှိလူမျိုးများ ပျော်ရွှင်မှုရရှိစေခြင်း စသည်တို့ကို ၎င်းတို့အစိုးရမှ ချမှတ်ရန်၊ ဒေသတွင်း ဘာသာစကားကို မိမိတို့လူမျိုးဘာသာ စကားကို ရေးသားသုံးနှုန်းပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ပြီး ရိုသေကိုင်းရှိုင်း အလေးထားရန်၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုသွင်းအားစုများ ဒေသအတွင်း ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ဒေသအတွင်း ဆင်းရဲနွမ်းပါးသော လူမျိုးစုများအတွင်း ထောက်ပံ့မှုကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးရန်၊ ဒေသအတွင်း ထုတ်လုပ်ခြင်းနှင့် နေထိုင်မှုတို့အတွက် လိုအပ်သော လူနည်းစုများကို အထူးဂရုစိုက်ပေးရန်၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာလျှင် ထောက်ပံ့ ပံ့ပိုးမှုများကို ရပ်ဆိုင်းရန် စသည်တို့ကို အထူး အလေးထား စီမံအုပ်ချုပ်လျက်ရှိပါသည်။

အထူးစီမံအုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟောင်ကောင်သည် ပြည်ပရေးရာကိစ္စ၊ ကာကွယ်ရေးနှင့် တပ်မတော်ရေးရာ ကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်

လျက်ရှိပါသည်။ အစိုးရအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုဝင်ရောက်စွက်ဖက်မှုမရှိသော်လည်း အရေးပေါ် အချိန်တွင် နိုင်ငံတော်၏ သဘာဝ အရင်းအမြစ်ကိစ္စရပ်များတွင်သာ ပါဝင်လျက်ရှိပါသည်။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အခွင့်အလမ်း ပွင့်လင်းလာမှု

အဓိကအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲခြင်းနှင့် လမ်းပွင့်ခြင်း၊ လူမှုရေးဆိုင်ရာ တဖြည်းဖြည်း ပြောင်းလဲတိုးတက်မှု၊ အောင်မြင်မှုနှင့် အခြားသော စိန်ခေါ်မှုဆိုင်ရာ ပြဿနာရပ်များကို လေ့လာရာတွင် စီးပွားရေးအနေဖြင့် ယခင်က စီမံကိန်းချသည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲနိုင်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ပြည်တွင်းစစ်ကို ကြုံတွေ့ခဲ့ရပါသည်။ ၁၉၄၉ ခုနှစ်တွင် အကြီးမားဆုံးသော ပြဿနာ ဖြစ်သည့် ရောင်းလိုအားပြတ်လပ်မှု (Supply Shortage) ဖြင့် ကြုံတွေ့ခဲ့ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်ဖြစ်သည့် မော်စီတုန်းသည် ၁၉၄၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ၎င်းသည် ပြည်သူအားလုံး တန်းတူခွဲဝေရရှိနိုင်ရေးအတွက် စီမံကိန်းချသည့် စီးပွားရေးစနစ်ဖြင့် ပြည်သူများအား ခွဲဝေပေးသည့်စနစ်ကို ကျင့်သုံးခဲ့ ပါ သည်။ ၁၉၆၅ ခုနှစ်တွင် ပြည်သူများကိုခွဲဝေပေးရာတွင် ဆန်၊ အဝတ်အစား စသည်တို့ကို လက်မှတ် တိုကင် များဖြင့် ခွဲဝေပေးခဲ့ပါသည်။

သို့ပါသောကြောင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် ရောင်းလိုအား ပြတ်လပ်မှု (Supply Shortage) ကို အဓိကအာရုံစိုက်ပြီး ပိုမိုထုတ်လုပ်နိုင်ရန် စီးပွားရေးမူဝါဒများဖြင့် ဈေးကွက်ဝယ်လိုအား၏ ဈေးကွက်အားသာချက်များကို ရှာဖွေဆောင်ရွက် လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပုံစံ အမျိုးမျိုးဖြင့် နည်းပညာများဆန်းသစ်တီထွင်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သည့်အပြင် ပြည်သူ ပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်ကဏ္ဍသို့ ပြောင်းလဲနိုင်ခဲ့ပါသည်။ ထို့ပြင်မြို့ပြနှင့် ကျေးလက်ဒေသအကြားတွင် လူမှုရေး စောင့်ရှောက်မှုရရှိမှုသည် ကွာဟမှုရှိသော်လည်း အစိုးရ အနေဖြင့် ဒေသအကြား ကွာဟမှုမရှိသည့် လူမှုရေး လုံခြုံမှုစနစ်ကို ပြည်သူများ အားလုံး ပျော်ရွှင်မှုရရှိစေပြီး လွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။



စီးပွားရေးတံခါးလမ်းဖွင့်ခြင်းမူဝါဒကို အဓိကအားဖြင့် သွင်းကုန်နှင့် ပို့ကုန်တိုးမြှင့်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်နှင့် အထူးစီးပွားရေးဇုန်များ တည်ထောင်ရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

## ငါးနှစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆွဲခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်း သမိုင်းကြောင်းကို လေ့လာရာတွင် လက်ရှိ(၅)နှစ် စီမံကိန်း သည် (၁၃) ကြိမ်မြောက်ဖြစ်သည့်အတွက် အရှည်ဆုံးသော စီမံကိန်းများဖြစ်ပြီး ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း အဆင့် (၃) ဆင့်ဖြင့် အဓိက ပြုပြင်ပြောင်းလဲခဲ့သည်ကို သိရှိရပါသည်။ ပထမအဆင့် အနေဖြင့် သဘာဝ ပတ်ဝန်းကျင်အတွက် စီးပွားရေးစီမံကိန်း ကာလတို (၅) နှစ် စီမံကိန်းအဖြစ် လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများအပြင် လူမှုရေးနှင့် ဈေးကွက် စီးပွားရေးကို အလေးထားသည့် စီမံကိန်းများအဖြစ်လည်းကောင်း၊ တတိယအဆင့် အနေဖြင့် လူမှုရေး ဆိုင်ရာ ဈေးကွက်ကို အကောင်အထည်ဖော်သည့် စီမံကိန်းအဖြစ်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပထမအကြိမ်မြောက်(၅)နှစ်စီမံကိန်းကို ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ် အတွင်း စီမံချက်ပေါင်း ၁၅၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်း စီမံချက်များသည် အခြေခံအားဖြင့် စက်မှုလုပ်ငန်း စနစ်များဖြစ်ပါသည်။

ဒုတိယအကြိမ်မြောက် (၅) နှစ်စီမံကိန်းသည် အခွန်ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ စီးပွားရေးစီမံကိန်း ကာလအတွင်း စီမံကိန်း ဒီဇိုင်းအားလုံးကို စိစစ်သုံးသပ်ပေးခြင်း စသည်ဖြင့် တင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပါ သည်။

၁၉၈၀ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အမျိုးသား စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တနည်းအားဖြင့် ၎င်းသည် (၅)နှစ် မဟာ စီမံကိန်းဖြစ်ပြီး ဆယ်စုနှစ်ကော်မတီသို့ (၅)နှစ်စီမံကိန်းများကို အကြမ်း တင်သွင်းခဲ့ရပါသည်။ (၅) နှစ် စီမံကိန်းဒီဇိုင်းသည် တုံ့ပြန်ဆောင်ရွက်မှုများအတွက် အလွန်အရေးကြီးပြီး တစ်မျိုးသားလုံးဆိုင်ရာ ပြည်သူ့ ညီလာခံသို့လည်း တင်ပြရပါသည်။ စီးပွားရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှု ကာလအတွင်း လူမှုရေးလွှမ်းမိုးမှုများ ကြုံတွေ့ခဲ့ရသော်လည်း စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုး တိုးတက်မှုသည် တိုးတက်လာခဲ့ ပါသည်။

လက်ရှိ(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်းချမှတ်ရန် အတွက် ပြီးခဲ့သည့် (၁၂)ကြိမ်မြောက် (၅)နှစ်စီမံကိန်းအပေါ် လေ့လာသုံးသပ်ပြီးမှ စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း (GDP) ကို လေ့လာရာတွင် ၁၀% မှ ၇ % အထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး ဝယ်လိုအားနည်းခြင်း၊ ပြည်တွင်းတွင် ကုန်ပစ္စည်း ရှားပါးခြင်း၊ ကုန်ပစ္စည်း ပြတ်လပ်ခြင်း အကျိုးဆက်ကြောင့် ဝယ်လိုအားကို ထိခိုက်ခြင်းစသည်တို့အပေါ် သုံးသပ်ချက်များအရ အနာဂတ်ရောင်းလို အားအတွက် လုပ်သားအင်အားကို အသုံးပြု၍ ပြောင်းလဲမည်ဖြစ်ပါကြောင်း သိရှိခဲ့ရပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း လုပ်သားအင်အားပြောင်းလဲခြင်းကို လေ့လာရာတွင် အလုပ် လုပ်ကိုင်သည့်သူများ၏ အသက်သည် (၁၈)နှစ်အရွယ်သည် ၁၉သန်းရှိပါသည်။ ပြောင်းရွှေ့လုပ်သားများမှာ ၂၄၇ သန်းရှိပြီး အများစုမှာ စက်ရုံများတွင် လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ကုန်ထုတ် လုပ်ခြင်းကဏ္ဍဘက်တွင် ကျဆင်းလာလျက်ရှိသည်ကို တွေ့ရသည်မှာ လုပ်သားလူဦးရေ ပြောင်းလဲခြင်း ကြောင့် GDP တွင်ပါဝင်သည့် ဝန်ဆောင်မှုကဏ္ဍသည် ၂၀၁၅ ခုနှစ်၌ စုစုပေါင်း၏ ၅၀% သာရှိပါသည်။

ကမ္ဘာ့တစ်ဝန်းရှိသတ်မှတ်ထားသော စုစုပေါင်း တိုင်းပြည်ဝင်ငွေ (GNI) မှာ ၁၀၄၅ အမေရိကန် ဒေါ်လာရှိလျှင်ဝင်ငွေအနည်းဆုံးအဆင့် တိုင်းပြည်များအဖြစ်လည်းကောင်း၊ ၄၁၂၅ အမေရိကန်ဒေါ်လာ ရှိလျှင် ဝင်ငွေ အလယ်အလတ်အဆင့် တိုင်းပြည်များအဖြစ်လည်းကောင်း၊ ၁၂၇၃၅ အမေရိကန်ဒေါ်လာ ရှိလျှင် ဝင်ငွေ အမြင့်ဆုံးအဆင့် တိုင်းပြည်များအဖြစ်လည်းကောင်း အသီးသီးခွဲခြားထားပါသည်။ ၂၀၁၄ ခုနှစ်စာရင်းအရ အသားတင်နိုင်ငံခြား ကုန်သွယ်မှုမှာ တစ်လထက်တစ်လ အားနည်းပြီး ကျဆင်းခဲ့သော်လည်း Foreign Direct Investment (FDI) အနေဖြင့် ဝင်ရောက် လာမှုများပြားလာသကဲ့သို့ Outward Direct Investment (ODI) တိုးတက်မှုနှုန်းမှာ (၅)နှစ်ကာလအတွင်း ၃၀. ၁% ထိ လျှင်မြန်စွာ တိုးတက်လာခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် စုစုပေါင်း တိုင်းပြည်ဝင်ငွေ (GNI) သည် ဝင်ငွေ အလယ် အလတ်အဆင့်တိုင်းပြည်များတွင် ပါဝင်သောကြောင့် ၂၀၂၀ ခုနှစ်တွင် ဝင်ငွေအမြင့်ဆုံးအဆင့် တိုင်းပြည်ဖြစ် လာနိုင်ရန် အတွက် ရည်မှန်းထားလျက်ရှိပါသည်။ ဝင်ငွေ အလယ်အလတ်အဆင့် တိုင်းပြည်များကို လေ့လာသုံးသပ်ရာ တွင် အချို့တိုင်းပြည်များသည် နည်းပညာနှင့် ဆန်းသစ်တီထွင်ဖန်တီးမှု အားနည်းခြင်းများကို ရင်ဆိုင်တွေ့နေရခြင်းကြောင့်ဖြစ်ပါသည်။ ဥပမာအနေဖြင့် ဂျပန်နိုင်ငံနှင့် တောင်ကိုးရီးယားနိုင်ငံတို့သည် နည်းပညာပိုင်းဆိုင်ရာ မြန်ဆန်မှုနှင့် မူရင်းဆန်းသစ်တီထွင်နိုင်မှုတို့ကြောင့် ဝင်ငွေအမြင့်ဆုံး အဆင့်တိုင်းပြည်များတွင် ပါဝင်

ကြခြင်းဖြစ်ပါသည်။ အချို့တိုင်းပြည်များ အနေဖြင့် မိမိတို့ တိုင်းပြည်၏ အစကနဦး အရင်းအမြစ်များကို တီထွင်ဆန်းသစ် ဖန်းတီးမှုများဖြင့် ပြုပြင်ပြောင်း လဲရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသော်လည်း အချို့မှာမူ စီးပွားရေးမူဝါဒအားနည်းခြင်းများကြောင့် စီးပွာရေး အကျပ်အတည်းဖြင့် ကြုံတွေ့နေရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးကို အဓိကအားဖြင့် ကုန်သွယ်မှုဆိုင်ရာဆက်သွယ် ဆောင်ရွက်မှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အဓိကစိတ်ဝင်စား အာရုံစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ နှစ်စာရင်းအရ ကုန်သွယ်မှုမှာ ၁၃. ၉% ရှိပြီး ကုန်သွယ်မှုတွင် ကုန်စည်ပါဝင်မှုမှာ ၃၀% ပါဝင်ကြောင်း သိရှိရပါသည်။ ၂၀၂၀ ခုနှစ်တွင် ဝန်ဆောင်မှုဆိုင်ရာ ကုန်စည်စားသုံးမှုကို ၁၃. ၁% ထိ ခန့်မှန်းထားပါသည်။

ယခု (၁၃)ကြိမ်မြောက် (၅)နှစ်စီမံကိန်းသည် စိုက်ပျိုးရေးကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ အင်တာနက်ကဏ္ဍ (5G)၊ ရောင်းလိုအားဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကဏ္ဍ၊ One Belt One Road ၊ မြို့နယ်အဆင့်အလိုက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် လူမှုစောင့်ရှောက်ရေးကဏ္ဍစသည့် အဓိကလုပ်ငန်း (၁၀) ခုတို့ကို တီထွင်ဆန်းသစ် ဖန်တီးခြင်းဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ် အတွင်း ပြီးမြောက်အောင်မြင်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

GDP တစ်ဦးကျဝင်ငွေကို ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ယေဘုယျအားဖြင့် ၆% ရရှိရန်ဖြစ်ပါသည်။ ဝင်ငွေပိုမိုရရှိရန်အတွက် မြို့ပြသို့ ပြောင်းရွှေ့လုပ်ကိုင်သည့်လုပ်သားများစွာရှိပါသည်။ ၎င်းပြောင်းရွှေ့လုပ်သားများသည် မြို့ပြတွင် အိမ်ထောင်စုမှတ်ပုံတင်ထားခြင်း မရှိပါ။ ၂၀၁၅ ခုနှစ်တွင် ပုံမှန်အားဖြင့် မြို့ပြတွင်နေထိုင်သည့် လူဦးရေမှာ ၆၆. ၁% ဖြစ်ပါသည်။ မြို့ပြအိမ်ထောင်စု မှတ်ပုံတင်ခြင်းကို ၂၀၂၀ ခုနှစ်တွင် မြို့ပြနေထိုင်မှုနှုန်း ၄၅% ဖြစ်ရန်ရည်မှန်းထားပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များအနေဖြင့် အပင်/သတ္တဝါတို့နှင့် ပတ်ဝန်းကျင်ဆက်နွယ်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စာရင်းများအရ တစ်နိုင်ငံလုံးဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရောက်ရှိသည့် ကျေးလက်ဒေသရှိလူဦးရေမှာ ၃၀. ၅၆ သန်းပေါင်းဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် မြို့ပြနှင့် ကျေးလက်နေထိုင်သူအားလုံး စီးပွားရေးတိုးတက်မှုနှုန်းမြင့်တက်လာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုအောင်မြင်မှုရရှိရန် ရည်မှန်းထားပါသည်။

စီးပွားရေးလက္ခဏာရပ်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ မျှော်မှန်းချက်၊ ကမ္ဘာလုံးဆိုင်ရာ မျှော်မှန်းချက်နှင့် လုံခြုံစိတ်ချမှုအသစ်ဖြစ်စေပေခြင်းတို့ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါသည်။ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဆင့်သို့ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေး တိုးတက်မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာ့အဓိကနေရာတွင် ပါဝင်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စက်မှုလုပ်ငန်းဆိုင်ရာကုန်ထုတ်လုပ်မှုများ ပေါ်ထွက်လာသဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်လုပ်မှုဆိုင်ရာ ပမာဏကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ နည်းပညာအသစ်အနေဖြင့် ကွန်ပျူတာ၊ စက်ရုံသုံး စက်ရုပ်များကို ဆန်းသစ် တီထွင်ဖန်တီးလျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံခြားကုန်သွယ်မှုမှာ ကမ္ဘာတွင် အကြီးမားဆုံးဖြစ်ပါသည်။ ပုံမှန်ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းစသည့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် အခြားတိုင်းပြည်များသို့ လိုအပ်သော ကုန်ထုတ်လုပ်မှုများကို နည်းလမ်း (၂) သွယ်ဖြင့် ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းခဲ့ပါသည်။ အဓိကအားဖြင့်

အခြားနိုင်ငံများ၏ ပညာရေးနှင့် ဘဏ္ဍာရေး ကဏ္ဍဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများအတွက် လိုအပ်လျက်ရှိသော သိပ္ပံနှင့်နည်းပညာ နှင့်စပ်လျဉ်းသည့် ကုန်သွယ်သည့်နည်းလမ်းဖြင့် လည်းကောင်း၊ အခြားနိုင်ငံ၏စီးပွားရေး လုပ်ငန်းများအတွက် ထုတ်လုပ်မှုဆိုင်ရာ ကုန်ပစ္စည်းရှားပါးပြတ်လပ်မှုများအတွက် လိုအပ်လျက် ရှိသော ကုန်ထုတ်လုပ်မှု ပမာဏနှင့်စပ်လျဉ်းသည့် ကုန်သွယ် သည့် နည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် အာရှပစိဖိတ် စီးပွားရေးကော်မရှင် (APEC) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါ သည်။

## လူမှုရေးမူဝါဒနှင့်ကျေးလက်ဒေသဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး

လူမှုရေးမူဝါဒသည် ပညာရေး၊ ကျန်းမာရေး၊ အလုပ်သမား၊ ကျားမအခွင့်အရေး၊ ဝင်ငွေညီမျှစွာ ရရှိရေးနှင့် စားသုံးမှုများ၏ ပြဿနာများ ဖြေရှင်းနိုင်ရန်၊ ပြည်သူများအားလုံး တူညီသော ဝယ်လိုအား ရရှိရန် ရည်ရွယ်၍ နည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ စသည့် မူဘောင်များဖြင့် အစိုးရမှ ပြည်သူတို့၏ လူနေမှုအဆင့်အတန်းများအတွက် အခြေခံ လှုပ်ရှားဆောင်ရွက်ရမည့် လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရန် လူမှုရေးမူဝါဒများကို ချမှတ်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများကို အတွေ့အကြုံယူကာ ယင်းပြဿနာရပ် များကို အကောင်းဆုံးဖြေရှင်းနိုင်ရန် အစိုးရမှ ကောင်းမွန်သည့် လူမှုရေးမူဝါဒများကို ချမှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

လူမှုရေးအစီအစဉ် အမျိုးအစားများကို အခြေခံအားဖြင့် အတန်းအစားခွဲခြားရာတွင် ဝင်ငွေရရှိရန် စောင့်ရှောက်ဆောင်ရွက်ပေးခြင်း၊ အရည်အသွေးပြည့်မီသော စံသတ်မှတ်ချက်များဖြင့် အလုပ်အကိုင်များ၊ ကျောင်းဝင်ခွင့်များကို ဦးစားပေးဆောင်ရွက်ပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဗဟို အစိုးရ၊ ဒေသဆိုင်ရာအစိုးရနှင့် တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ပေးခြင်း စသည်တို့ ဖြစ်ပါသည်။ အချို့သော လူမှုရေး အစီအစဉ်များသည် ဆင်းရဲသူများ၊ မသန်စွမ်း သူများနှင့်



အမျိုးသမီးများတို့အတွက် လစာ၊ အာမခံငွေကြေးနှင့် အခြားသော ဘဏ္ဍာရေးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးကို အစိုးရမှ ကူညီ ထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လူမှုရေးမူဝါဒသည် (၁) အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးပေးခြင်းနှင့် လူမှုကာကွယ် စောင့်ရှောက်ပေးခြင်း၊ (၂) ပင်စင်စားဝန်ထမ်းများ၏ လူမှုရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်း၊ (၃) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပေးခြင်း၊ (၄) အိမ်ရာအဆောက်အဦဆိုင်ရာ လူမှုကိစ္စရပ်များ ကို ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် (၅) မိသားစုများအလိုက် အစိုးရထောက်ပံ့ကြေးပေးခြင်းစသည့် နယ်ပယ် (၅) ခု အဓိကအားဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဓိက လူမှုရေးမူဝါဒများသည် အောက်ပါအကြောင်းအရာ (၇) ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(၁) အလုပ်လက်မဲ့များအား အာမခံကြေးပေးခြင်းနှင့် လူမှုရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် လုပ်ငန်းခွင်များတွင် ထိခိုက်ဒဏ်ရာရသူများအား လျော်ကြေးပေးခြင်း၊

(၂) မြို့ပြလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်နှင့် ကျေးလက်ဒေသဆိုင်ရာ လူမှုရေးအာမခံကြေးပေးသည့်အစီအစဉ်သစ်နှင့် ပင်စင်ရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ (၃)
မြို့ပြဆေးကုသမှုနှင့်ဆိုင်သော ဆောင်ရွက်ပေးသည့်စနစ်နှင့် ကျေးလက်ဒေသဆိုင်ရာ ဆေးကုသမှုနှင့်ဆိုင်သော ပူးပေါင်းဆောင်ရွက်မှုစနစ်သစ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ဆောင်ရွက်ပေးခြင်း၊

(၄) ရန်ပုံငွေထောက်ပံ့ပေးခြင်းစနစ်နှင့် အကျိုးသင့်အကြောင်းသင့်ဖြစ်နိုင်သော အပေါင်စာချုပ်(အိမ်ရာအဆောက်အဦ) များ ဆောင်ရွက်ပေးခြင်း၊

(၅) မိဘများ/မိခင်များ ထွက်ခွာသည့်စနစ်(ကလေးမှာ အနည်းဆုံး ၃လရှိပြီးမှသာ ထွက်ခွာခွင့်ပြုသည်)နှင့် မိသားစုများအလိုက် အစိုးရထောက်ပံ့ကြေးများ ဆောင်ရွက်ပေးခြင်း၊

(၆) လက်ထပ်ထိမ်းမြားခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် လူဦးရေမွေးဖွားခြင်းကို ထိန်းချုပ်သည့်စနစ် (ယခင် တစ်မိသားစုလျှင် ကလေးတစ်ယောက်နှုန်းမှ ၂၀၁၅ ခုနှစ်မှစ၍ ကလေးနှစ်ယောက်နှုန်း ခွင့်ပြုခဲ့သည်)စသည်တို့ကို ဆောင်ရွက်ပေးခြင်း၊

(၇) ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းအတွက် လူမှုစောင့်ရှောက် ကာကွယ်ရေး ညီမျှစွာ တိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးသူများဘဝမြှင့်တင်ရေးတို့ကိုဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

လူဦးရေကြီးမားများပြားခြင်းသည်လည်း ဆင်းရဲ နွမ်းပါးမှုကို အကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ နေထိုင်ရာအတွက် မြေနေရာများသည်လည်း အကန့်အသတ်ဖြင့်ရှိနေပြီး အမျိုးမျိုးသော ဆင်းရဲခြင်း မျိုးစုံကို လူအများစု ခံစားနေကြရသည်မှာ ဝင်ငွေရရှိမှုပြဿနာသည် အကြီးမားဆုံးသော စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ ၁၉၈၀ ခုနှစ်တွင် ပွင့်လင်းမြင်သာသည့် မူဝါဒများဖြင့် ဝန်ဆောင်မှု ပြဿနာများကို အထူးပြည်နယ်ကောင်စီမှ ကိုင်တွယ်ဖြေရှင်းခဲ့ပြီး အချို့သောနေရာများတွင် ခက်ခဲမှုများရှိခဲ့ပါသည်။ အချို့ဆင်းရဲသောသူများသည် ဝင်ငွေရရှိရန် ဆောင်ရွက်ပေးသော်လည်း ပျင်းရိသည့်အပြင် အရည်အသွေးမရှိခြင်းများ ဖြစ်ကြသည့်အတွက် ၎င်းမူဝါဒများဖြင့် အလုပ်ကြိုးစား လုပ်ကိုင်ချင်လာအောင် အားပေးဆောင်ရွက်ခဲ့ရမှုများ ရှိခဲ့ပါသည်။

ကျေးလက်ဒေသဆိုင်ရာ လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်သည် အဓိကအားဖြင့် (၁) ကျောင်းအားလုံးတွင် ၉ နှစ်အရွယ်ကလေးများ အခမဲ့မဖြစ်မနေ ကျောင်းနေရန်၊ (၂) ကျောင်းအားလုံး တွင် စာမေးပွဲကြေးကင်းလွတ်ခွင့်ပြုရန်နှင့် (၃) ဆင်းရဲသည့် မိသားစုမှ ကလေးငယ်များအတွက် အထောက်အပံ့ပေးရန်တို့ ဖြစ်ပါသည်။ ၎င်းအချက် (၃) ချက်ထဲမှ အချက်(၂) နှင့် (၃) တို့ သည် ကျေးလက်ဒေသရှိ နေထိုင်သူများအတွက်သာ သတ်မှတ်ထားသော မူဝါဒများဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကျေးလက်ဒေသများသည် မြို့ပြနှင့် ယှဉ်လျှင် ဝင်ငွေကွာဟမှု၊ အခွင့်အရေးကွာဟမှုနှင့်



လူမှုရေး ကွာဟမှုတို့ကြောင့်ဖြစ်ပါသည်။ သို့သော်လည်း လာမည့် ၂၀၁၇ ခုနှစ်တွင် ကျေးလက်နှင့် မြို့ပြရှိ ဆင်းရဲနွမ်းပါးသည့် သူများအားလုံးကို ၎င်းအစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဆိုင်ရာ ဆေးကုသမှုနှင့် ဆိုင်သော ပူးပေါင်းဆောင်ရွက်မှုစနစ်သစ်များကို ဗဟိုအစိုးရ၊ ဒေသဆိုင်ရာအစိုးရနှင့် တစ်ဦးတစ်ယောက်ချင်းစီမှ စေတနာအလျောက်/ ဆန္ဒ အလျောက် အခြေခံကာ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၎င်းစနစ်သည် အဓိကအားဖြင့် ဆင်းရဲနွမ်းပါးသူများ နာမကျန်း ဖြစ်သည့်အခါ/ အရေးပေါ် ခွဲစိတ်ကုသရမည့်အခါ ကူညီစောင့်ရှောက်မှု ပေးခြင်းဖြစ်ပါသည်။

၂၀၁၆ ခုနှစ်စာရင်းအရ ပြင်ပလူနာ စရိတ်မျှခံခြင်းနှုန်းမှာ ကျေးလက်ဆေးခန်းများတွင် ၆၀%၊ မြို့နယ်ဆေးရုံများတွင် ၄၀%၊ အဆင့်(၂)ရှိသော ဆေးရုံများတွင် ၃၀%၊ အဆင့် (၃) ရှိသော ဆေးရုံများတွင် ၂၀%နှင့် မြို့နယ်အဆင့်ပူးပေါင်းဆောင်ရွက်သည့်ဆေးရုံများတွင် လူဦးရေ၅၀၀၀ အောက်ရှိပါသည်။ အတွင်းလူနာ စရိတ်မျှခံခြင်းနှုန်းမှာ စမ်းသပ်ခကို ယွမ် ၂၀၀ နှင့်အောက်ကို ကျခံခြင်း၊ ခွဲစိတ်ကုသခြင်းကို ယွမ် ၁၀၀၀ နှင့်အောက်ကို ကျခံခြင်း၊ အသက် ၆၀ နှစ်အထက်ရှိသော လူနာများအတွက် သူနာပြုစောင့်ရှောက်ခနှင့် ကုသခသည် တစ်နေ့လျှင် ယွမ် ၁၀ ဖြစ်သော်လည်း စုစုပေါင်းကုန်ကျ စရိတ်အနေဖြင့် ယွမ် ၂၀၀ ထက်မပိုရပဲ ကျခံပေးခြင်းနှင့် အတွင်းလူနာနှုန်းများမှာ မြို့နယ်ဆေးရုံများတွင် ၆၀%၊ အဆင့်(၂) ဆေးရုံများတွင် ၄၀% နှင့် အဆင့် (၃) ဆေးရုံတွင် (၃၀%) တို့ဖြစ်ကြပါသည်။

ကျေးလက်ဒေသရှိ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ထောက်ပံ့ပေးသည့် မူဝါဒသည် အောက်ပါအချက်(၁၁) ချက်ကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(၁) စိုက်ပျိုးမျိုးစေ့အတွက် တိုက်ရိုက် ထောက်ပံ့မှုပေးခြင်း၊

(၂) ထုတ်ကုန်ပစ္စည်းများအတွက် ပြီးပြည့်စုံစွာ ထောက်ပံ့မှုပေးခြင်း၊

(၃) တိုင်းပြည်အလိုက်၊ ဒေသအလိုက်၊ ပြည်နယ်အလိုက်ရှိသော အမျိုးမျိုးကွဲပြားလျက်ရှိသော သီးနှံမျိုးစေ့ မျိုးစပ်မျိုးပွားမှုများ တိုးတက်ရရှိစေရန်အတွက် ထောက်ပံ့မှုပေးခြင်း၊

(၄) စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်များ ဝယ်ယူရန်အတွက် ထောက်ပံ့မှုပေးခြင်း၊

(၅) ဂျုံ၊ ပြောင်းနှင့် စပါးစသော အဓိက မျိုးစေ့များ ဒေသအလိုက်ထုတ်လုပ်နိုင်ရန် အနည်းဆုံးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန်အတွက် ထောက်ပံ့မှုပေးခြင်း၊

(၆) စားသုံးရန်သင့်လျော်သော ဆီနှင့် အခြားသော အဓိကမျိုးစေ့များကို အခြားတိုင်းပြည်များသို့ တင်ပို့နိုင်ရန်အတွက် ထောက်ပံ့မှုပေးခြင်း၊

(၇) ဝက်မွေးမြူရေးကို တိုးမြှင့်စေရန်အတွက် ထောက်ပံ့မှုပေးခြင်း၊

(၈) စိုက်ပျိုးမြေများ ထွန်ယက်ခြင်းနှင့် ထိန်းသိမ်းခြင်းများကို နည်းပညာအကူအညီဖြင့် ထောက်ပံ့မှုပေးခြင်း၊

(၉) မြေယာပြုပြင်ပြောင်းလဲခြင်းနှင့် စမ်းသပ်ခြင်းများအတွက် ထောက်ပံ့မှုပေးခြင်း၊

(၁၀) ဆောက်လုပ်ရေးနယ်မြေများကို ခေတ်မီစိုက်ပျိုးရေးကဏ္ဍဖြစ်စေရန် ထောက်ပံ့မှုပေးခြင်း၊

(၁၁) စိုက်ပျိုးရေးထုတ်ကုန်များ အဆင့်အတန်း မြင့်စေရန်အတွက် ထောက်ပံ့မှုပေးခြင်းစသည်တို့ဖြစ်ကြပါသည်။

ရေရှည်စဉ်ဆက်မပြတ် ရှပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများအတွက် နေထိုင်မှု အခြေအနေကို မြှင့်တင်ပေးခြင်း၊ လူမှုရေးလုပ်ဆောင်ချက်များ တိုးမြှင့်ပေးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်းတို့ကို အဓိက ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရှပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများမှာ လမ်းတံတားများ၊ လျှပ်စစ်၊ ရေရရှိမှု၊ ဆည်မြောင်းများစသည်တို့ကို ဖြည်းဆည်းပေးသည့်အပြင် လူမှုရေးဝန်ဆောင်မှုများအနေဖြင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ၊ လူမှုရေး အထောက်အပံ့များ၊ ဝင်ငွေတိုးမြင့်ရရှိရန်အတွက် နည်းပညာသင်တန်းများပေးခြင်း၊ ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသည့် ပြောင်းရွှေ့လုပ်သားများကို ကယ်ဆယ်နေရာချထားပေးခြင်းဖြင့် ၄င်းတို့ဘဝမြှင့်တင်ပေးခြင်း စသည်တို့ကို အဓိကထားဆောင်ရွက်ပေးသွားရန် ရည်မှန်းထားခဲ့ခြင်း ဖြစ်ပါသည်။

## အတုယူစရာအတွေ့အကြုံများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်အတွေ့အကြုံများကို နမူနာယူကာ မိမိတို့နိုင်ငံနှင့် သင့်လျော်သော အခြေအနေများနှင့် တိကျမှန်ကန်သည့် မူဝါဒများဖြင့် ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသော စာရင်းအင်းများဖြင့် စနစ်ကျသော မဟာစီမံကိန်းများဖြင့် ပြည်သူလိုအပ်ချက်နှင့် ဒေသအလိုက်လိုအပ်ချက်များကို ဦးစားပေးကဏ္ဍ အလိုက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပြီး စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း ရလဒ်များဖြင့် ကာလအလိုက် (၅) နှစ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိသည်(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်းသည် နိုင်ငံသား အားလုံး ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အတွက် ဦးစားပေးသတ်မှတ်ထားသည့်လုပ်ဆောင်ချက် (၁၀) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လေ့လာသိရှိရသည့်အတွက် အတုယူထိုက်သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

အခြား ဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်များကို လေ့လာမည်ဆိုလျှင်လည်း မဟာစီမံကိန်းများစနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့် အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း အောင်မြင်မှုရခဲ့သည့် အတွေ့အကြုံများကို လေ့လာခဲ့ရပါသည်။ စီမံကိန်းတစ်ခု ချမှတ်မည်ဆိုလျှင် တိကျခိုင်မာပြီး အရည်အသွေးပြည့်ဝသော စာရင်းအင်းများဖြင့် ကဏ္ဍအလိုက် လိုအပ်ချက်များ၊ ပြည်နယ်အလိုက်လိုအပ်ချက် များစသည်ဖြင့် စနစ်တကျ စီမံကိန်းများချမှတ်နိုင်ခြင်းဖြင့် နိုင်ငံသည်လည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

■